
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

- တစ် -

"တီ..တီ..."

ဆင်ဝင်အောက်မှ ကားဟွန်းသံကြောင့် ဖုန်းပြောနေဆဲမှ ကိုနေမျိုးချစ် တစ်ချက် လှမ်းကြည့်သည်။

လူကို မမြင်ရသေးသော်လည်း ရှိန်ကုမ္ပဏီမှ သူဌေးလေး ကိုသက်ဝင်းရှိန်မှန်း စိတ်ကအလိုလို သိလိုက်၏။

"ဟုတ်ကဲ့..ဟုတ်ကဲ့၊ စိတ်ချပါ၊ ကျွန်တော် လာခဲ့ပါဦး မယ်ခင်ဗျာ..."

"ရှိုး..."



www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲဝင်ရောက်လာသော ကိုသက်ဝင်းရှိန်မှာ…

ကိုနေမျိုးချုပ် ဖုန်းပြောနေသည်ကို မြင်လိုက်သည်တွင် ချော မွေ့သောအပြုံးနှင့် လေတစ်ချက် ချွန်ပြလိုက်၏။

ကိုနေမျိုးချုပ်ကလည်း မိတ်ဆွေကို ထွက်မကြိုဖြစ်၍ လူက ဖုန်းပြောနေရပေမယ့်…

ကိုနေမျိုးချုပ်မှာ အကြည့်တွေနှင့်တော့ ရှိန်ကုမ္ပဏီ သူဌေး လေးအား ကြိုနေသည်ပါ။

ခဏနော် ရှိန်ဟုသဘောနှင့် မိတ်ဆွေကို သူ လက်ကာပြ ပြီး၊ တစ်ဆက်တည်း ဧည့်ခန်းထဲထိုင်ရန် ဆိုဖာသို့ သူ လက်ညှိုး ထိုး ပြသည်။

ကိုသက်ဝင်းရှိန်မှာ သဘောပေါက်၍ ခေါင်းညိတ်ပြရင်း ဧည့်ခန်းဆိုဖာတွင် ဝင်ရောက် ထိုင်နေလိုက်၏။

"ဟုတ်ကဲ့..ဟုတ်ကဲ့ခင်ဗျာ၊ ကောင်းပါပြီ၊ မပျက်မကွက် ကျွန်တော် လာခဲ့ပါ့မယ်၊ ဟုတ်ကဲ့..ဟုတ်ကဲ့…"

အလုပ်ကိစ္စနှင့် ကိုနေမျိုးချုပ် ဖုန်းပြောနေသည်ကို နေဝင်းရှိန်



လှမ်းကြည့်သည်။

ကိုနေမျိုးချုပ်သည် မည်သူနှင့်မဆို စကားပြောရာတွင် လွန်စွာမှ မွန်ရည်၍ ယဉ်ကျေးသိမ်မွေ့ သူပါ။

ကိုနေမျိုးချုပ်သည် အသားလတ်၍ အရပ်မြင့်သည်။ ခန္ဓာ ကျစ်လျစ်သည်။ တောင့်တင်းသည်။ ဖြောင့်ဖြူးသည်။

မျက်နှာကျ၊ နှုတ်ခမ်း၊ နှာတံနှင့် မျက်လုံးမျက်ဖန်တွေက ချောမောသော ယောကျ်ား ကောင်းတစ်ဦး အသွင်ဝိသလွန်းပါ၏။

ကိုနေမျိုးချုပ်တွင် အထူးခြားဆုံးက မျက်လုံးနှင့် မျက်ခုံး ပင်။

မှန်သည်။

ကိုနေမျိုးချုပ် မျက်ခုံးသည် လွန်စွာမှ စိမ်းမှောင်ထူးထဲ၏။

ထူထဲသော မျက်ခုံးတွေက အရင်းတွင်ထိဆက်၍ နေ၏။

ထိုမျက်ခုံးမျိုးကို ကြည့်ပြီး အိမ်နီးနားချင်းနှင့် ညားဟတ် သည် ဟု ပြောတတ်ကြသည်။

သို့သော်လည်း ကိုနေမျိုးချုပ်၏ အိမ်နီးနားချင်း အိမ်များ

www.burmeseclassic.com



တွင် အရွယ်ရှင်မိန်းကလေးတွေ တစ်ယောက်မှ မရှိကြသည်က ခက်၏။

ကိုနေမျိုးချစ်သည် မျက်ခုံးက ထူးခြားစွာ ကောင်းမွန် သလို မျက်လုံးအစုံသည်လည်း သာမန်ထက် ကြီးသည်ဟု ထင်ရ သည်။

ထိုမျက်ဆံသည် နက်မှောင်လွန်း၍ စူးရှတောက်ပနေ သကဲ့သို့ ရွှန်းစိုလျက်ပင် ရှိနေရချေ၏။

မဟုတ်မမှန်၊ မတရားတာတွေကို ဘယ်သောအခါမှ လုပ်ဖို့ နေသာသာ စကားနှင့်ပင် ကိုနေမျိုးချစ် မဆိုတတ်။

ငယ်ပေါင်းတွေ မဟုတ်သော်လည်း ဘာကြောင့်မှန်းမသိ။ သူတို့နှစ်ဦးသည် စတွေ့သည်နှင့် ငယ်ပေါင်းတွေလို ပေါင်းရန် ဖြစ်ကြလေ၏။

"×××××"

"ကဲ-ရှိန် ဆို၊ ဘာကိစ္စများ အရေးကြီးလာပါလိမ့်..."

ဖုန်းပြောပြီး၍ ကိုနေမျိုးချစ် လှမ်းလာလာချင်း ဆိုသံ ကြောင့်....

ကိုနေဝင်းရှိန်သည် အတွေးမှ ရပ်တန့်သွားရပြီး...





"ချစ်ရေ-မင်္ဂလာသတင်း ဗျာ..."

"ဟာ-ဟုတ်လား၊ ဆိုပါဦးဗျာ စိတ်ဝင်စားတယ်..."

မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လာရင်း ကိုနေမျိုးချစ် ဆိုသည်။

"အဟွန်း..."

ရှိန်မှရုတ်တရက် မဆိုသေးဘဲချောမွေ့သော အပြုံးနှင့် ရှုတ်ယောင်ယောင်လေး ပြုံးနေလိုက်၍...

ကိုနေမျိုးချစ်သည် ရှိန့်ဆီသို့ သူ့မျက်ဝန်းအိမ်ကျယ် အစုံနှင့် အပြုံးစွက်ကာ ကြည့်ဖြစ်လိုက်၏။

ရှိန်သည် အသားဖြူသည်။ အရပ်မောင်းကောင်းသည်။ ကိုယ်ဟန်ကျစ်လျစ်သည်။

ရုပ်ရည်အားဖြစ်လည်း မျက်ခုံး၊မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း နှင့် မျက်နှာအကျ ပြောစရာမရှိ။

မိဘနှစ်ပါး မရှိတော့သော်လည်း သူလည်း ကိုယ့်နည်းတူ ငွေရှိသည်၊ ပညာတတ်သည်၊ ရုပ်ရည်ချောသည်။

သည့်အတွက်အမျိုးသမီး တော်တော် များများ စိတ်ဝင်စား



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

သို့သော်လည်း သူနှင့်ကိုယ်သည် စိတ်ဓာတ်ချင်းတူ သည်မို့ အမျိုးသမီးများနှင့် ကင်းရှင်းကြ၏။

အလုပ်သဘောအရ အမျိုးသမီးများနှင့် ဆက်ဆံသည်မှလွဲ၍ ရှိန်သည် သိမ်မွေ့၍ တည်ငြိမ်အေးချမ်း သူရယ်ပါ။

ထို့အတွက်ကြောင့်လည်း သိုတို့နှစ်ဦးသည် အရင်းနှီးဆုံး မိတ်ဆွေများအဖြစ် ပေါင်းသင်း ဆက်ဆံနိုင်ခဲ့ကြပါချေ၏။

"ချူပ် ဘာကြည့်နေတာလဲ…"

"ရှိန်ကို စိတ်ဝင်စားနေလို့ပါ၊ ကဲ ဆက်ဆိုလေ ရှိန် အကြောင်း…"

"အဟွန်း…ကိုယ် မင်္ဂလာဆောင်တော့မယ် ချူပ်…"

"ဟုတ်လား ဖြစ်သင့်တယ်လေ…"

"စီးပွားရေးလည်း အတည်ကျပြီဆိုတော့ ဖြစ်သင့်တာပေါ့…"

"ဒါနဲ့ပြောပါဦး မဟေသီက, ဘယ်ကလဲ…"



"ချူပ်…"

"ဟင်…"

"သူက ပန်ချီဆရာမလေးပဲ…"

"ဟုတ်လား၊ နာမည်က…"

"သက်လျာရှင်းတဲ့ဗျာ…"

"သြော်…ကြားရကတည်းကကို နာမည်လေးကသိမ်မွေ့ ပြီး စိတ်ဝင်စားဖို့ ကောင်းပါတယ်…"

"လူက ပိုပြီး စိတ်ဝင်စားစရာကောင်းတယ် ချူပ်ရေ…"

"အဟွန်း…ဒါပေါ့၊ ဒီလိုပဲ ဖြစ်ရမယ်လေ…"

"ရှင်းက ပန်းချီဆရာမလေးပီပီ၊ သိပ်ကိုချောမောပြီး လှပနုနယ်တယ်ဗျာ…"

"မိဘတွေကကော…"

"ရှင်းမှာ အမေ မရှိဘူး၊ အဖေနဲ့ပဲ နေရတယ်၊ ရှင်းတို့က ဘုရားထူးခံမျိုးရိုး၊ ဒါကြောင့် သိပ်မြန်မာဆန်တယ်…"

"ပြီးတော့ ရှင်းက အနုပညာသမားပီပီ၊ သိမ်သိမ်မွေ့မွေ့

www.burmeseclassic.com



လေး နဲ့ မာန်ရှိတယ်…"

"ကိုယ်က အရေးမကြီးပါဘူး၊ ရှိန် ကိစ္စ ပြေလည်ပြီးမြောက် ဖို့ပဲလိုတယ်…"

"ကိစ္စတွေက အားလုံး ပြီးမြောက်သလောက်တော့ ရှိပါပြီ၊ မင်္ဂလာ အခန်းအနားအတွက်ပဲ ကျန်တော့တယ်…"

"လူကြီးတွေနဲ့ စကားပြောဆိုပြီးပြီပေါ့…"

"ဟုတ်တယ်၊ ရှင်းရဲ့ဖေဖေဆီမှာ ကိုယ် စကားပြောပြီးပါပြီ"

"ရှင်း ဖေဖေကလည်း လိုက်လျောကြည်ဖြူ ခွင့်ပြုပါ တယ်"

"သားအဖနှစ်ယောက် တစ်ကယ်အေးချမ်း သိမ်မွေ့ကြ တယ် ချုပ်ရယ်…"

"ကိုယ့်မင်္ဂလာပွဲ အတွက်လည်း ချုပ်က နိုင်တဲ့ဘက်က ကူညီပါဦးလို့…"

"ဟာ…ဒါ လုပ်ရမှာပေါ့၊ ဒါပေမယ့် မနက်ဖြန်တော့ အလုပ် ကိစ္စနဲ့ ကိုယ် ပြည် သွားလိုက်ဦးမယ်၊ နေ့ချင်းပြန်ပါပဲ…"





"သွားလေ ရပါတယ်၊ နောက်နေ့တော့ ချုပ် အိမ်လာခဲ့ နော်"

"စိတ်ချ…"

"ဒါနဲ့ ချုပ်…"

"ဘာလဲ ရှိန်…"

"ချုပ်ကော ဘယ်တော့လောက်မှ…"

"အဟွန်း…ဟွန်း၊ ကိုယ်ကတော့ မလွယ်သေး ဘူးထင် တယ်၊ အလုပ်ကလည်းများ၊ တစ်ကောင်ကြွက်ကလည်းဖြစ် ဆိုတော့…"

"ချုပ်ဖာလည်းဗျာ၊ ချုပ် ဘဝနဲ့ကိုယ့်ဘဝက အတူတူပါပဲ ဗျာ…"

"ဟုတ်တယ်လေ၊ မိဘမဲ့ တစ်ကောင်ကြွက်ချင်း တူပေ မယ့်၊ ကုသိုလ်ကံက ကွာသေးတယ် ဗျာ…"

"ချုပ်…"

"ဗျာ…"



www.burmeseclassic.com

www.burmeseclassic.com



"အကြံပေးမယ်…"

"ဆိုပါဦး…"

"မေဝင်းလှဲ ရှိတယ်၊ လူကလည်းချောတယ်၊ မိဘ ရှိတယ်၊ ပစ္စည်းရှိတယ်၊ ပညာတတ်တယ်…"

"အဟွန်း…ရှိန်ရေ၊ ကိုယ့်အတွက် ပစ္စည်းရှိဖို့လည်း မလိုဘူး၊ ရုပ်ချောနေဖို့လည်း မလိုဘူး…"

"အရေးကြီးတာက သင့်တင့်တဲ့ ရုပ်ရည်နဲ့ ကိုယ့်အပေါ် ကြင်နာတတ်ဖို့ပဲ…"

"နောက်တစ်ချက်က စိတ်နှလုံးကောင်းဖို့ အဓိကဗျာ…"

"မေဝင်းလှဲက ဆိုးတယ်မထင်ပါဘူး…"

"သူ မဆိုးလည်း ကိုယ့်သဘောနဲ့ တွေ့ဖို့က လိုဦးမယ် ရှိန်"

"ချုပ်က အရိုးချားသလေး၊ ချေးခါးသလေး မလုပ်နဲ့လေ…"

"မလုပ်ပါဘူး၊ အိမ်ထောင်ပြုတယ်ဆိုတာ စဉ်းစားနိုင်ခါမှ တော်ရာကျတာ ရှိန်ရဲ့…"





"ဟုတ်ပြီဆိုပြီး ယူပြီးမှ စလယ်ဝင် ဖင်မမည်းခင်က ကွဲကြတယ်ဆိုတဲ့ အဖြစ်မျိုး အဖြစ်မခံနိုင်ဘူး…"

"အဲဒီလိုဖြစ်ရင် ဘဝကော၊ နာမည်တစ်လုံးကော အရင်းဆုံးရမှာ…"

"အိမ်ထောင်ကွဲကြီး၊ တစ်ခုလပ်ကြီးဆိုတဲ့ ဘဝမျိုး၊ အပြောမျိုးကို ကိုယ့်ဘဝတစ်သက်တာမှာ မခံယူချင်ဆုံးပဲ…"

"အဲဒီလို မဖြစ်အောင်လည်း ကိုယ် သိပ်စဉ်းစားပါတယ် ရှိန်…"

"အင်း…ချုပ်က အရာရာ လေးနက်တိကျတဲ့လူ ချုပ်ကို အရှုံးပေးပါတယ်…"

"ရှိန်ကပြောတော့မယ် ဒါနဲ့ ရှိန် မင်္ဂလာဆောင်ဖို့ကို ဘယ်နေ့ သတ်မှတ်ထားလဲ…"

"ရှေ့တစ်လထဲမှာပဲ အခုခန်းဝင်ပစ္စည်းတွေ မင်္ဂလာဝတ်စုံတွေချုပ်ဖို့ စီစဉ်နေတယ်၊ အရံကတော့ မေဝင်းလှဲနဲ့ ချုပ်ငြိမ်းနော်…"

"ရပါတယ်၊ ကိုယ် ပြည်က ပြန်လာတဲ့အခါ လာခဲ့ မယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ အဲဒီတော့မှ ကိုယ့်ရဲ့ရှင်းနဲ့ မေဝင်းလှဲကို ချပ်နဲ့ မိတ်ဆက်ပေးမယ်နော်…"

အေးအေးဆေးဆေးပင် ချပ် ခေါင်းညိတ်ပြသည်။

ကိုနေမျိုးချပ် အသွင်က သူနှင့် မိတ်ဆက်ခြင်း ကိစ္စ အပါဒ္ဒ လေးနက်မှုသိပ်မထား…

ရှိန်၏ မင်္ဂလာပွဲတွက်သာ အလေးအနက် ထားနေသည်ပါ။

"ကဲ…ဒါဆို ချပ်၊ ကိုယ် ပြန်မယ်…"

"ကောင်းပြီ ရှိန်…"

မြင့်တူ ထိုင်ရာမှထပြီး သူငယ်ချင်းနှစ်ယောက် ပန်း ဖက်ကာ ဆင်ဝင်သို့ ထွက်ခဲ့ကြသည်။

"သွားပြီ ချပ်…"

"ကောင်းပြီ…"

ရှိန် ကားလေး မောင်းထွက်သွားသည်တွင်…

ကိုနေမျိုးချပ်သည် သူငယ်ချင်း စွဲတော့မည့်အရေး အတွက်





သဘောကျစွာ ပြုံး၍ ကျန်ရစ်ခဲ့ရပါလေ၏။ ။



www.burmeseclassic.com

www.burmeseclassic.com

## - နှစ် -

ရွှေမှုန်စားပြီး မွေးထားသူလေးမို့လည်း၊ သည်လောက် တောင် ဆုတောင်းကောင်းသူရယ်ဟု ထင်၏။

မေဝင်းလှဲသည် သက်လျာရှင်း၏ ခန္ဓာအစိတ်အပိုင်း အားလုံးတို့ကို ငေးကြည့်ရင်းက တွေးဖြစ်နေမိခြင်းပါ။

မှန်ပါ၏။

ညှော်ခန်းမှ ပန်းအိုးလေးထိုးရန် ခြံထဲမှနှင်းဆီပန်း လေးများအား ကတ်ကျေးသေးသေးဖြင့် ရှင်း တစ်ယောက် ညှပ်၍နေ၏။

ရှည်လျားသော ဆံပင်တို့သည် ပန်းလေးတွေကို ကုန်





ဖြတ်တိုင်း မြေကြီးနှင့် မစို့မပို့ထိတတ်၏။

သက်လျာရှင်း၏ အရပ်သည် မနိမ့်လွန်းမမြင့်လွန်း၊ ငါးပေ သုံးလက်မခွဲခန့် ရှိမည်။

ပြေလျောလျော ပခုံးလုံးအိအိလေးမှ သိမ်ကျဉ်းသော ခါးလှလှလေးသည် ဖြည့်စွက်၍ တင်အလှကို ပို၍များ ပေါ်လွင် နေစေသလားရယ်…

ရှင်း၏ အသားရောင်သည် ရွှေရောင်ဝင်း၍ မှုန်ညက်ချော ပြောင်နေ၏။

ဘေးတိုက်အနေအထားမှ ရှင်း၏ နှာတံအလှသည် ဖြောင့်စင်းကာ တန်း၍နေသည်။

ကကြီးပုံ နဖူးနှင့် ဘဲဥပုံ မျက်နှာအလှက ဘယ်လိုရှု ထောင့် မှကြည့်ကြည့် ပြေပြစ်လှပကာ တင့်တယ်နေပါ၏။

ရှင်း၏ နှုတ်ခမ်းလေးနှစ်လွှာသည် ဆေးမဆိုးဘဲ နီထွေးကာ ဖူးအိ၍ နေသည်။

ဆွဲထားသလို မျက်ခုံးလေးသည်လည်း ငှက်စင်ရော်တောင်ပံ



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ထားသည့် အလားရယ်…။

အလင်းရောင်နှင့် နေရောင်များအောက်၌ ရှင်း၏ မျက်ဝန်းလေးများသည် ရွှန်းလက်တောက်ပနေ၏။

နဂို သိမ်မွေ့မှုနှင့် အနုပညာ ပန်းချီဆရာမလေးပီပီ ရှင်းသည် ပို၍ နူးညံ့သိမ်မွေ့ နုနယ်နေသည်ပါ။

မေဝင်းလှဲသည် တစ်ဘက်ခြမ်းမှ ရှင်း၏ အလှလေးများထံ အသေးစိတ် ငေးကြည့်နေပြီးခါမှ ရင်ထဲသက်မကိုချကာ အကြည့်ကို လွှဲလိုက်သည်။

အကြည့်ကိုလွှဲခိုက် မေဝင်းလှဲ၏ မျက်ဝန်းဝယ် တင့်တယ်ချောမောသော ကိုသက်ဝင်းရှိန်၏ အသွင်အား မြင်ယောင်ရ၏။

ထိုလူသည် ဆွဲဆောင်အား ကောင်းလွန်းသော သူ ဖြစ်၏။

သူ့ကို တွေ့ဆုံရခိုက်၌ပင် မေဝင်းလှဲ စိတ်ဝင်စားမိသည်။

သို့သော်လည်း ကိုသက်ဝင်းရှိန်သည်က ပန်းချီဆရာမ လေးရှင်းမှရှင်း ဖြစ်နေလေ၏။

မိမိနှင့်ပန်းချီဆရာမအား မည်သူ့ကို ဦးစွာတွေ့သည်ကို မြင်





မေဝင်းလှဲ မသိ…။ ။



www.burmeseclassic.com

www.burmeseclassic.com

## - သုံး -

ဘုရားတူးခံ မျိုးရိုးကြီး၏အိမ်၊ ပြီးတော့ အနုပညာ ဆန်သော အိမ်မို့ ပြင်ဆင်မှုအနေအထားကဖြင့် ရှင်းသန့်ကာ သပ်ရပ်နေရလေ၏။

မိတ်ဆွေရင်းလိုလည်းဖြစ်၊ လာစလည်းရှိပြီမို့ သည်နေ့ လည်း မေဝင်းလှဲ့သည် သက်လျာရှင်းဆီသို့ စောစောကတည်း ကပင် ရောက်ရှိနေလေ၏။

အိမ်၏ အလှအပကိုဖြင့် ရှင်းက ကိုယ်တိုင် လုပ်တတ် သူပါ။

ရှင်း လုပ်ကိုင်သမျှ မေဝင်းသည် အံ့သြစွာ ကြည့်ဖြစ် သည်။





"ရှင်း..."

"ဟင်..."

"ရှင်းရဲ့ မေမေကော..."

ရှင်း လုပ်နေသမျှ ကြည့်နေရင်းမှ မေဝင်းလှဲ့ မေးသည်။

"မေမေက မနက်ရဲ့ညနေတိုင်း ဘုရားသွားပြီး ပုတီးစိတ် တယ်လေ..."

"ခဏကြာရင် အစ်ကိုက သူ့သူငယ်ချင်းကို ခေါ်ပြီး လာမယ်လို့ ရှင်းဆီကို ဖုန်းဆက်ပြီး ပြောထားတယ်..."

"သြော်..."

သြော်..ဟုဆိုကာ မေဝင်းလှဲ့သည် ရင်ခုန်တင်းကြပ်စွာ ခံစားလိုက်ရလေ၏။

စိတ်ဝယ်ကြိတ် ခံစားရင်းမှ ရှင်း၏ ပြင်ဆင်မှုမ်းမံမှု သားတွေဆီ ကြည့်ဖြစ်သည်။

ရှင်း ပြင်ဆင်ထားသော အလှအပတွေကိုတော့ မေဝင်းက ချီးသည်။ နှစ်သက်သည်။ နှစ်မြိုက်မှုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်လျှာရှင်းသည် ပန်းချီဆရာမလေးဗီဗီ ကိုယ်တိုင်က လှပကြော့ရှင်းသည်နှင့်အမျှလည်း အလှအပကို ဖန်တီးတတ် သည်ဟု မေဝင်းလှဲ မှတ်ချက်ချသည်။

ဖုန်မှုန့်လေးတွေခါ၊ ပန်းအိုးလေးတွေ ထိုးပြီး နေရာချ၊ ခန်းဆီး လိုက်ကာလေးတွေတပ်နှင့်…

စည့်ခန်းကြီးထဲ ကြွေရုပ်ကလေးတစ်ရုပ်က စက်တပ်ထား သကဲ့သို့ အလုပ်တွေလုပ်တိုင်နေသော သက်လျှာရှင်းဆီ ကြည့်ရင်း…

မေဝင်းလှဲသည် ရင်ထဲမောဟိုက်သလို၊ တုန်ယင်သလို၊ စိုးထိတ်သယောင်နှယ် တစ်ကိုယ်တည်း ရှိနေရချေ၏။

သက်လျှာရှင်းနှင့် မျက်နှာချင်းဆိုင် အနေအထားမျိုးရှိလျှင် မေဝင်းလှဲ မျက်နှာလွှဲထားတတ်သည်။

အလုပ်တွေကို စိတ်ဝင်တစားနှင့် ရှင်း တစ်ယောက် လုပ်ဆောင်နေသည့် အခါများတိုင်း၌…

ရှင်း တစ်ကိုယ်လုံးကို မေဝင်းလှဲ ငေးမောကြည့်နေ မိတတ်၏။





ရှင်းက ပြန်ကြည့်လျှင် မေဝင်းလှဲ အကြည့်ကို မသိမသာ လွှဲ သွားတတ်သည်။

ရှင်းသည်ကဖြင့် အလုပ်တွေသာ လုပ်နေရ၍၊ မေဝင်း အသွင်ကို သတိမထားမြစ်။

ပြတင်းနားတွင် ခန်းဆီအဝါလေးကို တပ်ပြီး ဖဲပြား ရှင့်လေး မော်ကာ ကြိုးလေးနှင့် စည်းထားလိုက်ပြီး…

ရှင်းသည် မေဝင်းထံ လှမ်းကြည့်လိုက်ရင်း…

"မေဝင်းရေ…"

"ဟင်…"

ရှင်း ခေါ်တော့ မေဝင်းလှဲ ထူးသည်။

"ဒီခန်းဆီးအနေလေး လှရဲ့လားကွယ်၊ ကြည့်ပါဦး၊ အစ်ကိုက တော့လေ အဝါရောင်ကို သိပ်ကြိုက်တာ…"

"ရှင်းကလည်း အဝါရောင်ပဲ ကြိုက်တယ်၊ လှရဲ့လား မေဝင်း၊ ကြည့်ပါဦး…"

"အင်း…လှတာပေါ့၊ တကယ်လှတာ၊ ရှင်းက ပန်းချီ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေးပဲလေ၊ အရောင်အသွေး ပိုသိမှာပေါ့…"

"အဟင်း…ဟင်း…"

မေဝင်းဆိုတော့ ရှင်းသည် ကျေနပ်စွာဖြင့် မေးချိုင့်နွက်ခွက်လေး ပေါ်အောင်ရယ်သည်။

"တီး…တီး…"

"ဟော…မေဝင်းရေ၊ အစ်ကိုနဲ့ သူ့သူငယ်ချင်း လာကြပြီထင်တယ်၊ ကားသံကြားတယ်…"

"ဟုတ်တယ်…"

ရှင်းက ဆိုလိုက်သော်လည်း ဆင်ဝင်အောက်ဆီသို့ မေဝင်းက ဦးစွာရောက်နှင့်သွားပြီဖြစ်သည်။

ဆင်ဝင်အောက်၌ ကားရပ်လိုက်သည်နှင့် ကားပေါ်မှ ကိုနေမျိုးချုပ်နှင့် ကိုဝင်းသက်ရှိန်တို့ သူငယ်ချင်းနှစ်ယောက် ဆင်းလိုက်ကြသည်။

ကားပေါ်မှ ဆင်းလိုက်သည်နှင့်ပင် ကိုနေမျိုးချုပ် အကြည့်သည် မေဝင်းထံသို့ ရောက်သွားရ၏။





ရောက်သည်နှင့် ရုတ်ခြည်းပင် အကြည့်ကို ကိုနေမျိုးချုပ် လွှဲဖယ်ပစ်လိုက်သည်။

"အစ်ကိုရယ် ကြာလိုက်တာ…"

မေဝင်းထံမှ ကိုနေမျိုးချုပ် အကြည့်ကိုအလွဲ မေဝင်းမှာ ကိုသက်ဝင်းရှိန်ထံ လှမ်းပြောလိုက်သော စကားသံ ညှို့နွဲ့နွဲ့ကို ကိုနေမျိုးချုပ် နားမစွင့်ထားသော်လည်း ကြားဖြစ်ရ၏။

တစ်ဆက်တည်းပင်လည်း တိုက်ထဲမှ ထွက်လာသော ချွေအဆင်းနယ် ဝင်းထိန်နေသည့်ထံသို့ ကိုနေမျိုးချုပ် အကြည့် များသည် ဘန်းမတ်သွားရပြန်ပါ၏။

သည်တစ်ခါ အကြည့်ကိုတော့ ကိုနေမျိုးချုပ်သည် ရုတ်တရက် မဖယ်ဖြစ်။

စက္ခုန်လေးကြာကြာ သူ ကြည့်ဖြစ်သည်။

ပြီးမှ သူသည် အကြည့်ကို လွှဲဖယ်၏။

"လာ…ချုပ်၊ ရှင်းရေ…အစ်ကိုတို့ ကြာသွားလား…"

တိုက်ထဲသို့ သူငယ်ချင်းကိုခေါ်ရင်း ချစ်သူ ဖနီးလာင်းထံ



www.burmeseclassic.com

www.burmeseclassic.com



ရှိန်သည် တယုတယ မေးသည်။

"ကြာတယ်မဟုတ်ပါဘူး အစ်ကိုရယ်၊ အရေးတကြီးမှ မဟုတ်တာ..."

"မေဝင်းလည်း ရောက်နေတယ်လား..."

"အင်း..မေဝင်းလည်း လာလည်ရင်း အစ်ကိုတို့ရောက် မယ် ဆိုတာနဲ့ပဲ စောင့်နေလိုက်တာလေ..."

"အယွန်း..မမေဝင်းလည်း ရောက်နေတာနဲ့ အတော် ပါပဲဗျာ၊ ဒီမှာ ကိုယ့်သူငယ်ချင်းနဲ့လည်း မိတ်ဆက်ပေးရ တာပေါ့..."

စည့်ခန်းဆီ ဝင်ခဲ့ကြရင်း သက်ဝင်းရှိန် ဆိုသည်။

ဆိုဖာများထက် သူတို့အားလုံး ထိုင်မြစ်တော့...

ကိုသက်ဝင်းရှိန်က...

"ရှင်းနဲ့ မေဝင်းရေ၊ ဒါ ကိုယ့်ရဲ့အရင်းနှီးဆုံး သူငယ်ချင်း ကိုနေမျိုးချုပ်တဲ့..."

"ကိုနေမျိုးချုပ်ကလည်း ကိုယ့်လိုပဲ၊ မိဘမရှိဘူး၊ ကူမှထိ အလုပ်တွေပဲ လုပ်တယ်၊ နိုင်ငံခြားမှာပဲ ကျောင်းပြီးခဲ့ကြ တယ်လေ..."





"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ မေဝင်းတို့ကို နောက်တွေ့လည်းခေါ်ပါ..."

"ဟုတ်ကဲ့..."

မေဝင်းဆိုတော့ ကိုနေမျိုးချုပ်သည်လည်း ယဉ်ကျေးမှု အရ မေဝင်းထံ ဌာန္တေအကြည့် ဖျတ်ခနဲတစ်ချက်ဖြင့် ဆိုသည်။

ရှင်းကမူ နူးညံ့သိမ်မွေ့သော အပြုံးလေးဖြင့်သာ ခင်မင် မှုကို လှစ်ပြသည်။

ရှင်း အပြုံးလေးကိုမူ ကိုနေမျိုးချုပ်သည် စိုက်ခနဲ တစ်ချက် ကြည့်၍ တုံ့ပြန်ကာ လွန့်လွန့်ပြုံးသည်။

"ကဲ..ချုပ်ရေ ဒါက ကိုယ့်ရဲ့ ချစ်သူ၊ ဇနီးလောင်း သက်လျှာရှင်းတဲ့..."

"ဟုတ်ကဲ့ ခင်ဗျာ၊ တွေ့ရတာ ဝမ်းသာပါတယ်၊ သိရတာ လည်း ဝမ်းသာပါတယ်..."

"ကိုရှိန်ကတော့ ကံကောင်းပါတယ်ဗျာ..."

သက်လျှာရှင်းထံ တည်ငြိမ်သော အကြည့်တို့ဖြင့် ကြည့်ရင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကိုနေမျိုးချုပ်သည် တလေးတစား ဆိုပါ၏။

"ချုပ်ရေ..ဒါကတော့ ကိုယ်ပြောတဲ့ မမေဝင်းလှဲ့ဆို တာလေ၊ ဟိုဘက်ခြံမှာ နေတယ်၊ မမေဝင်းလှဲ့က ရွှေနေလေ..."

"ဟုတ်တဲ့ခင်ဗျာ၊ ဝမ်းသာပါတယ်..."

"ရှိန်နဲ့ ပတ်သက်ပြီးသိရလို့၊ အားလုံးကို ကျေနပ်တော် လေးစားပါတယ်..."

ကိုနေမျိုးချုပ် စကားအတွက် သက်ဝင်းရှိန်နှင့် သက်လျာရှင်းတို့က ချမ်းမြေ့စွာပြုံးသည်။

မေဝင်းမှာ အလှဆုံးအပြုံးတွေနှင့် ကိုနေမျိုးချုပ်ထံ အကဲခတ်သလို လှေလာသယောင်ဖြင့် ကြည့်ဖြစ်၏။

တည်ငြိမ်လေးနက်၍ ထက်မြက်သော ကိုနေမျိုးချုပ် အသွင်သည် စိတ်ဝင်စားစရာ ကောင်းသော်လည်း...

ဘာကြောင့်မှန်းမသိ မေဝင်းသည် ကိုနေမျိုးချုပ်နှင့် မျက်ဝန်းချင်း ဆုံစည်းကာ မကြည့်ဝံ့သလိုရယ်ပါတည်း။

မှန်သည်။





ကိုနေမျိုးချုပ်၏ အကြည့်မျက်ဝန်းညိုသည် တစ်စုံ တစ်ရာအား ထိုးသွင်း ကြည့်နိုင်မြင်နိုင်သလိုရယ်ပါ။ မေဝင်း စိတ်တွင် ခံစားထင်မြင်နေမိရသည် မဟုတ်ပါတကား။

"အစ်ကိုရေ..ရှင်း ကော်ဖီသွားဖျော်..."

"နေပါစေ ရှင်း၊ မလုပ်နဲ့တော့၊ ချုပ် အိမ်မှာပဲ သောက်ခဲ့ပြီးပါပြီ..."

အလိုက်သိသော ညှို့ဝတ်နားလည်သော ချစ်သူ ဇနီးလောင်းကို ကိုသက်ဝင်းရှိန်သည် အကြင်နာတွေနှင့် လက် ကိုဆွဲကာ သူ့နေရာ တွင် ပြန်ထိုင်စေ၏။

"ကဲ..ကိုယ်တို့ မင်္ဂလာဝတ်စုံတွေ ချုပ်ဖို့ကိစ္စ ပြောကြရအောင်..."

"ရှိန်က ဘာအရောင်ကြိုက်လဲ..."

သတို့သားလောင်းကို ဦးတည်၍ ကိုနေမျိုးချုပ် မေးသည်။

ကိုနေမျိုးချုပ်၏ အသွင်သည် တည်ငြိမ်လွန်း၏။

ကိုနေမျိုးချုပ် အကြည့်သည် ဘာရယ်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



အဓိကထား၍ သူငယ်ချင်း သက်ဝင်းရှိန်ကိုသာ သူ စကားပြောဆို၏။

ကိုနေမျိုးချုပ်၏ ထူးခြားမှုကို သန့်သန့်ကြီးကို ရှင်းက လေးစားမိသည်။

မေဝင်းကမူ ခန့်ညားလှန်းသော ကိုနေမျိုးချုပ်အသွင်အား ကြည့်ရဲကြည့်ရဲနှင့် ရှိနေ၏။

"ချုပ်ရေ..ကိုယ်ကတော့ အဝါမဟုတ်ရင် အဖြူရောင်ပဲ ကြိုက်တာ၊ ရှင်းရေ..ပြောပါဦးကွယ်၊ ရှင်းက ဘာအရောင် ချုပ်ချင်လဲ ဟင်..."

ကိုသက်ဝင်းရှိန်က ချစ်သူမိန်းလေးကို ဦးစား ပေးသည်။

"အဖြူရောင်ဆိုတာက လှတယ်၊ သန့်တယ်၊ စင်ကြယ် တယ်၊ ပေါ်လွင်တယ်လေ၊ မင်္ဂလာဝတ်စုံအဖြစ်နဲ့လည်း တင့်တယ် ဆုံးပါဲ အစ်ကို..."

"အဖြူရောင်ကို ရှင်းလည်း ကြိုက်တာပဲ၊ ဒီတော့ အဖြူရောင် မင်္ဂလာဝတ်စုံပဲချုပ်ရင် မကောင်းဘူးလားဟင်..."





"ရှင်း ကြိုက်ဖို့ပဲလိုတယ်လေ..."

"ဟုတ်တယ်၊ မသက်လျှာရှင်း နှစ်သက်ရင် ပြီးတာ ပါပဲ..."

"ဟင်..မေဝင်းတော့ ကြိုက်ပါဘူး၊ အဖြူဆိုတော့ ပေမှာပေါ့"

"မင်္ဂလာဝတ်စုံဟာ အဖြူရောင်ပဲ ကောင်းပါတယ် မမေဝင်း၊ ပေရေတာကတော့ နေရာတိုင်း ဝတ်နေမှာမှ မဟုတ်ဘဲဗျာ..."

အောင်မြင်ကြည်လင်၍ ပြတ်သားသော ကိုနေမျိုးချုပ် စကားသံက မေဝင်းကို နှုတ်ဆိတ်သွားစေသည်။

"ကဲ..ဒါဆို အဖြူရောင်ပဲ အတည်ပြုမယ်နော်..."

"ဟုတ်ပါတယ်လေ၊ အဖြူကတော့ မင်္ဂလာဝတ်စုံ အတွက် အကောင်းဆုံးပါပဲ၊ အဖြူပဲချုပ်ကြတာပေါ့..."

ရှိန်ဆိုတော့ ထောက်ခံမဲအပြည့်နှင့် မေဝင်း ဆိုသည်။

"ဒါဖြင့် ဘယ်နေ့ သွားအပ်ကြမလဲ..."

"ဒါက ကိုသက်ဝင်းရှိန်တို့ အားမယ့်အချိန်အပေါ်ပဲ မူတည်တယ်လေ..."

ကိုနေမျိုးချုပ်နှင့် ကိုသက်ဝင်းရှိန်တို့ထံ ဈေးကြည့်ပြီး မေဝင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။

သက်လျှာရှင်းမှာ ကြည်စင်သော မျက်ဝန်းပြာလေးတွေနှင့်သာ ရှိနေ၏။

"ချုပ်..ဒီနေ့ ကိစ္စရှိသေးလား..."

"အင်း..နေ့လယ်လောက်`ချိန်းထားတာရှိသေးတယ် ရှိန်၊ နှစ်နာရီလောက်တော့ အားမယ်..."

"ဒါဖြင့် ချုပ် အားမယ့်အချိန် သွားကြတာပေါ့၊ ဒီနေ့ပဲ အပ်လိုက်ကြမယ်လေ..."

"ကောင်းပါတယ် ရှိန်၊ ကိစ္စပြီးတာနဲ့ ကိုယ်လာခဲ့မယ်၊ အတူတူ သွားကြတာပေါ့..."

"ဒါနဲ့ ရှိန်တို့ ဖိတ်စာတွေတော ရိုက်ပြီးကုန်ပြီလား..."

"ဖိတ်စာက သန်ဘက်ခါရမယ်လေ၊ အားလုံးတော့ ပြီးစီးနေပါပြီ..."

"စိဒိုးနားမှာ ရက်ချိန်းလည်း အတိအကျရ ထားပြီးပြီလေ..."





"ဟုတ်လား၊ ဒါဆို ပြီးရောပေါ့၊ ဘာမှမလိုတော့ဘူးဘဲ၊ ဏဲ..ဒါဆို ကိုယ် အခု သွားလိုက်မယ် ရှိန်..."

"ကိုယ့်ကိစ္စတွေပြီးတာနဲ့ ကိုယ်ပြန်လာခဲ့မယ်၊ ရှိန်ရော သွားစရာရှိသေးလား..."

"မရှိပါဘူး၊ ကိုယ်အိမ်မှာပဲ ချုပ်ကို တစ်နေ့လုံးစောင့်နေမယ်..."

"ကောင်းပြီ၊ ကိုယ် ကားယူသွားမယ်..."

"အင်း..ညနေတော့ ကိုယ်ပြန်လိုက်ပို့ပါမယ်၊ ချုပ် ကားယူလာရင်၊ ကားနှစ်စီးနဲ့ ရှုပ်နေမယ်..."

"ကိုယ် သွားမယ် ရှိန်..."

"သွားလိုက်ပါဦးမယ်..."

သူငယ်ချင်းကို နှုတ်ဆက်ပြီး သက်လျှာရှင်းနှင့် မေဝင်းလှဲ့ထံ ဝဲခနဲ့ကြည့်ပြီး သူ နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့..."

မေဝင်းက ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းက ခေါင်းညိတ်ပြသည်။

ညှော်ခန်းထဲမှ ကိုနေမျိုးချုပ် ထွက်သွားသည်တွင် ကိုသက်ဝင်းရှိန်က သူငယ်ချင်းကို လိုက်ပို့သည်။

ကိုနေမျိုးချုပ် ကားလေး မောင်းထွက်သွားတော့ ဧည့်ခန်းထဲသို့ သက်ဝင်းရှိန် ပြန်ဝင်လာခဲ့ပြီး…

"မမေဝင်း…"

"ရှင်…"

"ကျွန်တော့်သူငယ်ချင်း မချောဘူးလား…"

"ချောပါတယ်၊ ဒါပေမယ့် သူ့မျက်လုံးတွေက တစ်မျိုးပဲ…"

"ဘယ်လို တစ်မျိုးလဲ…"

"တောက်ပစူးရှလွန်းတယ်လို့ ထင်တာပဲ…"

"အဟွန်း၊ မမေဝင်းက မဆိုးဘူးဘဲ၊ ချုပ်ရဲ့ မျက်ဝန်းတွေကိုတောင် မှတ်ချက်ပေးနိုင်တယ်၊ ဘယ်လောက်များ ကိုယ့် သူငယ်ချင်းကို နိုးကြည့်လိုက်လဲ မသိဘူး…"

"အို…ကိုရှိန်နော်…သူ့သူငယ်ချင်းကဖြင့် ရှုတည် တည်ကြီးနဲ့





မကြိုက်ပါဘူး…"

"အဟွန်း…ခင်ဗျားက ကြိုက်ရင်တောင်မှ ချုပ်က စဉ်းစားဦးမှာ၊ ချုပ်ကလည်း မိန်းမ သိပ်ရွေးချယ်တာဗျ…"

"အံမယ်…ကြီးကျယ်လိုက်တာ၊ သူ့သူငယ်ချင်းကိုများ…"

"ဟုတ်တယ်၊ တကယ်ပြောတာ၊ ချုပ်က လေးနက်မှုမှာ ကျွန်တော့်ထက်တောင် ပိုသေးတယ်…"

သက်ဝင်းရှိန်ဆိုတော့ မေဝင်း ထောက်ခံသလို တွေတွေလေးနှင့် တိတ်ဆိတ်သွားသည်။

ရှင်းကမူ ချစ်သူခင်ပွန်းလောင်းနှင့် မေဝင်းတို့ စကားပြောနေသည်ကို ပြုံးလှလှလေးနှင့် ကြည့်နေလေ၏။

"ရှင်းရေ…"

"ရှင်…"

"ရှင်းနဲ့အစ်ကိုတို့ မင်္ဂလာဆောင်ပြီးတဲ့အခါ သူတို့ကို အောင်သွယ်လုပ်ပေးကြရအောင်…"

"အဟင်း…ဟင်း…"



www.burmeseclassic.com

www.burmeseclassic.com



ရှင်း လက်ဖဝါးနုနုလေးကို ဆုပ်ကိုင်ကာ ပါးပြင်တွင် ကပ်လျှက် သက်ဝင်းရှိန် ဆိုတော့…

ရှင်းသည် ချစ်စဖွယ်အပြုံးလေးနှင့် ရယ်၍နေ၏။

လက်ထပ်ကြတော့မည့် ချစ်သူမောင်နှံစုံတွဲလေးကို ကြည့်ပြီး မေဝင်းရင်ထဲ တင်းကျပ်မောခဲ၍လာ၏။

မေဝင်း ထိုင်ရာမှ ထသွားလိုက်သည်။

ချစ်သူနှစ်ဦးမှာ အပြုံးချင်းဖလှယ်ကာ ကြည်နူးမှု တွေကြောင့် သတိမထားမိလိုက်။

အိမ်ပြန်ရန် ခြံထဲသို့ဆင်းလာသော မေဝင်း မျက်ဝန်း တွေက ဘာယ်ရယ်မှန်းမသိ။ ဝေလျှက်နေ၏။

မေဝင်း ရင်ထဲမှာလည်း အစိုင်အခဲ တစ်ခုသည် ပြင်း ထန်စွာ ဖြစ်တည်နေရသည့်နှယ်ပါ။ ။



- လေး -

သုံးရက်လကွေးကွေးလေး၏ တန်ဆာဖြင့် ညအလှသည် ကြည်မြသာယာစွာရှိ၏။

သည်နေ့တစ်နေ့လုံးလည်း အေးစိမ့်မြမြရှိ၍ နေ၍ထိုင်၍ ကောင်းနေရသည်။

ညစာစားပြီး၍ ဧည့်ခန်းတွင် အချိုတည်းပြီးနောက် သက်ဝင်းရှိန်သည် ထိုင်ရာမှ ထရပ်လိုက်၏။

ပြတင်းဆီသို့လှမ်းကာ လိုက်ကာစကို အသာလှပ်၍ ခြံထဲသို့ သူ လှမ်းကြည့်လိုက်သည်။

လကွေးကွေးလေး၏ အလင်းရောင်ဖျော့ဖျော့အောက်၌



www.burmeseclassic.com

www.burmeseclassic.com



ပိုးစုန်းကြူးလေးများ ပျော်ပါးနေကြသည်ကို သူ မြင်တွေ့ လိုက်ရ၏။

ကောင်းကင်မျက်နှာဆီ ကြည့်တော့လည်း ကြယ်တာရာ အပေါင်းနှင့် စုံညီတင့်တယ်နေလေ၏။

နှင်းရည်မှုံတွေကမူ ခြံထဲမှိုင်းဝေစွာ ရှိသည်။

ထိုသည်ကပင် ကြည်နူးစရာပါ။

ကိုသက်ဝင်းရှိန်သည် တစ်ကိုယ်တည်းချမ်းမြေ့စွာပြုံး ဖြစ်လိုက်ပြီးနောက်…

ဧည့်ခန်းတွင် သိုးမွေးလေးထိုးကာ ထိုင်နေသည့် ချစ်သူ ဖနီးလောင်းလေး သက်လျာရှင်းဆီသို့ လှမ်းကြည့်သည်။

မီးရောင်အောက်၌ ရှင်း၏အလှသည် ဆင်စွယ်ဝန်း ပုလေးနှယ်ရယ်…

ဝင်းဝင်းမွတ်မွတ်၊ အိအိညက်ညက်နှင့် ပုံ့ပုံ့ကလေး ရှိနေရ ချေ၏။

ချစ်သူဇနီးလောင်း၏ အလှလေးအား သူ ကြည့်၍ပင် မဝ…။

နှုတ်ခမ်းစေ့ကာ သူ ပြုံးလိုက်သည်။





ကျေနပ်ပြုံး…။

ဇနီးလောင်းလေးအတွက် ကျေနပ်ပြုံးရယ်လေ…။

"ရှင်း…"

အကြင်နာတွေ ရင်ထဲဖြစ်ထွန်းလာ၍ နှုတ်မှ သူ ခေါ် လိုက်သည်။

သူ ခေါ်သံကြောင့် ရှင်းသည် သိုးမွှေးလေး ငုံ့ထိုးနေရာမှ သူ့ထံ မော့ကြည့်လာပြီး…

"ရှင်…အစ်ကို…"

"အပြင်မှာ လကလေးသာနေတယ်၊ အစ်ကိုတို့အပြင် ထွက်ရ အောင်လား…"

"နှင်းမှုံလေးတွေလည်း ကျနေတာ သိပ်လှတယ်…"

"အေးမှာပေါ့ အစ်ကို…"

"မအေးပါဘူး၊ ကြယ်တွေလည်း စုံနေတယ်…"

"ဒါဖြင့် အစ်ကိုသဘောလေ၊ ရှင်းက အစ်ကို့အတွက် သိုးမွေးထိုးနေတာ မပြီးသေးဘူး…"

www.burmeseclassic.com



ရှင်းဆိုတော့ ရှင်းထံ သက်ဝင်းရှိန် လှမ်းလာပြီး ၊ လက်ကမ်းပေးရင်း…

"အစ်ကို့နှီးလောင်းကတော့ စွယ်စုံရပဲ၊ ယန်းချိုဆွဲတယ်၊ သိုးမွေးထိုးတယ်…"

ချစ်သူ့ခင်ပွန်းလောင်းလက်ကို မြဲမြဲတွဲကိုင်ရင်း နေရာမှ ရှင်းထ,ရပ်လိုက်သည်။

ပြီးတော့ ရှင်းသည် ချစ်သူ့ခင်ပွန်းလောင်းအား ပြုံးကြည့်ရင်း…

"အစ်ကို…"

"ဗျာ…"

"နောက်ဖြန် မင်္ဂလာဝတ်စုံတွေ ရွေးရတော့မယ်နော်…"

"ဟုတ်တယ်လေ၊ အစ်ကို ရှင်းကို လာခေါ်မယ်…"

"ဟုတ်ကဲ့၊ ဖိုဘက်ခြံက မေဝင်းလည်း လိုက်မယ်ထင်တယ်…"

"သူက ဘာလိုက်လုပ်မလဲကွာ၊ အစ်ကိုတို့ ရွေးခဲ့လည်းပြီး





တာပဲ…"

"မေဝင်းက လိုက်မယ်ဆိုလည်းခေါ်ပါ အစ်ကိုရယ်၊ မကောင်းဘူးလေ၊ ရှင်းတို့ကိုလည်း သူက ကူညီနေတာ မဟုတ်လား"

"ရှင်းက ခေါ်ဆိုလည်း ခေါ်ပါ့မယ်ဗျာ၊ ဒါနဲ့ မမေဝင်းလွှတ အမှုမလိုက်ရဘူးလားဟင်…"

"လိုက်ရမယ်ထင်ပါတယ်၊ ဘာဖြစ်လို့လဲ အစ်ကို…"

"အမြဲတမ်း အားနေတာတွေ့လို့ပါ…"

"အိုး··အစ်ကိုကလည်း…"

"အဟွန်း··အဟွန်း…"

"အစ်ကို…"

"ဟင်…"

"ဒါမှမဟုတ်၊ အစ်ကို အလုပ်တွေရှိနေရင် လုပ်ထားလေ၊ အချိန်မပုပ်ဘူးပေါ့၊ ရှင်းက မေဝင်းနဲ့ ဈေးပါဝယ်ရင်း ၊ ဝတ်စုံတွေ ရွေးခဲ့မယ်၊ မကောင်းဘူးလား…"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကတော့ ရှိသေးတယ်၊ သန့်ဘက်ခါဆို ဖိတ်စာတွေ ကမ်းဖို့အတွက် ချူပ်ဆီကို ဖုန်းဆက်တာမရဘူး၊ ချူပ်က ဘုရားကြီးသွားနေလို့တဲ့…"

"ဟုတ်ပါတယ်၊ ချူပ်လည်း ပြန်ရောက်တော့မှာ ပဲဟာ…"

"ဘာပဲဖြစ်ဖြစ်လေ ကိုယ့်ချစ်သူနဲ့ မြန်မြန်နီးချင် ပြီဗျာ…"

"အဟွန်း…ဟွန်း၊ ချူပ် ပြန်လာတာနဲ့ ဖိတ်စာတွေ ကမ်းတော့မယ်နော် ရှင်း…"

"အစ်ကို့ သဘောလေ…"

"ကဲ…လာ ရှင်း၊ ခြံထဲသွားရအောင်…"

ရှင်း လက်နုနုလေးကိုဆွဲပြီး ချစ်သူနှစ်ဦး ခြံထဲဆင်းခဲ့ကြသည်။

တချိန်တည်းပင် တစ်ဘက်ခြံမှ မေဝင်းသည်လည်း သက်ဝင်းရှိန် ရောက်နေသည်ကို သိ၍ ရှင်းတို့ ခြံဘက်သို့ တစ်ချိန်လုံး စောင့်ကြည့်နေဆဲ…

ချစ်သူနှစ်ဦး ခြံထဲဆင်းလာကြသည်ကို တွေ့သည် တွင်…





ရှင်သည် နာကြင်မှုတွေဖြင့် ဆူဝေစွာ ချစ်သူနှစ်ဦးထံ လှမ်းကြည့်နေဖြစ်ရ၏။

ပြတင်းအကွယ်တွင် ရပ်ပြီး၊ ခန်းဆီးစလေးအား ဘေးမှ အသာလှပ်ကာ ခြံထဲသို့ မေဝင်း ချောင်းကြည့်လိုက်သည်။

လရောင် ထင်ထင်ကလေးအောက်၌ ချစ်သူမောင်နှံ နှစ်ဦးကား တစ်ဦးကိုတစ်ဦး တွယ်မှီဖက်ကာ ခြံထဲ၌ အေးဆေးစွာ လမ်းလျှောက်နေသည်ပါ။

သက်ဝင်းရှိန်သည် ရှင်း ပခုံးလေးထက် ဖွဖွသိုင်းဖက်ထားရင်း ကောင်းကင်ထက် မော့ကြည့်ရင်းက…

"ရှင်း…"

"ပြောလေ…အစ်ကို…"

"အစ်ကိုတို့ မင်္ဂလာရက် ရောက်တော့မယ်နော်…"

"ဟုတ်တယ်လေ…"

"အစ်ကို ရှင်း အပေါ်မှာဘယ်အထိ သစ္စာထားတယ်၊ ဘယ်အထိ ချစ်တယ်ဆိုတာ ရှင်း သိပြီလား၊ ရှင်း ယုံပြီ လားဟင်…"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က အစ်ကို့ကိုမယုံဘူးလို့များ ပြောခဲ့လို့လား ဟင် ..."

"မပြောခဲ့ပေမယ့်လည်း ရှင်းရဲ့ သိမ်မွေ့တဲ့ စကားလေး တွေအပေါ်မှာ အစ်ကိုက အရေးတယူ ထားခဲ့တာပါ..."

"အစ်ကိုရယ်၊ အစ်ကို့ရဲ့ စိတ်ဓာတ်ကို တွေ့စကတည်းက ရှင်းက အလေးအနက်ထားခဲ့တာပါ..."

"ရှင်း..."

"ပြောပါ အစ်ကို..."

"အစ်ကို့ကို ချစ်တယ်နော်..."

"ရှင်းက...မိန်းမသားပါ အစ်ကိုရယ်..."

"အစ်ကို မေးတာ အစ်ကို့ကို ချစ်လားလို့..."

"ပြောဖို့များ လိုနေသေးလို့လား အစ်ကိုရယ်..."

"ထာဝရလိုအပ်နေမယ့် စကားပဲ..."

"ဒါဖြင့် ရှင်း ပြောပါ့မယ် ..."

"ကြားချင်လှပြီ..."





"ရှင်း ဘဝမှာ အစ်ကိုသာ စဦး အချစ်ကို ဖန်ဆင်းပေး သူမို့ ရှင်း ဘဝရဲ့ စဦး ချစ်သခင်ရယ်လေ..."

"ရှင်းလေ အစ်ကို့ကို သိပ်ချစ်တယ်၊ ရှင်းက အနုပညာ သမားမို့ပိုပြီး ချစ်တတ်တယ်..."

"အနုပညာသမားတွေဟာ အချစ်ကို ပိုပြီးလည်း တန်ဖိုးထား အလေးအမြတ် ထားတတ်ကြတယ် အစ်ကို..."

"သာမန်လူတွေထက် အနုပညာသမားတွေက ပိုပြီး သစ္စာ ထား ချစ်ကြတယ်လို့ ပြောရင် လွန်မလားပဲ အစ်ကိုရယ်..."

"ရှင်းရယ်..."

ရှင်း ခါးလှလှလေးမှ သိုင်းဖက်ကာ ရှင်း ကိုယ်လုံးလေး အား သူ့ရင်ခွင်ထဲ ထွေးထည့်ထားလိုက်လေ၏။

အေးမြသော လရိပ်အောက်မှ ရှင်း၏ ပါးနုနုလေးထက် သူ့ အနမ်းပွင့်ကို ခြွေသည်။

အချစ်၏စွမ်းအင်ဖြင့် ရင်သည် အေးမြလိုက်သည့် ဖြစ်ခြင်း။

"အစ်ကို..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောချင်လဲ ချစ်ပြောလေ..."

"တခြားမဟုတ်ပါဘူး အစ်ကိုရယ် ရှင်း အပေါ်မှာလည်း အစ်ကို့ရဲ့အချစ်တွေ ထာဝရတည်သွားနိုင်ပါစေလို့ ပြောချင်တာပါ"

"ဪ ရှင်းရယ် မောင့်အချစ်တွေကို မယုံသေး ဘူးလား"

"ယုံလွန်းလို့ပါ..."

"ယုံရင် ဘာလို့ပြောနေသေးတာလဲကွယ်..."

"ရှင်း တို့မိန်းမသားတွေမှာ ရှိတတ်ကြတဲ့ စိုးစိတ်ကြောင့်ပါလေ..."

"အဲဒီ စိုးစိတ်လေးတွေ ဖျောက်ပစ်လိုက် အချစ်ရယ်..."

"ဒီမှာ ရှင်း..."

"ရှင်..."

"မောင်နဲ့ ရှင်းက မကြာခင်ပဲ မင်္ဂလာဆောင်ကြရတော့ မယ့်သူတွေပဲ..."

"မင်္ဂလာဆောင်ပြီးတဲ့ညမှာ ရှင်းက မောင့်ကို မောင်လို့ ပြောင်းခေါ်တော့နော်..."





"မောင်ကတော့ အသည်းနှလုံးလိုထားရတဲ့ ဟောဒီက မောင့်မိန်းမကို သက်လို့မြတ်မြတ်နိုးနိုး ခေါ်မယ်..."

"ပြီးတော့ မောင်နဲ့ ရှင်းအတွက် သားသမီးရတနာတွေ အများကြီးလိုအပ်တယ်နော် ရှင်း..."

သူ့ စကားတွေဆိုတော့ ရှင်း ပြုံး၍နှုတ်ဆိတ်နေသည်။

သူ့ရင်ခွင်၌ ရှင်း ရှက်နေဟန်ရှိ၏။

"ရှင်း..."

ရှင်း ကိုယ်လေးကို တစ်ချက်ဖျစ်ကာ သူခေါ်တော့...

"ရှင်..."

လရိပ်အောက်မှ ချစ်သူကို မော်ကြည့်ရင်း ရှင်း ထူးသည်။

"မောင် ပြောတာတွေ ပြောဦးလေ..."

"လိုသေးလားမောင်ရယ် အရာရာမောင့်သဘောလေ ရှင်းကမောင့်အတွက် ထာဝရပါရမီ ဖြည့်ဖက်ဖြစ်စေရမှာပါ..."

"လိမ္မာလိုက်တာ ရှင်းရယ် သိပ်ချစ်တာပဲကွယ်..."

ရှင်း နဖူးလေးထက် သူ နမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်း…"

"မောင်…"

"မောင့်ကိုလည်း ရှင်းက ပြန်နမ်းပါဦး…"

"အဟင်း…"

ရှင်းရယ်သံ ရှက်ရှက်ကလေး ထွက်ပေါ်လာ၏။

"မနမ်းချင်ဘူးလား…"

ရှင်း ကိုယ်လေးကိုဖျစ်ကာ သူဆိုတော့…

ရှင်း နှုတ်ဖြင့်မဆိုတော့…

ချစ်သူ့အလိုကျရယ် ချစ်သူမျက်နှာဆီ လက်ဖဝါးနုနု ကလေး နှင့် ဖွဖွဆွဲနမ်းကိုင်ကာ ချစ်သူမျက်နှာချော ချောထက် စဉ်ဦးဦးချစ်နှ ပွင့်လေးများအား စီကာသီကုံး လိုက်ပါ လေသတည်း။

"အဟွန်း…ဟွန်း…"

ကြည်နူးသာယာစွာ သက်ဝင်းရှိန် ရယ်သည်။

"ဘာလို့ရယ်တာလဲဟင်…"

"ချစ်လွန်းလို့ပေါ့ ရှင်းရယ်…"





"အဟင်း…"

ကြည်နူးပြုံးလေးနှင့် ရင်ခွင်တွင်နွဲ့နွဲ့လေး ရှင်း မှီတွယ် လိုက်၏။

"သြော်…ရှင်းရေ…"

"ရှင်…"

"ရှင်းရဲ့ ဖေဖေက သိပ်ပြီးအေးဆေးတာပဲ…"

"အဟင်း…ဖေဖေကအရင်ထဲက ဒီလိုပါပဲရှင်…"

"ယခင်ကတည်းက အထက်တန်းကျကျနဲ့ ဘုးရားထူးခံ မျိုးရိုးဆိုတော့ ခုတိုင်လဲ အနေအထိုင်က မြင့်မြတ် အေးဆေး နေတယ်ကွယ်…"

"မောင်ရယ် ပဒေသရာဇ်၊ ကော်ရာဇ်ခေတ်တွေက ပြီးဆုံး သွားပါပြီ…"

"ပြီးဆုံးလည်းပဲ အဲဒီလိုလူမျိုးတွေက သူတို့ပုံစံတွေကိုက ကျန်နေသေးတယ်…"

"ရှင်း ကိုပဲကြည့် ပုံစံတွေကိုက မြင့်မြတ်တယ်…"



www.burmeseclassic.com

www.burmeseclassic.com



"အို..မောင်ကလည်းကွယ် ရှင်းက ပန်းချီအနုပညာသမား ပါနော်..."

"မောင်တို့ လက်ထပ်ပြီးတဲ့အခါ သိပ်ပျော်စရာကောင်းမှာ ပဲကွယ်..."

"ရှင်းက ပန်းချီဆွဲရင် မောင်က အားပေးပြီးကြည့် ရမယ်..."

"အို မဟုတ်တာ..."

"မောင်က အပြင်စီးပွားရေးတွေလုပ်၊ ရှင်း ကလည်း အိမ်ထောင်ရှင်မပီပီ ကျစ်ကျစ်လစ်လစ်နဲ့ လုပ်ကိုင်နေရမှာပါ မောင်ရဲ့..."

"အိမ်ထောင်ထိန်းသိမ်းမှုအပေါ်မှာ ရှင်းက တော်ပြီးသား ဆိုတာ မောင်က သိပါတယ်ကွယ်..."

"ရှင်း ပြောတာ တစ်ခုလိုအပ်နေသေးတယ်..."

"ဘာလဲ မောင်..."

"မောင့်အတွက် သားသမီးတွေ အများကြီးမွေးပေးဖို့ လေ..."





"အို..မောင်ကလည်း..."

ရှင်း ရင်ခွင်ထဲ တိုးဝင်လိုက်သည်။

ရှင်း ကိုယ်လုံးလေးကို သူ တင်းကြပ်စွာ ဖက်ထားလိုက် သည်။

ကြည်နူးစွာဖြင့် ရှင်း၏ လက်ချောင်းနုနုလေးများဆီ သူ နမ်းရှိုက်နေရင်းမှ...

"ဘာလို့ ရှက်လဲအချစ်ရယ်၊ မောင်က အမှန်တွေ ပြောတာပဲ..."

"မောင်နဲ့ လက်ထပ်ပြီးတာနဲ့ အချစ်က အလုပ်တွေပိုပြီး ရှုပ်တော့မှာနော်..."

"မောင်နဲ့ပတ်သက်တဲ့ မောင့်အတွက် အလုပ်တွေပဲ လုပ်ပေးရမှာပေါ့နော်..."

"မဟုတ်ဘူးလား အချစ်ရယ်..."

"အဟင်း..ဟင်း..."

ကြည်နူးစွာ ရှင်း ပြုံးချိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရင်ခွင်ထက် မျက်နှာလေးဖွက်ကာ သာယာစွာ ရယ်နေမိ၏။

"ရှင်းကလေ သိပ်လှတာပဲ၊ ချစ်ဖို့လည်း သိပ်ကောင်းတာပဲ…"

"မောင်ကတော့ ချုပ်ပြောသလိုပါပဲ၊ ကံကောင်းတယ်၊ လိမ္မာပြီးလှပတဲ့ မယားချောကို ရလို့…"

သူ့ဆိုရင်း ရင်ခွင်ထဲမှ ရှင်း မျက်နှာလေးကို မျက်နှာချင်း ရှာဖွေလိုက်၏။

ပြီးတော့ လရိပ်ကလေးအောက်၌ သူတို့မျက်နှာလေး နှစ်ခု ပူးကပ်သွားကြသည်။

ချစ်သူနှစ်ဦးကား အေးမြသာယာလျက်ရှိသော လရိပ်ကလေးအောက်၌…

ထိုအချိန်၌ ပြတင်းတစ်ခုမှ ခန်းဆီးလိုက်ကာ လေးသည်လည်း အနည်းငယ် လှုပ်နေရာမှ အသာလေးပိတ်သွားဟန် ရှိ၏။

"ဟင်း…."



သက်မမောအား ဖြည်းဖြည်းမျှင်း ဆွဲချဖြစ်သည်။

မေငင်းလွဲ ရယ်ပါ။

ရင်မှာ မောကြပ်လာမှုကြောင့် နံရံကို နောက်ကြောပေးမှီထား မျက်ဝန်းအစုံ မှိတ်ထားမိ၏။

ခြောက်သွေ့ဟန်ရှိသော လည်ချောင်းတစ်လျှောက်မှ တံတွေးအစ်ချက်ကို ခက်ခဲစွာ မျိုချဖြစ်သည်။

ထိုမှ စိတ်ကိုလျှော့လျက် မျက်ဝန်းအစုံကို ဖြည်းဖြည်းချင်း ...င့်သည်။

ပြတင်းမှ ခွါကာ အိပ်ခန်းဆီ လှမ်းခဲ့သည်။

အိပ်ရာထက် မောလျှနွမ်းစွာ လှဲအိပ်ဖြစ်တော့ မျက်ဝန်းထဲ... လရိပ်အောက်မှ အရိပ်ကလေးသည် ထွက်မသွား…

ရင်၌ပို၍ ပြင်းပြစွာ မောကျပ်ဆို့ခဲလာသလိုရှိသည်။

စိတ်ကိုလျှော့လိုက်သည် အတွေးတို့ကို ဖျောက်လိုက် သည်။ သို့သော်…

တစ်ညလုံး၏ နှိပ်စက်မှုအား မေဝင်းလှဲက တစ်ကိုယ်တည်း

www.burmeseclassic.com



ကြိတ်ကာ ခံစားနေမြစ်ရပါသတည်း။ ။



– ငါး –

ရုတ်တရက် မိုးက သည်းခဲနဲ ရွာချလိုက်၍ ညမှောင်မှောင်တွင် ကိုနေမျိုးချုပ်သည် ကားကို ဂရုတစိုက် မောင်းနှင်လာခဲ့ရ၏။

အဝေးကြည့်မီးကို ထိုးပြီး ဝိုက်ပါတ်ကို အလုပ်မိုလုပ်နိုင်းရသည်။

သီတင်းကျွတ်ခါနီး သဲကြီးမဲကြီး ရွာနေသော မိုးကြောင့် ဝိုက်ပါတ်လေးပင် မိုးရေတို့ကို မနိုင်ရင်တန် ဖယ်ရှားနေရ သလိုရှိ၏။

ကိုနေမျိုးချုပ်သည် တူရှုသို့ စူးစိုက်ကြည့်ကာ ကားကို



www.burmeseclassic.com

www.burmeseclassic.com



ဂရုတစိုက် မောင်းနှင်လာဆဲ…

"ဟင်း…ရှေ့ကလမ်းဘေးချိုင့်ထဲကနေ ကားမီးအလင်းရောင်က လမ်းပေါ်ထိုးနေပါလား…"

"ဘာဖြစ်လို့ပါလိမ့် ဒီနေရာက မှောင်ကလည်းမှောင် ကားကလည်းကျဲနေပြီ…"

"ငါ ကားရပ်ကြည့်ရင် ကောင်းမလား…"

ကားမီး အလင်းရောင်တွင် ပေါ်လာသော ရှေ့မှ မြင်ကွင်းကြောင့် ….

ကိုနေမျိုးချုပ်သည် နှုတ်မှ တီးတိုး ရေရွတ်လိုက်ပြီး ကားရှိန်ကို လျှော့ချလိုက်သည်။

"ဟာ…ဘယ်လိုလဲ…ဟိုအောက်မှာ ကားတစ်စီးပါလား…"

"ရှိးသားလား၊ မရှိးသားလားလည်း မသိဘူး"

"ကေ့ကားက အရှိန်ပြင်းပြီး မထိန်းနိုင်လို့ လမ်းဘေးထိုးဆင်းသွားတာဖြစ်မယ်…"





အတွေးနှင့် ကိုနေမျိုးချုပ်သည် အောက်ဆင်းကြည့်ရဆောင်းနိုး မဟောင်းနိုးစဉ်းစားဖြစ်၏။

တုံးလုံးလဲနေသည့် ကားထဲတွင် ဘာလှုပ်ရှားမှု မတွေ့ရ။

ဘာကြောင့်မှန်းမသိ မှောက်နေသည့် ကားဆီသွားကြည့်ချင်နေရ၏။

ပတ်ဝန်းကျင်ကိုလည်း လှေလာကြည့်မိသည်။

ပတ်ဝန်းကျင် အနေအထားကို အကဲခတ်လိုက်ပြီး ကားပေါ်မှ ကိုနေမျိုးချုပ် ဆင်းလိုက်သည်။

မှောင်တူးတူးအရပ်၌ ကားမီးရောင်သည် ထင်းထင်း ပပရယ်ရှိနေ၏။

ကားထဲမှာ လူများရှိနေမလား…

ဒုက္ခဖြစ်နေမလား…

မေ့နေတာလား…

သေနေတာလား…

ကြည့်ရတာ မကြာသေးခင်ကမှ ဖြစ်သွားပုံရတယ်…

စောပြည့်ဝန်းစာဝေ

www.burmeseclassic.com



လားပေါင်းများစွာသော အတွေးတို့ဖြင့် ကိုနေမျိုးချုပ်သည် ကားပေါ်မှ ဆင်းကာလမ်းဘေးသို့ ဆင်းခဲ့လိုက်လေ၏။

မိုးကလည်းရွာ…

မိမိတွင်လည်း ထီးကမပါ၍ မိုးရေတို့ဖြင့် တစ်ကိုယ်လုံး ရွှဲနေဖြစ်၏။

နောက်ဆုံး ကိုနေမျိုးချုပ်သည်။

တုံးလုံးလဲနေသည့် ကားဆီရောက်ခဲ့ပြီဖြစ်သည်။

သူ ကားကို ပတ်ကြည့်လိုက်ခိုက်မတော့ ကားတံခါးတစ်ခုသည် ပွင့်နေပြီး အမျိုးသမီးတစ်ဦး၏ ကိုယ်တစ်ပိုင်းသည် ဖြစ်ကတတ်ဆန်း အပြင်သို့ ထွက်ကျနေလေ၏။

"ဟာ…ဒါ…ရှင်း…သက်လျာရှင်းပဲ မျက်နှာတစ်ခြမ်းကတော့ သွားပါပြီ…"

ရှင်း၏ မျက်နှာတစ်ပြင်လုံးကို တွေ့ရခိုက် ကိုနေမျိုးချုပ်သည်။ တုန်ခိုက်အောင်ပင် လန့်ဖျပ်သွားလိုက်ရပါလေ၏။

စိတ်တွေလှုပ်ရှားလန့်ဖျန့်နေသည့် ကြားမှပင် ကိုနေမျိုးချုပ်





သည် ရှင်း၏ လက်မှ သွေးကြောနှင့် ရင်ဘတ်နေရာလေးကို စမ်းကိုင်ကြည့်မိသည်။

"ဟာ…အသက်…အသက်ရှင်နေသေးတာပဲ…"

"ရှိန်…ရှိန်…ကိုရှိန်က ဘယ်မှာလဲ…"

"အို…ငါဒီမှာနေလို့တော့မဖြစ်ဘူး…"

"ရှင်းကို ထားခဲ့လို့လည်း မဖြစ်ဘူး…"

အတွေးနှင့် ဆုံးဖြတ်ချက်နှင့် ကိုနေမျိုးချုပ်သည် သွေးနှင့် မိုးရေတို့နှင့် ရွှဲနစ်နေသော ရှင်း ကိုယ်လုံးလေးအား ပွေ့ချီကာ ကားပေါ်တင် မောင်းထွက်ခဲ့လိုက်ပါသတည်း။

"ဟင်း…"

မနေ့ညက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များ၏ အတွေးများအဆုံး၌ ကိုနေမျိုးချုပ်သည် သက်မမော အားချ ဖြစ်လိုက်ပါ၏။

ကိုနေမျိုးချုပ် အကြည့်တွေကဖြင့် ခုတင်ထက် အိပ်ပျော်နေသော ရှင်း ဆီ၌သာ ရှိနေသည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုချစ်…"

"ဩော်…ဦးဖိုးရှမ်း၊ ကဲ…ထိုင်ပါဦး၊ အခြေအနေလေး

ပြောပြပါဦး"

"ကလေးမ အခြေအနေလား…"

ဦးဖိုးရှမ်း မေးတော့ သူ ခေါင်းညိတ်ပြသည်။

အိပ်ပျော်နေသော ရှင်းဆီ ကြည့်ပြီး ဦးဖိုးရှမ်းက စကား

ဆက်ေ ၊ည်။

"ဒဏ်ရာတွေကတော့ ချုပ်လည်း မြင်တဲ့ အတိုင်း ပဲလေ…"

"မျက်နှာတစ်ခြမ်းနဲ့ ရင်ညွန့်၊ လည်တိုင်၊ လက်မောင်း

နေရာလေးတချို့ စုတ်ပြတ်သွားတယ်…"

"တော်တော်ကြီး တစ်ကိုယ်လုံးမကျိုးမပဲ့သွားတာ

ကံကောင်းတယ်…"

"ဒါဆို တော်သေးတာပေါ့…"

ဦးဖိုးရှမ်းစကားကို သူ ခေါင်းညိတ် ထောက်ခံသည်။ စိတ်ထဲ

အတွေးထဲမှာတော့ သက်လျှာရှင်း အကြောင်းအားသု တွေးလို့ကိုရေ





ဖြစ်နေ၏။

"ကိုချစ်…"

"ဗျာ…"

"ကလေးမက ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော်လည်း ဒီကိစ္စပြဿနာတွေကို ဘာမှမသိဘူး

ဦးဖိုးရှမ်း…"

"ကျွန်တော် ပဲခူးက ပြန်လာတော့ လမ်းမှာတွေ့ရတာပဲ"

"ကျွန်တော် ဆင်းကြည့်တော့ သူ့ မျက်နှာတစ်ခြမ်း ကြောင့်

သိလိုက်ရတာ…"

"သက်လျှာရှင်း ဆိုတာ ဘယ်သူလဲ…"

"သူပဲလေ…"

"အေးလေ…သူက ဘယ်ကလဲ၊ အစကတည်းက ကိုချစ်

နဲ့ သိနေတဲ့သူလား…"

"ကျွန်တော်နဲ့ သိတာတော့ သိပ်မကြာသေးပါဘူး ဦးဖိုး

ရှမ်း…"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပြာ ကျွန်တော့သူငယ်ချင်း ကိုရှိန်ရဲ့ ယူတော့မယ့် ဆဲဆဲ ခနီးလောင်းပါ…"

"ပြီးတော့ သူ့ကိုတွေက ချစ်သူတွေလည်း ဖြစ်တယ်"

"ဒါဆို အခုက ဘယ်လိုဖြစ်တာလဲ ကိုချုပ်ရဲ့"

"အဲဒါ ကျွန်တော်လည်း ဘာမှမသိဘူး၊ ရှိန်ဆီ ဖုန်းဆက်ပြီး တီးခေါက်ကြည့်ရင် ကောင်းမလား…"

"ဒါမှမဟုတ် ကိုရှိန် အိမ်ပဲ အခြေအနေသွားကြည့်ရင် ကောင်းမလားလို့ ကျွန်တော် စဉ်းစားနေတာ…"

"အင်း…ဟုတ်တယ် ကိုချုပ်၊ အကောင်းဆုံးကတော့ ကလေးမလေး သတိရလို့ စကားကောင်းကောင်းပြောနိုင်မှပဲ ဘာလုပ်သင့်တယ် ဆိုတာ စဉ်းစားကြတာပေါ့…"

"ဒီကိစ္စကြီးကတော့ ဘယ်လိုမှ မရှိးသားနိုင်ဘူး ကိုချုပ်"

"ဟုတ်တယ်…ဦးဖိုးရှမ်း၊ ဒီကိစ္စကိုတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုတော့ ကြိုတင်အကြောင်းကြားထားရမယ်…"

"ဒီကိစ္စက ဘယ်လိုမှန်းလည်းမသိဘူး…"





"လုံးဝမရိုးသားတာကတော့ သေချာတယ်…"

"ဘာကြောင့်လဲဆိုတော့ ကားဘရိတ်ကို တမင်ဖျက်စီးထား တာသေချာတယ်…"

"တော်သေးတာပေါ့ ကားကို မိုးမလင်းခင်သွားယူပြီး စပ်ရှေ့ ခိုလိုက်လို့သိရတာ…"

စကားနည်း၍ တည်ငြိမ်သော ကိုနေမျိုးချုပ် ခေါင်းညိတ် ရင်း လေးနက်သော အတွေးတို့ဖြင့် ဆိုသည်။

"ကိုချုပ်…"

"ဗျာ…"

"ကလေးမရဲ့မိဘတွေကရော…"

"ရှင်းမှာ ဖခင်တော့ရှိတာသိတယ်…"

"ဒါဆို သူ့ဖခင်ကိုလည်း အကြောင်းကြားထားရမှာပေါ့ ချုပ်"

"ဟုတ်ကဲ့…မိဘကိုတော့ သားသမီးအဖြစ်ကို အကြောင်း ကြားထားရမှာပေါ့လေ…"

"ဒါပေါ့ ချုပ်ရယ်၊ ကဲ…ကဲ…ချုပ် လုပ်စရာရှိတာလုပ်၊



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံရဲ့တစ်ပွဲကိုလည်းအကြောင်းကြား၊ ဓိန်းကလေးမိဘဆီလည်း အကြောင်းကြားကွဲ၊ ဒါပေမယ့်…"

"ဒါပေမယ့် ဘာဖြစ်လဲ ဦးဖိုးရှမ်း…"

"ကလေးမလေး၊ မျက်နှာကတော့ အခြေအနေဆိုးသွားပြီ"

"တစ်ခု ကံကောင်းသွားတာကတော့ မျက်လုံးမထိခိုက်သွားလို့ဘဲ…"

"ဟူး…တော်သေးတာပေါ့ ဦးဖိုးရှမ်းရယ်…"

"ဒါနဲ့ကလေးမရဲ့ အခြေအနေက ဘယ်လိုလဲ ကိုချုပ်၊ သူ့ခင်ပွန်းလောင်းက ပျောက်နေတာကိုဘယ်လိုမှ အရေးမယူဘူးလား…"

"အဲဒါ ကျွန်တော်လည်း စဉ်းစားနေတာပါပဲ၊ ကျွန်တော်သိသလောက်တော့ သက်လျာရှင်းဟာ သိပ်ကို ချောတယ်၊ လှတယ်၊ နူးညံ့သိမ်မွေ့တယ်…"

"သက်လျာရှင်းကို ရှိန်ကလည်း သိပ်ချစ်တာအမှန်ပဲ…"

"ခုကတော့ ဘယ်လိုဖြစ်မှန်းကို ကျွန်တော်လည်း မသိ





တော့ဘူး…"

"ဒါဆို ကလေးမအကြောင်းကို ဘာမှမပြောသေးဘဲနဲ့ ဖုန်းဖြစ်ဖြစ်၊ လူကိုယ်တိုင်ပဲဖြစ်ဖြစ် ကိုချုပ် သူငယ်ချင်းဆီ ဆက်သွယ်ကြည့်ပါလား…"

"ကျွန်တော်လည်း စဉ်းစားနေပါတယ်…"

"ကလေးမလေး ဘဝကတော့ သနားစရာပဲ ကိုချုပ် လူဖြစ်ရှုံးပြီပေါ့…"

"သူ့ ဒီလိုဘဝရောက်သွားရင် ကိုချုပ် သူငယ်ချင်းက ယူပါဦးမလား…

ဦးဖိုးရှမ်း မေးတော့ ကိုနေမျိုးချုပ် စဉ်းစားသည်။

"ကျွန်တော်လည်း မပြောတတ်ဘူး၊ ဒါပေမယ့် ကျွန်တော်ကတော့ စဉ်းစားတယ်…"

ကိုနေမျိုးချုပ် တစ်ခွန်းချင်းဆိုသည်။

"ဘာအတွက် စဉ်းစားလဲ ကိုချုပ်…"

"သက်လျာရှင်းရဲ့ ဒဏ်ရာတွေကို နိုင်ငံခြားမှာ သွားပြီး



www.burmeseclassic.com

www.burmeseclassic.com

ပြုပြင်လိုက်မယ်…"

"အကုန်အကျတွေ ကျွန်တော်ပဲခံမယ်…"

"ကိုချုပ်ကိုယ်တိုင် သွားကုပေးမယ် ဆိုရင်တော့ အကောင်းဆုံးပေါ့၊ ကလေးမလေးကံကောင်းတာပေါ့၊ ဦးဖိုးရှမ်း ဝမ်းသာတယ်"

"ကိုချုပ်ရဲ့ စိတ်ခါတ်ကိုလည်း လေးစားတယ်ကွယ်…"

"ကျွန်တော်ကိုယ်တိုင် မသွားပါဘူး၊ ဦးဖိုးရှမ်းနဲ့ပဲ သွားရမှာ ပါ…"

သူဆိုတော့ ဦးဖိုးရှမ်း သူ့ကို ကြည့်လာသည်။

တည်ငြိမ်စွာပင် သူက စကားဆက်သည်။

"ဦးဖိုးရှမ်းကို ကျွန်တော် ပြောထားရဦးမယ်…"

"ဘာများလဲ ကိုချုပ်…"

"ကျွန်တော်နဲ့ ပတ်သက်တဲ့အကြောင်းတွေကို သက်လျားရှင်း သိအောင် ဘာတစ်ခွန်းမှ မပြောပါနဲ့လို့…"

"ဒီမြဲနဲ့တိုက်ကြီးမှာ ဦးဖိုးရှမ်းနဲ့ သက်လျာရှင်းပဲ နေပြီး





သက်လျာရှင်းအတွက် လိုအပ်တဲ့ ကျန်းမာရေးကအစအားလုံး ဦးဖိုးရှမ်း ဘာပဲတာဝန်ယူပါ…"

"ကျွန်တော့်အကြောင်းကို တစ်ခွန်းတစ်ပါဒမှ မပြော ပါနဲ့"

"ဦးဖိုးရှမ်းရဲ့ စောင့်ရှောက်မှုနဲ့ ကူညီမှုမျိုးပဲ သက်လျာရှင်း သိပါစေ…"

"ကျွန်တော်ပြောတာ ဦးဖိုးရှမ်း သဘောပေါက်ရဲ့လား…"

သူ့ကို နားမလည်သော မျက်ဝန်းတွေနှင့် ကြည့်ရင်း ဦးဖိုးရှမ်း ခေါင်းညိတ်ပြသည်။

"သက်လျာရှင်းနဲ့ ဦးဖိုးရှမ်းနဲ့ပဲ တိုက်ရိုက် ဆက်သွယ် ပါ…"

"သက်လျာရှင်းဆီက သိသမျှအကြောင်းတွေကို ဦးဖိုးရှမ်းက ကျွန်တော့်ကို ပြန်ပြောပြပေါ့…"

"သက်လျာရှင်း မသိအောင် မမြင်အောင် တစ်ခါတစ်ရံ တော့ ကျွန်တော် သူ့အခြေအနေကို လာကြည့်ပါမယ်…"

"နောက်တစ်ချက်က…"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ချစ်…"

"ရှင်းကို ဆေးသွားကုမယ့်ကိစ္စတွေပါ၊ ရှင်းရဲ့ဖခင်သိအောင် ပြောပြထားရမယ်၊ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့မှတာဝန်ရှိသူတွေနဲ့လည်း တိုင်ပင်ညှိနှိုင်းရဦးမယ်…"

"နောက်ပြီး ရှင်းရဲ့ဖခင်ကိုလည်း လိမ့်ဝှက်ထားရမယ့်ကိစ္စတွေ အတွက် လိမ့်ဝှက်ထားဖို့ ကြိုတင်ပြောပြထားရမယ်…"

"ဒါမှဒီကိစ္စတွေရှိးသားတယ်၊ မရိုးသားဘူးဆိုတာ ကောင်း ကောင်းနဲ့တိတိကျကျ ဖော်ထုတ်သွားနိုင်မယ်မဟုတ်လား…"

သူ့စကားများအတွက် ဦးဖိုးရှမ်းစကားမဆို၊ ခေါင်းသာ ညိတ် သည်။

တစ်ကယ်တော့ ဦးဖိုးရှမ်းသည် ကိုနေမျိုးချစ်၏ မိဘ နေရာတွင်ရှိသော တိုင်းရင်းမြန်မာဆေးဆရာကြီး လူယုံတော်ပင် မဟုတ်ပါတကား။

ကိုနေမျိုးချစ်က မိဘမဲ့ တစ်ကောင်ကြွက်…

ဦးဖိုးရှမ်းကလည်း တစ်ကောင်ကြွက်…



ကျယ်ပြန့်များပြားသော ကိုနေမျိုးချစ်၏ လုပ်ငန်းများတွင် ဦးဖိုးရှမ်းသည် လူယုံတော်အဖြစ်နှင့်…

ကိုနေမျိုးချစ်၏ ကူညီမှုအောက်၌ ဦးဖိုးရှမ်းသည် ကိုနေမျိုးချစ် နှင့်အတူ နှစ်ကောင်ကြွက်ဘဝ နေနေကြခြင်းပါ။

"လက်ရှိ သက်လျာရှင်းရဲ့ ဒဏ်ရာတွေပျောက်ရင် ဦးဖိုးရှမ်းနဲ့နိုင်ငံခြားသွားဖို့ ကျွန်တော်စကတည်းက လုပ်ထားမယ်…"

"လောလောဆယ်တော့ သက်လျာရှင်းကို နာကျင်မှုတွေ သက်သာအောင် ဦးဖိုးရှမ်း ဂရုစိုက်ပါ…"

"စိတ်ချပါကိုချစ် ဒါကြောင့်လည်း သူ့ကို လောလော ဆယ် သိပ်နာနေမှာစိုးလို့ အိပ်ဆေးထိုးပေးထားပြီး ဆေးထည့် ပေးရတာပါ…"

"အင်း တော်သေးတာပေါ့၊ သက်လျာရှင်းဟာ တစ်ဦး တစ်ယောက်ရဲ့လတ်ချက်နဲ့ အသက်မပျောက်သွားလို့…"

"ဟုတ်တယ်၊ လုပ်ကြံတာကတော့ အသေကို လုပ်ကြံ တာပဲ ကိုချစ်…"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီကိစ္စကို သိပ်ပြီး စိတ်ဝင်စားတယ် ဦးဖိုးရှမ်း..."

"သက်လျှာရှင်း စကားကောင်းကောင်း ပြောနိုင်တဲ့အခါမှာ ဦးဖိုးရှမ်းအနေနဲ့ ဒီကိစ္စကို ဂယနထာမေးပါ..."

"စိတ်ချပါ ဦးဖိုးရှမ်းမေးပါ့မယ် ဒါနဲ့ ကိုချုပ်ကို မေးရဦးမယ်..."

"ဘာများလဲ ဦးဖိုးရှမ်း..."

"ကလေးမရဲ့ မျက်နှာဟာ သူ့မျက်နှာအတိုင်း ပြန်မရတော့ဘူး ဆိုရင်ကော..."

"ကိစ္စမရှိဘူးလေ၊ မျက်နှာအသစ်တစ်ခုနဲ့ သူ့ဘဝပြန်ပြီး လှပနေရင်ပြီးတာပဲ..."

"သူ့ရဲ့စိတ်နှလုံးဟာ နူးညံ့သိမ်မွေ့လှပသလို သူ့ရုပ်အဆင်းလေးလည်း လှပနေရင် ကျွန်တော် ကျေနပ်ပါတယ်..."

"တကယ်လည်း သူဟာ လူရောစိတ်ပါ သိပ်ကို လှပလွန်းတဲ့ မိန်းကလေးဆိုတာ ကျွန်တော်သိထားတယ် ဦးဖိုးရှမ်း..."

သူ့စကားများအတွက် ဦးဖိုးရှမ်းသည် ခေါင်းသာညိတ်နေ



လိုက်၏။

"တစ်ခုတော့ရှိတယ်၊ သူ့ခေါ်တ်ပုံရှိရင်တော့ သူ့ခေါ်တ်ပုံ မြပြီး နိုင်ငံခြားမှာ ပြုပြင်လို့ရတယ်..."

"ကိစ္စမရှိပါဘူး ဦးဖိုးရှမ်း၊ သူ့မျက်နှာလေး ပြန်ပြီးလှပရင် ပြီးတာပါပဲ..."

ဦးဖိုးရှမ်း ခေါင်းညိတ်သည်။

ကိုနေမျိုးချုပ်သည် ထိုင်ရာမှ ထရပ်လိုက်သည်။ အိပ်ပျော်နေသော သက်လျှာရှင်းထံ လှမ်းသွားလိုက်၏။

ပြီးတော့ သက်လျှာရှင်း အဖြစ်ဆိုးလေးအား သူ အတန်ကြာကြီး ငုံ့ကြည့်နေမိသည်။

"ဟင်း..."

ဘယ်လိုတွေးရမှန်းမသိ၊ နောက်ဆုံး သူသည် သက်မ မောကို ချစ်ရ၏။

သူ၏ တည်ငြိမ်လွန်းသော အသွင်ကို ဦးဖိုးရှမ်းသည် ငေးကြည့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်သော၊ လေးနက်သော၊ ထက်မြက်သော ကိုနေမျိုးချုပ်၏ အရည်အချင်းတွေကို ဦးဖိုးရှမ်းက နားအလည်ဆုံးရယ်ပါ။

အသက်ငယ်သည့်တိုင် အလုပ်လုပ်လေတိုင်း ကိုချုပ် ၏ တိကျပြတ်သားမှုတွေကို ဦးဖိုးရှမ်းအကြိုက်ဆုံး....

သဘောအကျဆုံး...။

ယောကျ်ားကောင်း တစ်ယောက် ပီသလွန်းသော ကိုနေမျိုးချုပ်၏စိတ်ဓာတ်နှင့် အသွင်ကို ဦးဖိုးရှမ်းသည် အထင်ကြီးသည်။ သဘောကျသည်။ ဦးဖိုးရှမ်းဘက် လှည့် လာပြီး...

"ဦးဖိုးရှမ်း..."

"ပြော..ကိုချုပ်.."

"ကျွန်တော် ပြန်မယ်နော်၊ လုပ်စရှိတာတွေ ကျွန်တော် ဆက်လုပ်လိုက်မယ်၊ ကျွန်တော်မှာထားတဲ့အတိုင်းပဲ ဦးဖိုးရှမ်း ကူညီပေးပါ..."

"စိတ်ချပါ ကိုချုပ်၊ စိတ်ချပါ..."





"လိုအပ်တဲ့အခါ ကျွန်တော်ဆီ ဖုန်းဆက်ပါ သက်လျှာရှင်းတော့ မသိပါစေနဲ့ပေါ့၊ ကျွန်တော်လည်း ဖုန်းဆက်မယ်၊ လာလည်းကြည့်ပါ့မယ်..."

"ကောင်းပြီ ကိုချုပ်၊ အစစအရာရာ စိတ်ချပါ..."

သက်လျှာရှင်း အခန်းထဲမှာ ကိုနေမျိုးချုပ် ထွက်ခဲ့လိုက်သည်။ ဆင်ဝင်အောက်အထိ ကိုနေမျိုးချုပ်ကို ဖိုးရှမ်းက လိုက်ပို့ပေးသည်။

ဆင်ဝင်အောက်မှ ကိုနေမျိုးချုပ် ကားလေးဖြည်းညင်းစွာ မောင်းထွက်သွားသည့်တွင်...

ဦးဖိုးရှမ်းသည် ကိုနေမျိုးချုပ်၏ နောက်ကျောဆီသို့ လေးနက်သော၊ လေးစားသောအတွေးများ၊ အကြည့်များနှင့် ရှိကျန်ခဲ့ရပါသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

## - ခြောက် -

သက်ဝင်းရှိန်မျက်နှာ ချော့ချော့က ထိခိုက်မှု၊ နာကြည်းမှုတွေနှင့် နီမြန်းနေရချေ၏။

ရှင်း၏ ဖခင်ကြီးရှေ့၌ ပင်လည်း သူ ဣန္ဒြေမဆောင်နိုင်၊ သွားကိုစေ့ကြိတ်ကာ မျက်ဝန်းအစုံကို မှိတ်လျက် နားထင်ထက် လက်ဖြင့်ထောက်ကာ လှုပ်ရှားနေရချေ၏။

စိတ်ထိခိုက်ခြင်း၊ ရှက်လွန်းခြင်း၊ မိမိသမီးအား နားမလည်နိုင်တော့ခြင်းအတွက် ဖခင်ဖြစ်သူ ဦးစံထွန်းခပင်လျှင် မျက်နှာကြီးလျက် စကားတစ်ခွန်းမျှ မဆိုနိုင်အောင်ရှိ၏။

ရှင်းတို့၏ အိမ်တွင် လူသုံးယောက်သာရှိသည်။



ဖခင် ဦးစံထွန်းခ၊ သက်ဝင်းရှိန်နှင့် မေဝင်းလဲ့ တို့သာပါ။

သုံးယောက်လုံးက စကားအဆို ကိုယ့်ခံစားချက်တွေနှင့် ကိုယ်သာရှိနေကြလေ၏။

နေရာတွင် ကိုရှိန် ထိုင်မနေချင်တော့။

ခံစားမှုတွေက သူ့ ရင်အားမီးနှင့် မြိုက်သလိုရှယ်ပါလေ။

သူ ထိုင်ရာမှ ထရပ်လိုက်သည်။

နီရဲ၍ စွတ်စိုနေသော သူ့မျက်ဝန်းတွေကိုလည်း သူ မမြင်စေလို။

ပြူတင်းတစ်ခုတွင် သူ သွားရပ်လိုက်သည်။

ခြံထဲရှိ ယုဇနပင်အုပ်အုပ်ကလေးနေရာသို့ အကြည့်များရောက်၍…

ချစ်သူ ရှင်းနှင့် သူတို့ ချစ်တင်းနှီးနှောခဲ့ပုံလေး ကို ပြန်၍ ဆောင်အမှတ်ရကာ…

ရင်မှ အသည်းသည် ကြွေရပါ၏။

သူ မျက်ဝန်းမှ အရည်ကြည်များ စီးကျ၍လာသည်။

---



www.burmeseclassic.com

www.burmeseclassic.com



မေဝင်းလှဲ့သည် သရုပ်ဆောင်အကောင်းဆုံးအသွင်ဖြင့် ရှိရှင်း တိတ်ဆိတ်ခြင်းအား စတင်ဖြိုခွင်းလိုက်ပါ၏။

"ဘဘရယ် တော်သေးတာပေါ့နော်၊ ဖိတ်စာတွေမကမ်း ရသေးလို့လေ…"

"အင်း‥ဟုတ်တယ်၊ ဘဘ စိတ်ထဲ ဘဘသမီး ခုလိုလုပ် တာဘယ်လိုမှ မယုံနိုင်လို့ ဘယ်လိုမှကို လက်မခံနိုင်သေးဘူး…"

"မယူမဖြစ်လို့ ယူရမယ့်ချစ်သူရှိနေရင်လည်း ရှိန်ကို ပွင့်ပွင့် လင်းလင်းပဲပြောပေါ့…"

"ခုတော့ မင်္ဂလာပွဲအတွက် အစီအစဉ်တွေ အားလုံး လုပ်ထားပြီးမှများ လုပ်ရက်သွားလိုက်တာ…"

"ဒါပေမယ့် ဘဘအနေနဲ့ သမီးဒီလိုလုပ်သွားတာ ဆိုတော့ကို ဘယ်နည်းနဲ့မှ လက်မခံနိုင်အောင်ဖြစ်နေတယ်…"

"တစ်ခုခုမှာ အမှားအယွင်း တစ်ခုခုတော့ရှိနေပြီ ထင်တယ်ကွယ်၊ ဘဘသမီးမှ ဟုတ်ရဲ့လား၊ ဘဘသမီးမှ ဟုတ်ရဲ့ လား…"





ခေါင်းယမ်းရင်း လက်မခံနိုင်အောင်ပင် ဦးစံထွန်းခ ဆိုနေ မိသည်။

သက်ဝင်းရှိန်သည် နာကျင်စွာဖြင့် အတွင်းသွားများ ဖော့ထားလိုက်မိ၏။

နာကြည်းမှုဖြင့် မျက်ဝန်းအစုံကို အမှိတ်တွင် ရင်၌ နာကြည်းခြင်း ၊ ကြေကွဲခြင်းတွေက ထပ်ဆင့်၍ ပေါ်လာသည်။

*ကိုသက်ဝင်းရှိန်…*

*တိုတိုနဲ့လိုရင်းပဲ စာရေးခဲ့ပါတယ်။ ကိုရှိန်ကို ခွတ်မိတ်ပြီး ချရင် ကိုရှိန်ပဲ နောက်ပိုင်းမှာ စိတ်ဆင်းရဲရမှာစိုးလို့ ရှင်း ချစ်သူ နောက်ရှင်းလိုက်သွားပါပြီ။ ရှင်းကို ခွင့်လွှတ်ပါလို့တော့ မတောင်း ပန်ချင်တော့ပါဘူးလေ။ ဒါပါပဲ ကိုရှိန်ရယ်။ ကိုသက်ဝင်းရှိန် နှုတ်ဆက်စာမဲပါတဲ့…*

*ရှင်း…*

အိမ်ရှေ့ဧည့်ခန်းတွင် ရှင်း စာတစ်စောင်ရေးခဲ့ပြီး စားပွဲပေါ်တင် သွားခဲ့သည့် စာပါ။



www.burmeseclassic.com

www.burmeseclassic.com

မြင်ယောင်အမှတ်ရကာ နှုတ်ခမ်းကို ပေါက်ထွက်မတတ် သူ ကိုက်ထားမိသည်။

စိတ်ကို တင်းထားလိုက်သည်။

ယုဇနအပင်အောက်မှ အကြည့်ကို ဖယ်ရှားလိုက်ပြီး၊ ပြာလွင်နေသော ကောင်းကင်မျက်နှာဆီ အကြည့်ပို့လိုက်သည်။

အံ့သြတယ် ရှင်း၊ သိပ်အံ့သြတယ်ကွာ…

မယုံနိုင်အောင်ကို နာကြည်းတယ်၊ အံ့သြတယ်၊ တုန်လှုပ်မိတယ်ဗျာ…

မထင်ဘူး ရှင်းရယ်၊ မထင်ဘူး ၊ မင်းကို သိပ်အထင်ကြီးထားသူပါ…

မင်းကို ငါ အထင်ကြီးမိတာတွေအတွက် နှမြောမဆုံးဘူး၊ ရှင်းရာ မင်းလုပ်ရက်မှတော့ ငါက ယောကျ်ားပဲ၊ အရှုံးမရှိပါ ဘူးကွာ…

ငါ့ထက် မင်းကို ပိုချစ်နိုင်သူများ ရှိတယ်ဆိုလို့ကတော့ ငါ အရှုံးပေးလိုက်ပါတယ်…

ဒါပေမယ့် ငါ့နှလုံးသားကို မင်းလိမ်ညာလှည့်စား ယှ





ဆင်သွားတာကိုတော့…

ငါ ယုကျုံးမရဘူးကွာ၊ ငါ အသည်းနာလှတယ် ရှင်းရာ…

မင်း…မင်းကို ငါ မုန်းတော့မုန်းတယ် ရှင်း…

မင်းရဲ့အလှဆိုတာ ရက်စက်မှုသရုပ်ဆောင်နေတဲ့ အလှပါ…

မုန်းတယ်၊ မင်းကို မုန်းတယ်၊ မုန်းတယ် ရှင်း…

မုန်းတယ်ဟု ရင်ထဲမှ အားရပါးရပြောနေသည့်တိုင် မျက်ရည်တွေက သူ့ပါးပြင်ချောချောထက် စီးဆင်းကျနေကြ၏။

သူ ပြတင်းမှ ခွာခဲ့လိုက်သည်။

ရှင်း၏ဖခင်နှင့် မေဝင်းလှဲဖက် သူ မကြည့်…

မေဝင်းလှဲသည် စကားတစ်ခွန်းမျှ ဝင်မဆို။

စိတ်ထိခိုက်သော အသွင်နှင့်ပေမယ့် သူ့မျက်ဝန်း၏ ခင်ကြီးသည်လည်း အရှက်တရားတို့ ဖုံးဝေးခံစား နေရသည်။

မေဝင်းလှဲသည် အားလုံးကိုကြည့်ပြီး ထိုင်ရာမှ ထသွား လိုက်သည်။

ထိခိုက်နေသောအသွင်နှယ် တစ်လှမ်းချင်းလှမ်းထွက်သွား


www.burmeseclassic.com

www.burmeseclassic.com

သော မေဝင်းလှဲ့ဆီသို့ ဦးစံထွန်းခသည် စိတ်ကူးတစ်ခုရလာ ဟန်ရှိ၍ သက်ဝင်းရှိန်ထံကြည့်လိုက်ပြီး…

"လူလေး…ဘဘတော့ စိတ်ကူးတစ်ခုရမိတယ်…"

ဘယ်လိုစိတ်ကူးလဲဟူသော အကြည့်နှင့် သက်ဝင်းရှိန် ကြည့်လာသည်၊ နှုတ်ကမူ သူ စကားမဆို…

စီဒီးနားမှာ လုပ်တော့မယ့် မင်္ဂလာရက်ကလည်း နီးကပ်နေပြီ မဟုတ်ပါလား…

"အကောင်းဆုံး ဘဘ စိတ်ကူးရတာပြောရမယ် ဆိုရင်…"

"အားလုံးမျက်နှာ မပျက်အခြေအနေကောင်းအောင်၊ အခု ဘဘ သမီးနဲ့ မင်္ဂလာပွဲအစား လူလေးနဲ့ ရှေ့နေလေး မေဝင်းလှဲ့တို့ပဲ…"

ဦးစံထွန်းခ စကားမဆုံးခင် သက်ဝင်းရှိန် သွားကို ခဲလိုက်သည်။

နာကြည်းနေသည့် အသည်းကလည်း ဖိနှိပ်ခေါ်ချင်နေရ သည် မဟုတ်ပါလား…

စောပြည့်ဝန်းစာပေ



မိမိအား တစ်ဘက်သတ်နှစ်သက်နေသည့် မေဝင်းလှဲ့ သဘောထားကို သူအသိဆုံး ။ မိမိအနေနှင့် မေဝင်းလှဲ့မိဘများထံ သွားရောက်တောင်းရမ်းလျှင် ရမည်ဟုလည်းယုံကြည်သည်။

မေဝင်းလှဲ့ ကိုယ်တိုင်ကလည်း မိမိအားလက်ခံမည်ကို ဗိုလ်ယုံကြည်၏။

တွေးရင်းက သက်ဝင်းရှိန်သည် အတွင်းသွားတို့ဖြင့်ကာ ခေါင်းညိတ်လိုက်၏။

"အင်း…ဘဘသမီးကို အားလုံးက လိမ္မာလှချေရဲ့၊ တော်လှချည်ရဲ့လို့ ဦး မွမ်းမဆုံးရှိနေကာမှ…"

"ခုတော့ ဘဘသမီး ယောက်မမြင်းစီး ထွက်ပြ သွားပြီပေါ့ လူလေးရယ်…"

"ထားလိုက်ပါတော့လေ၊ ဖူးစာဆိုတာ လူလုပ်လို့မှ မရတာ"

"လူလေးတို့ချင်း ဖူးစာမပါလို့ဘဲ မှတ်ပါတော့ကွယ်…"

ဧည့်ခန်းထဲ စကားသံတွေက တိတ်ဆိတ်သွားပြန်သည်။

မှန်သည်။

စောပြည့်ဝန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးစံထွန်းခ စကားတွေကို နားထောင်ရင်း…

ဦးစံထွန်းခ ရင်ထဲမတော့ မည်သို့ရှိမည် မသိသော် လည်း…

သက်ဝင်းရှိန်၏ ရင်ထဲတွင်ကား…

ကြေကွဲခြင်း၊ ရှက်ခြင်း၊ ထိနိုက်ခြင်း၊ နာကြည်းခြင်းများ စွာတို့ဖြင့် သက်ဝင်းရှိန်သည် မေဝင်းလှဲ့အားလက်ထပ် ရန်အတွက်…

မေဝင်းလှဲ့ မိဘများထံ ဦးစံထွန်းခ အကူအညီဖြင့် တောင်းရမ်းရန် ဆုံးဖြတ်လိုက်တော့သတည်း။ ။



– ခုနစ် –

"ဘုရားရေ ငါအခုဘယ်ရောက်နေလဲမသိဘူး…"

"ငါ့ မျက်နှာနဲ့ ကိုယ်မှာလည်း ဒဏ်ရာတွေနဲ့…"

"ငါ ပဲခူးသွားမယ်ဆိုတာ မေဝင်းလှဲ့တစ်ယောက် ကိုတော့ ဖုန်းဆက်အကြောင်းကြားထားခဲ့တာပဲ…"

"မေဝင်းကတော့ မောင့်ကို ပြောမြှမှာပါ…"

"မေမေနဲ့မောင်က ငါ့ကို ပဲခူး သွားရှာနေကြမလားပဲ…"

"မင်္ဂလာရက်ကလည်းနီးပြီ ခုက္ခပါပဲ…"

"မောင်ရယ်…"

"မေမေနဲ့ မောင်ကတော့ငါ့အတွက် စိုးရိမ်နေကြရှာ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်…"

"ဖေဖေရယ်…"

"မောင်ရယ်…"

ချစ်သူနှင့် ဖခင်ကို အားကိုးတကြီးအခေါ်၌ မျက်ဝန်းလေးအစုံမှ မျက်ရည်မိုးတို့ သွန်ကျလာ၏။

"သမီး…"

နောက်ဘက်မှ ဦးဖိုးရှမ်း ခေါ်သံကြားသည်တွင် မျက်ရည်တွေနှင့် ရှင်း လှည့်ကြည့်သည်။

"ဘာလို့ ငိုနေတာလဲ သမီး၊ မငိုပါနဲ့၊ အနာဆေးထည့်ထားတယ်၊ တော်ကြာ မျက်ရည်တွေနဲ့ ပွနေဦးမယ်…"

"အနာ မြန်မြန်ခြောက်ပြီး ပျောက်ဖို့ အရေးကြီးတယ်ကွဲ့"

ဦးဖိုးရှမ်းဆိုတော့ ရှင်း မျက်ရည်တွေ သုတ်လိုက်ပြီး ဦးဖိုးရှမ်းထံ ကြည့်နေမိ၏။

အပြစ်ကင်းစင်လွန်းသည့် ရှင်း မျက်ဝန်းပြာလေးထဲ ကိုလည်း ဦးဖိုးရှမ်း ကြည့်ဖြစ်သည်။





"ဘဘ…"

ရှင်း ခေါ်သည်။

"ပြော သမီး…"

"ရှင်း ဘယ်ရောက်နေလဲဟင်…"

"ဘဘ အိမ်ကိုပေါ့…"

"ရှင်းကို ဘဘ ဘယ်မှာ တွေ့တာလဲဟင်…!"

"ရန်ကုန်အဝင် ပဲခူး ကားလမ်းအောက်ဘက်မှာ မိုးတွေကလည်း တအားရွာနေတယ်၊ သမီးက ကားထဲကနေ ကိုယ်တစ်ပိုင်း ထွက်ကျနေတယ်…"

ဦးဖိုးရှမ်း စကားတွေ နားထောင်ရင်း ရှင်း ခေါင်းလေး သာသာညိတ်သည်။

မိမိကား ဘရိတ်အကြောင်းအား စဉ်းစားတိုင်း စဉ်းစားမရ ဖြစ်ရ၏။

ကားအရှိန်မြင့်လာပုံနှင့် ကားဘရိတ်နင်းမရတော့သည့် အဖြစ်ကို မြင်ယောင်ရင်း ကြက်သီးထဖြစ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကားလေး လမ်းဘေးထိုးကျသွားသည်နှင့်ပင် ရှင်းလည်း ဘာမှမသိရပါလေတော့။

ရှင်း သတိရလာတော့ နာကျင်မှုသည် အလျှင်းမရှိ တော့ဘဲ ရှင်း ရှေ့မှ ဘဘဦးဖိုးရှမ်းကို ရှင်းတွေ့လိုက်ရသည်။

မနေ့ကတော့ ဘဘဦးဖိုးရှမ်းသည် ရှင်းကို ဆက်၍ အနားယူခိုင်းသည်။

ရှင်း အဖြစ်တွေကို ရှင်း စဉ်းစားပါဦးဟု ဆိုသည်။

ရှင်းကို တခြားတော့ ဘာစကားမှ မဆိုခဲ့။ မမေးခဲ့။

သည်နေ့တော့ ရှင်းအဖြစ်ကို ဘဘဦးဖိုးရှမ်း မေးတော့ မည်ဟု ထင်သည်။

ရှင်း ကလည်းနောက်ပိုင်း ရှင်း အဖြစ်ကို ရှင်း သိချင်နေ သည်ပါ။

"ကားလမ်းဘေး ထိုးဆင်းသွားတော့ ရှင်း ဘာမှမသိ တော့ဘူး ဘဘ…"

"မိုးရွာတာကော သမီး သိလား…"





"ဟုတ်ကဲ့…ရှင်း သိတဲ့အချိန်က မိုးနည်းနည်းရွာနေတယ်၊ မိုးရွာလို့ စလစ်ဖြစ်သွားတာလည်းပါမယ် ထင်ပါတယ် ဘဘ…"

"စလစ်ဖြစ်တာ မဟုတ်ပါဘူး၊ သမီးရဲ့ကားဘရိတ်ကို တစ်ယောက်ယောက်က သမီး ဒုက္ခဖြစ်အောင်လုပ်ထားဝ.၁…"

"ရှင်…ဘရိတ်ကို မမိအောင်လုပ်ထားတယ် ဟုတ်လား ဘဘ…"

"ဟုတ်တယ်…တနည်းနည်းပြောရရင် သမီးကို သေကြောင်း ကြံတာ…"

"ရှင်…သေကြောင်းကြံတာ…"

"ဟုတ်တယ်၊ သမီးကိုတစ်ဦးတစ်ယောက်က လုပ်ကြံလိုက် တာ၊ ဝိဝိရိရိကိုလုပ်ကြံလိုက်တာပဲ…"

"ဒါကြောင့် ဒီကိစ္စမရိုးသားဘူးဆိုတာသိလို့ ဘဘ မြန်မာ နိုင်ငံရဲ့တပ်ဖွဲ့ကို အကြောင်းကြားထားတယ်…"

"မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ကလည်း ဒီအမှုကိုအခြေအနေကောင်း ကြည့်ရင်း အချိန်ပေးပြီဖော်ထုတ်ပေးပါမယ်တဲ့…"



www.burmeseclassic.com

www.burmeseclassic.com



ရှင်း မျက်နှာလေးတွန့်ကာ နားထောင်နေမိသည်။

ရှင်း စဉ်းစားမရအောင် ဖြစ်သွားသည်။

ရှင်းကို သေကြောင်းကြံရအောင် ရှင်းတွင် ဘာခြားမိတ်ဆွေလည်းမရှိ။

မေဝင်းလှဲ တစ်ယောက်သာ ရှိသည်။

မေဝင်းလှဲသည် ယခင်ထဲက အိမ်နီးခြင်းအရင်းနှီးကြီး မဟုတ်သော်လည်း မေးပြောခေါ်ထူးမှု ရှိသည်။

မောင်နှင့်ပတ်သတ်ပြီးမှ မေဝင်းနှင့် ရင်းနှီးမှုများလာရုံ မျှသာ ရှိသည်။

တွေးဆဲ ဘဘဦးဖိုးရှမ်းခေါ်သံကြောင့် လှုပ်ရှားစွာ ရှင်း ထူးသည်။

"သမီး ဘယ်လိုဖြစ်တာလဲ၊ ဘဘကို ပြောပါဦး…"

ရှင်း တဲတွေးတစ်ချက်ကို မျိုချလိုက်သည်။ ပြီးမှ…

"ရှင်း…ဘယ်လိုပြောရမှန်တောင် မသိတော့ပါဘူး ဘဘရယ်…"



"ဘဘ မေးတာကိုတော့ သမီး ဖြေတတ်လား…"

"ဟုတ်ကဲ့…"

"ဒါဆို ဘဘ မေးမယ်…"

"ဟုတ်ကဲ့၊ မေးပါ ဘဘ…"

"ပဲခူးသွားဖို့ သမီး ဘယ်သူ့ကိုပြောပြလဲ…"

"မေဝင်းလှဲ့ကို ပြောပြခဲ့ပါတယ် ဘဘ…"

"မေဝင်းလှဲ ဆိုတာဘယ်သူလဲ…"

"မေဝင်းလှဲ့ဆိုတာ ရှင်းရဲ့ အိမ်နီးခြင်းမိတ်ဆွေပါပဲ၊ သူက …နေမတစ်ဦးပါ…"

"သူနဲ့က သိပ်ရင်းနှီးလား…"

"အရင်းနှီးကြီးတော့ မဟုတ်ပါဘူး ဘဘ…"

"မောင်နဲ့ ပတ်သတ်ပြီးနောက်ပိုင်းမှာ နည်းနည်းပိုရင်းနှီး …ကြတယ်လို့ပြောရမယ်…"

"သြော်…"

ဆေးဆရာကြီး ဦးဖိုးရှမ်း စဉ်းစားရင်း ခေါင်းညိတ်သည်။

www.burmeseclassic.com



ပြီးမှ…

"အဲဒီကလေးမက ဘယ်မှာနေတာလဲ…"

"အိမ်နီးခြင်းပါ ဘာဘ၊ ဟို..ခြံခြင်းကပ်ပေါ့…"

"ဪ..သမီးမှာ မိဘရှိလား…"

"ဟုတ်ကဲ့..ဖေဖေတစ်ယောက်ပဲရှိပါတယ်ရှင်…"

"ရှင်းက မကြာခင် မင်္ဂလာဆောင်တော့မှာပါ ဘာဘ…"

"မင်္ဂလာရက်က နီးပြီလား…"

"ဟုတ်ကဲ့…နီးပါပြီ ဘာဘ.."

"ခုတော့ ရှင်း မျက်နှာ ဒဏ်ရာတွေကြောင့် မင်္ဂလာ

ပျက်ရတော့မယ်ထင်ပါတယ် ဘာဘရယ်…"

"သဘက်ခါဆိုရင် ရှင်း ရဲ့မင်္ဂလာဆောင်မယ့်နေ့ပဲလေ…

"ဪ…"

"သမီးခင်ပွန်းလောင်းနဲ့ မဝင်းလှဲကရောရင်းနှီးကြလား…

"ဟုတ်ကဲ့..ဘာဘ သူတို့ချင်းလည်း ရင်းရင်းနှီးနှီးသိကြ

တယ်…"





"သူတို့ကကော အစကတည်းက သိတာလား…"

"ဟုတ်ကဲ့..ရှင်းနဲ့မောင် မရင်းနှီးခင်ကတည်းက သူတို့လည်း

ရင်းနှီးနေကြပါပြီ…"

"ဪ…"

မထင်ကောင်းသော်လည်း ထင်ချင်သောလူနှင့်မို့ ဦးဖိုးရှမ်း

ခေါင်းညိတ်၏။

"ရှင်း ပဲခူးသွားတော့ ကားကိုဖြည်းဖြည်းပဲမောင်းတာ

ဘာမှမဖြစ်ပါဘူး …"

"အပြန်မှာမှ ရှင်း အလောတကြီး ကားကိုမြန်မြန် မောင်းလို့

ဖြစ်ရတာပါ…"

"မဟုတ်ဘူး သမီးကားကို စစ်ဆေးပြီးပြီ ကားဘရိတ်ကို

တစ်ယောက်ယောက်လုပ်ထားတာ သေချာပါတယ်…"

"ဘယ်သူလုပ်တယ်ဆိုတာတော့ အဘလည်း မပြောတတ်

ဘူးပေါ့ကွယ်…"

ဘာဘ စကားတွေကို ရှင်း ငြိမ်သက်စွာဖြင့် နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

ဘဘ စကားတွေ နားထောင်ရင်း ရှင်းသည် မေဝင်းလှဲ့ကို မြင်ယောင်လာသည်။

ဖြစ်နိုင်သလားလို့လဲ ရှင်းစဉ်းစားသည်။

မေဝင်းလှဲ့သည် ကိုရှိန်ကို အရာရာ၌ လိုသည်ထက် ပို၍ လိုက်ရောခဲ့သည်။

တစ်ခါတစ်ရံ ကိုရှိန်ကို မေဝင်းလှဲ့သည် ငေးမောကြည့်နေ တတ်၏။

ရှင်းက မြင်၍ ဘာကြည့်နေတာလဲဟု မေးခဲ့ဖူးသည် အချိန်က…

ဒီကောင် ရှင်းလိုအချောလှကိုရတာ သိပ်ကံကောင်းတယ် လို့ တွေးပြီးကြည့်နေမိတာ…

ဟု မေဝင်းလှဲ့ ဖြေခဲ့ဖူး၏။

ရှင်းလည်း ယုံကြည်ခဲ့သည်။

အပ်စပ်မှု မရှိခဲ့ဘူး၍ မေဝင်းလှဲ့ အပေါ်၌ ရှင်းသည်





ယုံကြည်မှုနှင့် သံသယကင်းစင်ခဲ့ပါ၏။

ဘဘဦးဖိုးရှမ်း ပြောသည့် စကားတွေက ရှင်းအား အတွေးမျိုးစုံဖြစ်စေသည်။

သို့သော် မေဝင်း မဖြစ်နိုင်ပါဘူးဟု ရှင်းထင်၏။

"သမီး…"

"ရှင်…"

"သမီး ဘာစဉ်းနေလဲ…"

"ရှင်း မစဉ်းစားတတ်တော့သလောက် ၊ မစဉ်းစားဝံ့သ လောက်ပါပဲ ဘဘရယ်…"

"ဒါဆိုလည်း သမီး ဘာမှမစဉ်းပါနဲ့၊ သမီးရဲ့ ကျန်းမာ ရေးအတွက်ပဲ စဉ်းစားပါ…"

"မလိုတော့ဘူးထင်ပါတယ် ဘဘရယ် ကားမှောက် တာက သက်မသေပေမဲ့ မျက်နှာတစ်ခြမ်း ပျက်သွားမှတော့ ဘယ်သူက ဘောကျပါဦးမလဲရှင်…"

"ရှင်း လှဖြစ်ရုံးပြီပဲ ရှင်း အတွက်တာမှ မလိုအပ် တော့ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘဘရယ်…"

"ဘယ်ဟုတ်မလဲ သမီး စိတ်မလျှော့ပါနဲ့ လူကောင်းတစ်ယောက်အတွက် ကုသိုလ်ကံကောင်းက ရှိပါတယ်"

စိတ်တို့ အဆေးရောက်ဟန် ရှင်း ငေးငိုင်နေလိုက်သည်။

အပျက်ပျက်နှင့် မိမိဘဝတကယ် အရှုံးတွေနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။

"သမီး…"

"ပြောပါ ဘဘ;·"

"သမီး မျက်နှာကို နိုင်ငံခြားမှာ ဘဘ ပြင်ပေးမှာပါ…"

"ရှင်…"

ဘဘကို ရှင်း ဖျတ်ခနဲ ကြည့်မိသည်။

အံ့သြမှုသည်လည်း ရှင်းအတွက် မဖော်ပြနိုင်အောင်ပါ။

"တကယ်ပြောတာပါ သမီး၊ ဘဘနဲ့ သမီး နိုင်ငံခြားမှာ ဆေးသွားကုကြမယ်…"

"သမီးဟာ ကုသိုလ်ကံတရားလှပတဲ့ မိန်းကလေးပါ…"





"ဘဘရယ် ရှင်း ဘယ်လိုပြောရမှန်း မသိတော့ဘူး…"

"ဘဘ ပိုက်ဆံတွေ အများကြီးကုန်နေမှာပေါ့…"

"ဘဘ ပိုက်ဆံမကုန်…အဲလေ…ဒါလေးလောက် ကတော့ ကုန်တယ် မခေါ်ပါဘူးကွယ်၊ သမီးမျက်နှာလေး ပြန်ကောင်းဖို့သာ အဓိကပါ…"

"ဘဘပြောချင်တာက သမီးမျက်နှာဆေးသွားမကုခင်၊ သမီးရဲ့ခင်ကိုတော့ အကြောင်းကြားသွားရမယ်…"

"သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း ညှိနှိုင်းတိုင်ပင်ထားရဦးမယ်၊ သမီးရဲ့အဖြစ်မှန်ကိုပြောပြရမယ်…"

"ပြီးတော့ သမီးဖခင်ကိုစိတ်အေးအေးထားဖို့နဲ့ အခြေအနေကိုကြည့်ပြီး ဘာမှမသိသလိုဘဲနေဖို့ သမီး ပြောပြထားရမယ်…"

"ဒီကိစ္စကတော့ တကယ်မရိုးသားတာကတော့ အမှန်ပဲလေ၊ ဒါကြောင့် ဘဘတို့ဘက်ကလည်း အကွက်စေ့စေ့လုပ်ရမယ်…"

"သမီးဖခင်ကမယုံဘူးဆိုရင် သမီးဖခင်ကို ဒီအိမ်မှာလာကြည့်နိုင်တယ်လို့ပြောလိုက်…"

www.burmeseclassic.com

www.burmeseclassic.com



"သမီးဖခင်ကိုခေါ်လိုက်၊ နောက်ပြီး သမီးကိစ္စကို ဘယ်သူ့ကိုမှမပြောပြဖို့ နှုတ်ပိတ်ထား..."

"ကုန်ကုန်ပြောရရင် သမီးရဲ့ခင်ပွန်းလောင်းတောင် မသိစေနဲ့လို့မှာထား..."

"ဖေဖေ့ဆီကို သမီးဖုန်းဆက်ရင် ငိုမိမှာပဲ ဘဘ..."

"ဒါဖြင့် ဘဘပဲအကျိုးအကြောင်းပြောပြီး ဖုန်းဆက်ပေးရမလား..."

ဆိုတော့ ရှင်း ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီ၊ ဘဘ ဖုန်းဆက်ပေးမယ်၊ သမီး ဖုန်းခေါ်ပေး"

ဆယ်လူလာဖုန်းလေး ရှင်း လက်ထဲထည့်ပေးလိုက်သည့်တွင် ရှင်းသည်ဖခင်ရှိရာဖုန်းနံပါတ်ကို နှိပ်ပေးလိုက်သည်။

ဆရာဦးဖိုးရှမ်းသည် ရှင်းလက်ထဲမှဖုန်းလေးကို ယူလိုက်ပြီး

"ဟယ်လို..ကျုပ် ဆေးဆရာကြီး ဦးဖိုးရှမ်းပါ၊ ဦးစံထွန်းနဲ့စကားပြောချင်ပါတယ်..."

တဘက်မှဖုန်းကိုင်သံကြားသည်နှင့် ဦးဖိုးရှမ်းဆိုသည်။



"ဟုတ်ကဲ့၊ အခုပြောနေတာ ဦးစံထွန်းခပါပဲ၊ ဘာကိစ္စများလဲဗျာ..."

"××××××"

"ဗျာ..ဘယ်လို..."

"××××××"

"ဟင်..ကျုပ် သမီး..."

"××××××"

"ကောင်းပါပြီ..ကောင်းပါပြီ၊ ကျုပ် အခုပဲလာခဲ့ပါ့မယ်"

"××××××"

"ဟုတ်ကဲ့..ဟုတ်ကဲ့၊ စိတ်ချပါ၊ ကျုပ် ဘယ်သူ့ကိုမှမပြောဘူး၊ ကောင်းပါပြီ..ကောင်းပါပြီ..."

စကားအဆုံး ဦးဖိုးရှမ်း ဖုန်းလေးကိုပိတ်လိုက်သည်။

"သမီး..သမီးရဲ့ဖခင် အခုလာလိမ့်မယ်၊ ဒါပေမယ့် သမီးခင်ကိုလည်း ခဏခဏဒီကို လာစေလို့တော့မဖြစ်ဘူးနော်..."

"ဟုတ်ကဲ့ပါ ဘဘ..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..သမီး အနားယူတော့၊ မငိုနဲ့တော့နော်၊ သမီးဖခင်နဲ့ တွေ့မှ ဘဘတို့အေးအေးဆေးဆေး စကားပြောကြတာပေါ့..."

"ဟုတ်..ဟုတ်ကဲ့ ဘဘ..."

"ဘဘရယ်...ရှင်းလေ အိပ်မက် မက်နေသလိုပါပဲ ရှင်..."

"ဘဝဆိုတာ အိပ်မက်တစ်ခုလို့ ပြောလည်းရတယ် သမီး"

"ရှင်း၏ အိပ်မက်က ပိုပြီး ဆန်းကြယ်တယ် ဘဘ..."

"အဲဒါတော့ ဟုတ်တယ်၊ သမီး..."

ရှင်းကို ကြည့်ပြီး ကိုနေမျိုးချုပ် မျက်နှာချောချောကို မြင့်ယောင်ကာ ဦးဖိုးရှမ်း ဆိုသည်။

ရှင်းနှင့် စကားတွေပြောပြီး ရှင်း ပြောသမျှအကြောင်း တွေကို ကိုနေမျိုးချုပ်အား ပြန်ပြောရပေဦးမည် မဟုတ်ပါလား။

"ကဲ..သမီး ဆေးသောက်ပြီး နေ့ခင်းအားရှိအောင် အိပ်လိုက်ဦးနော်..."

"အပြင်တော့ မထွက်သေးနဲ့ဦးပေါ့ အညောင်းညာပြေဖို့ တိုက်ထဲပဲ လမ်းလျှောက်ပေါ့ သမီး...."





"ဟုတ်ကဲ့ ဘဘ ရှင်းလည်း အပြင်မထွက်ချင်သေးပါဘူး ဘဘရယ်..."

ရှင်းနဲ့ စကားတွေပြောပြီး ရှင်းအခန်းထဲမှ ဦးဖိုးရှမ်း ထွက်သွားလိုက်သည်။ ရှင်းကား မိမိ၏ ဘကြီးအရွယ်ခန့်ရှိသော ရိုးသားအေးဆေးသည့် ဦးဖိုးရှမ်း၏ နောက်ကျောဆီငေးကြည့်ရင်း....

ရှင်းသည် မိမိ၏ မျက်နှာလေးဆီ လက်ဖဝါးလေးတွေနှင့် စမ်းကိုင်ရင်းမှ၊ ရှင်း၏ ငေးဝေနေသော မျက်ဝန်းများထဲ၌ ချစ်သူခင်ပွန်းလောင်း မောင်နှင့် အေးဆေးသော ဖခင်ကြီးအား မြင်ယောင်၏။

တစ်ဆက်တည်းလည်း ဦးဖိုးရှမ်းပြောမှ သတိထားမိလာသည့် မဝင်းလှဲ၏အေးစက်၍ ငေးတိငေးငိုင်ရှိသော အသွင်တို့သည် ရှင်း၏ စိတ်နှင့် မျက်ဝန်းဝယ်မြင်ယောင် နေမိရပါသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

- ရှစ် -

ချစ်သူငယ်ချင်း သက်ဝင်းရှိန်၏ ကုမ္ပဏီရှေ့၌ ကိုနေမျိုးချ
သည် ကားလေးကို ညင်သာစွာရပ်လိုက်၏။

ကားတံခါးဖွင့်ဆင်းပြီး နေမျိုးချုပ်သည် သက်ဝင်းရှိ
ရုံးခန်းဆီသို့ လှမ်းခဲ့သည်။

သက်ဝင်းရှိန်၏ ရုံးခန်းအပေါက်ဝနား ရောက်တော့...

အခန်းဝ၌ ခြေစုံရပ်ကာ နေမျိုးချုပ်သည် တံတွေး တစ်ချက်
မျိုချဖြစ်၏။

သက်ဝင်းရှိန်သည် စားပွဲထက် ကိုယ်တစ်ပိုင်းမှောက်
လျော့ရဲစွာ ရှိနေလေသည်မဟုတ်ပါလား။





အခန်းထဲသို့ နေမျိုးချုပ် လှမ်းဝင်လိုက်သည်။

ခြေသံကြား၍ သက်ဝင်းရှိန်သည် ခေါင်းထောင်ကာ လှမ်းကြည့်လာသည်။

"ရှိန်..."

"ချုပ်...."

တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ခေါ်ထူးလိုက်ကြသည်။

နှစ်ဦးသား ခေါ်သံတွေက တစ်ဦးက ထိခိုက်ခြင်းနှင့် တစ်ဦးက ကြေကွဲခြင်းနှင့်ရယ်ပါ။

နှစ်ဦးသား အကြည့်တွေကလည်း တစ်ဦးက ယူကျုံးမရခြင်းနှင့် တစ်ဦးက ရှက်ခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်း တွေနှင့်ရယ်လေ...။

"ရှိန်..."

"ချုပ်..ချုပ်..."

သက်ဝင်းရှိန် အနီး အရောက်၌ သက်ဝင်းရှိန်သည် ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com

ငယ်ချင်းကို မြင်တော့ ထိုင်ရာမှထကာ ဝမ်းနည်းခြင်းအပေါင်းဖြင့် နေမျိုးချုပ်ကို ဆီးဖက်လိုက်သည်။

မျက်ဝန်းဝယ် အရည်ကြည်များဝဲလျှံလျက်မှ သူငယ်ချင်း နှစ်ဦးတွေးဖက်ထားလိုက်ကြသည်။

"ကိုယ် ဖုန်းဆက်သေးတယ် ရှိန်..."

"ကိုယ် သိပါတယ်၊ ဒါပေမယ့် ကိုယ် စကားပြောဖို့ အင်အားမရှိဘူး..."

"ဘယ်လိုဖြစ်လဲ ရှိန်..."

"ကိုယ် သိပ်ကြေကွဲနေတယ် ချုပ်၊ ကိုယ့်အဖြစ်က ရှက်စရာ၊ နာစရာကြီးပါ..."

နီရဲစွတ်စိုနေသော မျက်ဝန်းတို့ဖြင့် ဆိုနေသည့် သက်ဝင်းရှိန်အသွင်အား နေမျိုးချုပ်သည် စိတ်မကောင်းစွာ ကြည့်နေလိုက်မိပါ၏။

သက်ဝင်းရှိန်ကို ကြည့်ပြီး ကိုနေမျိုးချုပ်သည် တဲတွေး တစ်ချက်ကို မှိုချလိုက်၏။





တကယ်တော့ သက်ဝင်းရှိန်အတွက် ဖြစ်ရပ်မှန် များအား...

သက်ဝင်းရှိန် ကိုယ်စား နေမျိုးချုပ်က အလုံးစုံသိနှင့်နေပြီ ဟော့တ်ပါတကား...။

"ရှိန်..."

စားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်ကာ နေမျိုးချုပ် ခေါ်သည်။

သက်ဝင်းရှိန်က မထူး...။

ဆံပင်ဖုန်ဖုန်များထဲ လက်ချောင်းများ ထိုးသွင်းကာ ခေါင်းငိုက် ငိုက်ချထား၏။

နေမျိုးချုပ်က စကားဆက်ဆိုသည်။

"လုပ်ထားတဲ့ မင်္ဂလာပွဲအတွက် လူကြီးတွေ လာသွားသေးလား..."

သက်ဝင်းရှိန် ခေါင်းညိတ်သည်။

"သတင်းစာထဲမှာ မင်္ဂလာပွဲ ဖျက်သိမ်းတာကို တွေ့လိုက်ရလို့ ကိုယ်သိပ်အံ့သြသွားတယ် ရှိန်..."

"ဟုတ်တယ်၊ ဟုတ်တာပေါ့ဗျာ၊ ကိုယ့်အဖြစ်က အံ့သြ


www.burmeseclassic.com

www.burmeseclassic.com



စရာ၊ စိတ်ဝင်စားစရာ ဖြစ်သွားရတာကိုး…"

"ချုပ်ရယ်…ရှင်း ကိုယ့်ကို လှည့်စားလိုက်တာမျ

ရက်ရက်စက်စက်ကြီးပါပဲဗျာ…"

ရှုးရှုလေးနက်သော နေမျိုးချုပ် အကြည့်တွေ

ချစ်သူငယ်ချင်းထံ၌ ရှိနေရချေ၏။

"တကယ်ဆိုဗျာ၊ ပွင့်ပွင့်လင်းလင်း ပြောသင့်ပါတယ်…

"ခုတော့ဗျာ မင်္ဂလာပွဲ အစီအစဉ်ကြီး ကပ်မှ လုပ်ရ

သွား လိုက်တာ…"

"မသက်လျာ်ရှင်းက ဘာလုပ်သွားလို့လဲ…"

နေမျိုးချုပ် မေးသည်။

အစွမ်းကုန်သော မေဝင်းလှဲ့၏ လီဆယ်မှုတွေကို နေမျိုး

သိချင်နေသည်လေ…။

သက်ဝင်းရှိန် ရှုတ်မှမဖြေ…။

စားပွဲအံဆွဲထဲမှ လုံးခြေထားသော စက္ကူလုံးလေး

နေမျိုးချုပ်ရှေ့ ပစ်ပေးလိုက်သည်။





နေမျိုးချုပ်သည် စက္ကူလုံးလေးကို မယူဖြစ်။

သက်ဝင်းရှိန်နှင့် စက္ကူလုံးဆီ တစ်လှည့်စီ ကြည့်နေ မိသည်။

"အဲဒီစက္ကူထဲက စာကို ဖတ်ကြည့်လိုက်ပါ ချုပ်…"

"မိရှင်း မိန်းမရိုင်းမ ရေးသွားတာ၊ ကိုယ့်အတွက်ရေးသွား

တာလေ…"

နေမျိုးချုပ်ဆီ မကြည့်ဘဲ၊ သက်ဝင်းရှိန် ဆိုသည်။

နီရဲသောမျက်ဝန်း၊ မျက်နှာနှင့် သက်ဝင်းရှိန်ကား စားပွဲထက်

လက်ထောက်ကာ ခေါင်းကို ခပ်ငိုက်ငိုက်ထားသည်။

စက္ကူလုံးလေးကို နေမျိုးချုပ်သည် ယူလိုက်ပြီး

ဖြန့်ကြည့်လိုက်သည်။

စာရွက်ကအတော်လေး ကြေရှုတ်နေပြီမို့ စာတွေကို နေမျိုးချုပ်

အတော်လေး ကြိုးစားဖတ်လိုက်ရ၏။

စာဆုံးတော့ နေမျိုးချုပ်သည် ရှုတ်ဆိတ်သွားသည်။

နေမျိုးချုပ် အကြည့်တွေက အတန်ကြာသည်အထိ

သက်ဝင်းရှိန်ထံ ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



နေမျိုးချုပ် မျက်ဝန်းထဲမှာတော့ မေဝင်းလှဲ၏ ရက်စက်မှု သရုပ်ဆောင်းသောအသွင်ကို မြင်ယောင်နေမိတော့၏။

"မမေဝင်းလှဲကော ရှိန်…"

နေမျိုးချုပ် မေးလိုက်သည်။

သက်ဝင်းရှိန်မှာ အတန်ကြာသည့်အထိ မဖြေ…။

ပြီးမှ…

"မေဝင်း အိမ်မှာရှိတယ်၊ မေဝင်းနဲ့ကိုယ့် လက်ထပ် ပြီးပြီ…"

"ဘာဗျ၊ ရှိန်နဲ့မေဝင်းက လက်ထပ်ပြီးပြီ ဟုတ်လား…"

အံ့ဩလွန်း၍ အလန့်တကြားပင် နေမျိုးချုပ် ဆိုဖြစ်တော့သည်။

သက်ဝင်းရှိန်သည် နေမျိုးချုပ်ကို မကြည့်ဖြစ်ဘဲ ခေါင်းညိတ်ကာ စကားကို ဆက်ဆိုသည်။

"ဟုတ်တယ် ချုပ်၊ ရှင်းရဲ့ ရက်စက်သွားမှုကြောင့်၊ ကိုယ့်ကို အရှက်ခွဲသွားမှုကြောင့်…"

"ကိုယ့်ရဲ့ ရင်နာကြေကွဲမှုတွေကို မကြည့်ရက်ကြလို့၊ ကိုယ့်ရဲ့





ဆုံးရှုံးမှုတွေကို မကြည့်ရက်ကြလို့…"

"ရှင်းရဲ့ဖခင်က ကိုယ့်အတွက် မေဝင်းကို၊ မေဝင်း မိဘတွေဆီမှာ လိုက်တောင်းပေးတယ်…"

"ရှိန်က…ရှိန်က အဲဒီအမျိုးသမီးကို လက်ခံတယ်ပေါ့ ဟုတ်လား…"

မျက်လုံးထဲ ပြာလောက်အောင် မခံမရပ်နိုင်သော စောဖြင့် ကိုနေမျိုးချုပ် မေးသည်။

တဆက်တည်းလည်း မယုံနိုင်သော အကြည့်တွေနှင့် သက်ဝင်းရှိန်ထံ ကြည့်ရင်း၊ ကိုနေမျိုးချုပ်၏ စိတ်နှင့် မျက်ဝန်းအစုံ တွင်း၌ ရှင်းလင်းနေသော မြင်ကွင်းတစ်ခုသည် စက္ကန့်နှင့်အမျှ လွှမ်းမိုးမြင်ယောင်နေရသည် မဟုတ်ပါတကား။

"ဟုတ်တယ်၊ ကိုယ် လက်ခံလိုက်တယ် ချုပ်၊ ကိုယ် စိတ် တွေ ရှင်း အပေါ်မှာ နာကြည်းနေတာရယ်၊ ဝေဟုန်နေ တာရယ်…"

"လူကြီးတွေက ကြိုးစားပြီး စီစဉ်ပေးတာတွေကြောင့် ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မြောက်သွားတယ်…"

"ကိုယ်နဲ့မေဝင်းလုံ ရုံးတက်လက်မှတ် ထိုးလိုက်ကြတယ်လေ…"

"ရှိန်ရယ်…"

နေမျိုးချုပ် ရင်၌ မည်သို့ဖြစ်သွားမှန်း မသိတော့ပါ။

ရင်ဝယ် နာကြည်းမှုနှင့် တံတွေးတစ်ချက်ကို မျိုချပြီး ချစ်သူငယ်ချင်းအား ထိနိုက်စွာကြည့်ဖြစ်ရပါ၏။

"ရှိန်…"

"ပြောပါ ချုပ်…"

"အဲဒီအမျိုးသမီးကို ရှိန် တကယ်ပဲ နှစ်သက်လား…"

"ဟင်း…"

နေမျိုးချုပ် မေးတော့ သက်ဝင်းရှိန် သက်မဟောကို ချ၏။

"ပြောပါဦး ရှိန်ရယ်…"

နေမျိုးချုပ် ထပ်မေးတော့ သက်ဝင်းရှိန် ခေါင်းယမ်း၏။

"ဒါနဲ့များဗျာ၊ ရှိန် ဘာကြောင့် ဒီအမျိုးသမီးကို လက်ထပ်





သလဲ…"

"စိတ်တွေ ဝေဟုန်နေဆဲမှာ လူကြီးတွေ နားချမှုနဲ့ ရှင်းကို စိတ်နာလွန်းလို့ပဲ…"

"အိုဗျာ…အဲဒီလိုမှဖြင့် တခြားအမျိုးသမီး တစ်ယောက်ယောက်ကိုပဲ ယူပါတော့လားဗျာ…"

"မေဝင်းက ဘာဖြစ်လို့လဲ ချုပ်…"

ဘာမှမသိရှာသော သက်ဝင်းရှိန် မေးတော့…

"ဖြစ်လို့မဟုတ်ပါဘူး၊ အူတို့က သူငယ်ချင်းတွေမို့လို့ ပြောတာပါ…"

နေမျိုးချုပ် အခြေအနေအရ စကားကို လျှောချလိုက် ရသည်။

"ကိုယ်လည်း မေဝင်းနဲ့ လက်ထပ်ပြီးမှ နောင်တ ရမိတယ် ချုပ်…"

သက်ဝင်းရှိန်ဆိုတော့ နေမျိုးချုပ် မချင့်မရဲစိတ်ဖြင့် ကြည့်နေလိုက်မိ၏။

သက်ဝင်းရှိန်မှာ ကြေကွဲရခြင်းများနှင့် စိတ်နောင်ကျိုးစွာ စကားကို ဆက်သည်။

www.burmeseclassic.com



"ကိုယ် မေဝင်းကို ဘယ်လိုမှမချစ်ဘူး၊ စိတ်လည်း မဝင်စားဘူးဗျာ..."

မချိမဆံ့နှင့် နေမျိုးချုပ် တံတွေးကို မျိုချရပြန်သည်။

"မေဝင်းကတော့ ကိုယ့်ကို အစွမ်းကုန် ဂရုစိုက်တယ်..."

နေမျိုးချုပ် ရင်ထဲ မဲ့လိုက်သည်။

"ဒါပေမယ့် သူ့ရဲ့အယုအယကို ကိုယ်မခံယူချင်ဘူး၊ ဒါကြောင့် အချိန်ရှိသရွေ့ ကိုယ်အလုပ်တွေပဲအကြောင်းပြပြီး အလုပ်တွေထဲမှာပဲ နေတယ်..."

"လက်ထပ်ပြီးမှတော့ ဒီအမျိုးသမီးကို ရှိန် ဒီလိုပဲ ထားလို့ရမလား..."

"ကိုယ်က ယောကျ်ားပါ၊ ကိုယ် မလိုလားရင် သူ ဘာတတ်နိုင်မှာလဲ..."

"လျှော့မတွက်နဲ့ သူငယ်ချင်း၊ တချို့ မိန်းမတွေဟာ သိဝ်ကြောက်စရာကောင်းတယ်..."

"ခု ရှိန်နဲ့ အဲဒီအမျိုးသမီး အခြေအနေက ဘယ်လို ရှိလဲ..."

"မထူးခြားပါဘူး၊ ကိုယ်က အိမ်မှာ ပြန်မအိပ်ဘူး..."





"လက်ပဲ ထပ်ထားတဲ့အတွက် သူ့ကို ကြိုက်သလိုနေခွင့်ပေးထားတယ်..."

"ရှိန်ရယ်..ရှေ့ဆက်တော့ မလွယ်ဘူးထင်တယ်..."

"မလွယ်တော့လည်း ကွဲကြရုံပေါ့၊ တကယ်တော့ စဉ်းစားကြည့်ရင် ရှင်းကြောင့် ကိုယ်က နှစ်ခါနာပါ ချစ်ရယ်..."

ဆိုရင်း သက်ဝင်းရှိန် မျက်ဝန်းမှ အရည်ကြည်များ ဝိုင်းရံတက်လာ၏။

သက်ဝင်းရှိန်၏ နှလုံးသားနှင့် ခံစားမှုတွေကို နေမျိုးချုပ်ကား သဘောပေါက် နားလည်နေရသည်လေ...။

ထိုအခိုက် ခြေသံကြားမိ၍ သက်ဝင်းရှိန်ရော နေမျိုးချုပ်ပါ တံခါးဝဆီ လှမ်းကြည့်မိတော့...

မေဝင်းလှဲ့ရယ်...

မေဝင်းလှဲ့ အသွင်က ယခင်ကနှင့်ပင် မတူတော့...။

နေ့ချင်းညချင်းကို အတန်ကြီး ပြောင်းလဲသွားသည်ကို နေမျိုးချုပ် သတိထားမိရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဪ…ညွှသည်ရောက်နေတာကိုး…"

နေမျိုးချုပ်ကို မြင်တော့ မေဝင်းလွဲသည် ဘာကြောင့်ရယ် မသိ၊ လှမ်းလက်စခြေလှမ်းပင် တန့်သွားသယောင်ရယ်ရှိ၏။

နေမျိုးချုပ်ကလည်း စူးရှထက်မြက်သော အကြည့်တွေနှင့် ကြည့်ဆဲရယ်ပါ။

လွဲဟန်နှင့် အကြည့်ကို ဖယ်ရှားပြီး…

"ကိုရှိန်ရေ…မေဝင်း အိမ်မှာ ထမင်းဟင်းတွေချက်ထားတယ်"

"ကိုရှိန် အိမ်မှာ ထမင်းပြန်စားပါနော်…"

"ရဘာယ် မေဝင်း၊ ပြန်စားဖြစ်မှာမဟုတ်ဘူး၊ ချုပ်က အခုလာခေါ်နေလို့…"

သက်ဝင်းရှိန် စကားကြောင့် မေဝင်းလွဲ မျက်နှာပျက်သွားရသည်။

"ပြီးတော့ ပြောရဦးမယ်၊ ကိုယ် ဒီညနေပဲ ခရီးထွက် မလို့"

"ဘယ်ကိုလဲ ကိုရှိန်…"





"တောင်ကြီး…"

"ဟင်း…မေဝင်းကိုလည်း ယူထားတဲ့မယားလို့ သတ်မှတ်သေးရဲ့လား…"

"မေဝင်းက ယူပါယူပါလို့ ပြောခဲ့တာမဟုတ်ဘူးနော်…"

"ကိုရှိန် သဘောနဲ့ ကိုရှိန် ယူခဲ့တာ၊ မေဝင်းဟာ အရှုပ်မဟုတ်ဘူး…"

မေဝင်းလွဲ ဆိုသည်။

မေဝင်းလွဲ ပေါက်ကွဲချင်နေသည်ကို သက်ဝင်းရှိန်ရော၊ နေမျိုးချုပ်ပါ သဘောပေါက်လိုက်၏။

"အင်းလေ…အလုပ်ကိစ္စရှိရင်တော့ သွားပါ၊ မေဝင်း ပြန်မယ်…"

စကားအဆုံး၌ မေဝင်းလွဲ လှည့်ထွက်သွားသည်။

တကယ်တော့ နေမျိုးချုပ် ရှိနေခြင်းကြောင့်လည်း ကြာကြာ မေဝင်းလွဲ မနေချင်ပါ။

မာန်ထည်ထည်လေးနှင့် မေဝင်းလွဲ ပြောသွားသော စကား



www.burmeseclassic.com

www.burmeseclassic.com



အတွက် နေမျိုးချုပ်သည် ရင်ထဲရယ်နေမိပါသည်။

သက်ဝင်းရှိန်ကမှ ရှေ့တွင် မေဝင်းလှဲ့နှင့် ရင်ဆိုင်ရဦးမည့် အရေးများအတွက် အတွေးရောက်ကာ…

ခေါင်းတစ်ခုလုံး နောက်ကျိကိုက်ခဲ ရှုပ်ထွေး နေရတော့သည် တကား…။

"ချုပ်ရယ်··ကိုယ်လေ··ကိုယ်လေ သက်လျာရှင်းကို မကျေနပ်ဘူး…"

"သက်လျာရှင်းကို မုန်းတယ်၊ သက်လျာရှင်းကို နာကြည်း တယ်…"

"ကိုယ့်ဘဝကို သက်လျာရှင်း ထောင်ချသွားတာ၊ ထောင်ခ သွားတာ…"

"ကိုယ် ဘာလုပ်ရမလဲ…"

"သက်လျာရှင်း ရက်စက်တယ်ဗျာ…"

တုန်ယင်အက်ကွဲသော စကားသံများနှင့် ခံစားရလွန်းစွာဖြင့် သက်ဝင်းရှိန်ဆိုပါ၏။ဆိုရင်းမှလည်း သူ့ မျက်ရည်တွေစီးကျလာသည်





နေမျိုးချုပ်သည် သက်ဝင်းရှိန်၏ လက်တစ်ဖက်ဆီ ဆုပ်ကိုင်ထားလိုက်မိသည်။ သူ့ နှစ်သိမ့်ခြင်းပါ။ အားပေးခြင်းပါ။

နှုတ်ဖြင့်မူ သူ စကားမဆိုဖြင့်။ ချစ်သူငယ်ချင်း သက်ဝင်းရှိန်ကို ကြည့်ခြင်းဖြင့် သူ သဘောပေါက်သည်လေ။

ဘဝတစ်ခုလုံးနှင့်ပင်မက ချစ်ရသည့် ချစ်ဦးသူ သက်လျာ ရှင်းအား သက်ဝင်းရှိန်သည် မည်၍မည်မျှ ချစ် ကြောင်း…

သံယောဇဉ်ကြီးကြောင်း၊ ထိခိုက် ကြေကွဲရကြောင်း…

ဖေါ်ရလောင်း ချစ်ဦးသူ သက်လျာရှင်း အတွက် သက်ဝင်းရှိန် ခင်ယောက် မည်မျှအထိ ခံစားနေရကြောင်းအား…

မြင်ခဲ့လှသော ယောက်ျားမျက်ရည်တို့က သာဓကပင် မဟုတ် တကား။ ။

www.burmeseclassic.com

www.burmeseclassic.com

- ကိုး -

"ဘဘ..ရှင်း အိပ်ပြီလား..."

"လူလေး ရောက်လာပြီလား၊ လာ..မိန်းကလေးတော့ အိပ်ပျော်ပါပြီ..."

ကားပေါ်မှအဆင်း နေမျိုးချုပ် အမေးအတွက်...

အိမ်တံခါးကို ဖွင့်ပေးပြီး ဦးဖိုးရှမ်းဆိုသည်။

ကိုနေမျိုးချုပ်၏ ခြေလှမ်းများက သက်လျာရှင်း ရှိရာ အခန်းထဲဆီသို့ တောက်လျှောက် လှမ်းသွားလိုက်၏။

နေမျိုးချုပ်၏ နောက်ကျော ဖြောင့်ဖြောင့်ကြီးဆီ ဦးဖိုးရှမ်း ကြည့်ကျန်ရစ်၏။

ကိုနေမျိုးချုပ်သည် သက်လျာရှင်း ရှိသောအခန်း၏ လေသာ



ပြတင်းမှရပ်ကာ ခုတင်ထက် အိပ်ပျော်နေပြီဖြစ်သော သက်လျာရှင်းထံ လှမ်းကြည့်နေလိုက်လေ၏။

ဪ..သူလေးကတော့ ဘာမှမသိရှာဘူး၊ ရှိန် ခများလည်း တော်တော်ကံဆိုးရှာတာပဲ...

ဟင်း..တကယ်လို့များ ငါ သိနေတဲ့ အဖြစ်မှန်တွေကို၊ ရှိန်ရော ရှင်းပါ သိသွားမယ်ဆိုရင်၊ ဘယ်လောက်များ ကျေကွဲကြမလဲမသိဘူး...

လှပသော မျက်နှာလေးတစ်ခြမ်းမှ ဘေးစောင်းလေး အိပ်နေသည့် သက်လျာရှင်းကို ကြည့်ပြီး နေမျိုးချုပ်သည် မိမိကိုယ်မိမိ အပြစ်တင်မိသော အတွေးကို တွေးဖြစ်ရ၏။

ငါ မထင်ဘူး၊ ငါလည်း ဒီလိုဖြစ်မယ်မထင်လို့ပါ၊ ဒါပေမယ့် ငါ့စိတ်မှာတော့ တွေ့ကတည်းက သံသယဖြစ်မိတယ်...

ဟင်း...

အတွေးနှင့်တဆက်တည်း နေမျိုးချုပ် မျက်ဝန်းထဲ၌ သူ့ရင် ချင်းသက်ဝင်းရှိန်နှင့် ကြောက်စရာကောင်းသော မိန်းမဆိုး တစ်ပိုင်း၊

www.burmeseclassic.com



မိန်းမလည်း မေဝင်းလှဲအား မြင်ယောင်နေမိရ၏။

ဟင်း..မေဝင်းလှဲဟာ ရှေ့နေမတစ်ယောက် ဖြစ်နေပေသေးလို့ပဲ...

တကယ်တော့ မေဝင်းလှဲဟာ အချစ်ရဲ့ကျေးကျွန်စစ်စစ်ဖြစ်သွားရတာ...

ရှိန်နှင့် အိမ်နီးချင်း မိန်းမချောနှစ်ယောက် သိကျွမ်းသွားတာကိုပဲ အပြစ်ဆိုရတော့မယ်...

သက်လျာရှင်းဟာ မြင့်မြတ်တဲ့မျိုးရိုးက မွေးဖွားလာ သူပီပီ၊ တည်ငြိမ်သိမ်မွေ့တယ်၊ ဣန္ဒြေရှိတယ်...

ရှပ်ရည်အဆင်းတာအစ၊ ဘုရင်ထွေးခံမျိုးရိုးက ဆင်းလာသက်လာတော့ ရွှေရောင်အဆင်းနဲ့ နန်းဆန်ဆန်၊ ကဗျာဆန်ဆန် အနုအရွအလှမျိုးစုံကိုပိုင်ဆိုင်တယ်...

တစ်ခါ အနုပညာကိုပါ ဝါသနာပါသူလည်းဖြစ်ပြန်တော့၊ စိတ်ဓာတ်ကပိုပြီး ညက်ညောသိမ်မွေ့ရပြန်တယ်...

ဩော်..ဘယ်မျိုးရိုးကပဲ ဆင်းသက်ဆင်းသက်၊ မသမာ





သူကပက်ပက်စက်စက် ကြံတော့လည်း အနည်းနဲ့အများ ဒုက္ခကိုရင်ဆိုင်ရတာပဲ...

ဒါပေမယ့် ယုတ်ညံ့တဲ့ သူက ကြံလို့ကတော့ မြင့်မြတ်တဲ့သူအဖို့ မိုးစိုးပက်စက် မရှိပါဘူးလေ...

မကြာခင် ကြုံမှာရဟတ် တစ်ပတ်ပြန်ကျေတော့မှာပါ...

အတွေးနှင့် သူ့မေးကြောကြီးများ တင်းထောင်သွားရ၏။

ရှိန်ကတော့ ဘာမှမသိရှာဘူး...

တစ်နေ့တော့ ရှိန်ကိုပါ ဟိုမိန်းမ အန္တရာယ်မပြုဘူးလို့ပြောနိုင်မလား...

ရှိန်က သူ့ကိုမချစ်ဘဲ...

သူ့ကို ရှောင်ပြီး၊ ဒီအတိုင်းပဲ ဆက်သွားနေလို့ကတော့ မေဝင်းလှဲဟာ ရှိန်ကို နာကျင်မှာသေချာတယ်...

ငါ ဘာလုပ်ရမလဲ၊ ငါ ဘာလုပ်သင့်သလဲ...

ဒီကိစ္စကို ငါ ဖြေရှင်းရမှာပဲ...

သက်လျာရှင်းရယ် မင်းအတွက် ကိုယ် ရှိပါတယ်...



www.burmeseclassic.com

www.burmeseclassic.com



ရှိန်ဟာ သက်လျှာရှင်းကို နာကြည်းနေတယ်ဆိုပေမယ့် ရှင်းကို ဘယ်လိုမှ ရှိန်က မမုန်းဘူး၊ မမေ့ဘူးဆိုတာ…

ဒီလိုပဲ ရှင်းကလည်း ရှိန်ကို ဘယ်တော့မှ မုန်းမှာ၊ မေ့မှာ မဟုတ်ပါဘူးလေ…

ရှင်းနဲ့ ရှိန်က ချစ်ဦးသူတွေချင်း မဟုတ်လား…။

အတွေးနှင့် တံတွေးတစ်ချက်ကို နေမျိုးချုပ် မျိုချလိုက်၏။

ထို့နောက် နေမျိုးချုပ်သည် သက်လျှာရှင်း၏ လေသာပြတင်းလေးမှ ထွက်ခဲ့လိုက်သည်။

ညှို့ခန်းထဲ ရောက်လာသည်တွင် ကိုနေမျိုးချုပ်သည် တွေးရည်စိမ်သော မျက်နှာချော်ဖြင့် ဆိုဖာတွင်ဝင်ထိုင်လိုက်၏။

လေးနက်သော ကိုနေမျိုးချုပ်၏ အသွင်ချောချောကို ဦးဖိုးရှမ်း ကြည့်နေမိ၏။

"ဘဘ…"

"ပြော လူလေး…"

"ရှင်းရဲ့ဒါဏ်ရာကို နိုင်ငံခြားထွက်ဆေးကုသဖို့ မြန်မာနိုင်ငံ





ရဲတပ်ဖွဲ့ကမှ တာဝန်ရှိသူက ခွင့်ပြုချက်ပေးထားတဲ့အတွက် ဘဘနှင့် ရှင်းတို့ နှစ်ရက်သုံးရက်အတွင်း နိုင်ငံခြား ထွက်ရတော့မယ်…"

"ရှင်းရဲ့ဖေဖေ နောက်ထပ်လာတွေ့သေးလား…"

"မလာဘူး လူလေး၊ သူ့ကိုလည်းဘာမှမဖြစ်သလို၊ မသိသလို၊ ဂရုမစိုက်တော့သလိုဘဲနေဖို့ မှာလိုက်တယ်လေ…"

"ပြီးတော့ ကလေးမရဲ့ဖခင်ကလည်း ဘုရားတရားနဲ့တည်ကြည်ရိုးသားအေးဆေးတဲ့ သူပါပဲ…"

"သမီးအဖြစ်ကိုတွေ့စကတော့ သူ့ခမျှာလည်း တော်တော်ယူကြုံးမရဖြစ်ရှာတာပေါ့ကွယ်…"

"ဘုရားတရားသမားဆိုတော့လည်း သူ့ဟာသူဖြေယူလိုက်တာပေါ့လေ…"

ဦးဖိုးရှမ်းပြောသမျှ သူ နားထောင်နေပြီးမှ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး…

"ဆေးကုဖို့ဆိုတော့ လွယ်တယ်လေ လေယာဉ်လက်မှတ်တွေအားလုံးရပြီ…"



www.burmeseclassic.com

www.burmeseclassic.com



"ကိုချုပ်ရဲ့ မေတ္တာဟာကြီးမားလွန်းတယ် ဒီမိန်းကလေး ဟာ သိပ်ကံကောင်းတယ်…"

ဦးဖိုးရှမ်း စကားအတွက် ကိုနေမျိုးချုပ် စကားမဆို…

တိတ်ဆိတ်ခြင်းဖြင့်သာ ငေးနေသယောင်ရှိ၏။

"ဦးဖိုးရှမ်း…"

တွေဝေငေးရင်းမှ နေမျိုးချုပ် ခေါ်သည်။

"ပြောပါ ကိုချုပ်…"

"ကိုရှိန်ဟာ မေဝင်းလဲ့နှင့် ရုံးတက်လက်မှတ်ထိုး လိုက်ပြီ…"

"ဟုတ်လား…"

"ဟုတ်တယ်၊ အကြောင်းမသိတော့ ရှင်းဖခင်ကပဲ မျက်နှာပူ ပြီးလုပ်ပေးတာ၊ ပြီးတော့ ရှိန်ကလည်း ရှင်းကို နာကြည်းပြီး တစွတ်ထိုးလုပ်လိုက်တာလေ ခုတော့ ရှိန် နောင်တရနေပြီ…"

"သိပ်သနားဖို့ကောင်းတယ် အဘရယ်…"

ကိုနေမျိုးချုပ်ကို ဦးဖိုးရှမ်း ကြည့်မိသည်။





မိမိ နှလုံးသားကို လျစ်လျူရှုပြီး သူငယ်ချင်းအတွက် သနား သည်ဟုဆိုနေသော ကိုနေမျိုးချုပ်အား နားလည်စွာ ဦးဖိုးရှမ်း ကြည့်နေမိ ခြင်းပါ။

"မေဝင်းလဲ့ကိုလည်း ရှိန်ဟာ လုံးဝမနှစ်မြို့ရှာဘူး…"

"တစ်နေ့တော့ အဆင်ပြေမှာပေါ့ ကိုချုပ်ရယ်…"

"ပြေမယ် မထင်ဘူး ရှိန်ဟာ ငယ်ပေါင်းမဟုတ်ပေမဲ့ ရှိန်ရဲ့ စိတ်ဓာတ်ကို ကျွန်တော် သိတယ်…"

"အဲဒီအတွက် တစ်နေ့မှာ ရှိန်သာ ဒုက္ခရောက်နိုင်တယ်…"

"မေဝင်းလဲ့ဆိုတဲ့ မိန်းမရိုင်းက ရှိန်ကို ကြင်နာခြင်းမဲ့ပြီး ဒုက္ခပေးမှာ သေချာတယ်…"

"ဒါဆို ကိုချုပ် ဘာလုပ်ချင်လဲ၊ ကိုချုပ် ဘယ်လိုဆုံးဖြတ် သဲ…"

"ကျွန်တော် စဉ်းစားနေပါတယ် ဘဘ…"

"တစ်ခုခုတော့ ကျွန်တော်လုပ်မယ် ဘဘတို့ နိုင်ငံခြား ထွက်သွားတဲ့နောက်ပေါ့…"



www.burmeseclassic.com

www.burmeseclassic.com



"အခု ကိုချုပ်ရဲ့ သူငယ်ချင်းကကော..."

"သူတောင်ကြီးကို အကြောင်းပြပြီး သွားတယ် ကျွန်တော် ကိုရှိန်နှင့် ရှင်းကို သိပ်သနားတယ်ဗျာ..."

"ဘဘ ကတော့ ကိုချုပ်ကို သနားတယ်ကွယ်..."

သူ့အကြည့်တွေက တည်ငြိမ်နေပေမယ့် မလုံမလဲ ရုက်ယောင်စွန်းနေသည်နှယ်လေ။

"ဟင်း..ဦးဖိုးရှမ်းရယ် ဒီလိုမပြောပါနဲ့ ဖြူစင်တဲ့နှလုံးသားနဲ့ပဲ ကျွန်တော် ကူညီပါရစေ..."

ခေါင်းယမ်းရင်း တည်ငြိမ်လေးနက်သော စကားကို သူဆို

"ကိုချုပ်..."

"ဗျာ..."

"ဒီကိစ္စအတွက် ကိုချုပ် ရှေ့ဆက်ဘယ်လို စီစဉ်ချင်သလဲ"

"မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ကျွန်တော်ဆက်သွယ်ထားပြီးပြီလေ ရဲတွေကလည်း စောင့်ကြည့်နေကြတယ်..."

"ဒါရာဇဝတ်မှုပဲလေ သိလျှက်နှင့်တော့ ရှေ့ငို နှုတ်ပိတ်ပြီး ကျွန်တော် မနေပါဘူး..."





"ဒါကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ကျွန်တော်တိုင်ပင်ပြီး ပူးပေါင်းဆောင်ရွက်ဖို့တွေရှိတယ်..."

"ပြီးတော့ ကျွန်တော့် သူငယ်ချင်းဟာ ရာဇဝတ်မှု ကျူးလွန်ခဲ့တဲ့ မိန်းမ တစ်ယောက်နဲ့ ဘယ်တော့မှ မပေါင်းစေရဘူး..."

"ကိုရှိန်ကို ဒီမိန်းမရဲ့ ကြောက်စရာကောင်းတဲ့ နွံအိုင်ကြီးထဲ နစ်သွားရအောင် ကျွန်တော် ကယ်တင်မယ်..."

"အေးလေ..အများကျိုးဆောင် ကိုယ့်အကျိုးလည်းအောင် ပါတယ် လူလေးရယ်..."

"ဘဘရယ်.. ကျွန်တော် ဘာမှမျှော်လင့်ချက် မထားပါတော့ဘူး..."

"ကျွန်တော့်ရဲ့ ကိုယ်စိတ်နှလုံး သုံးပါးစလုံးကို သန့်စင်အောင်ပဲ ကျွန်တော် နေပါရစေ..."

"ကျွန်တော့်ကို နားလည်ပါ ဦးဖိုးရှမ်း..."

"ကဲ..ညဉ့်နက်လှပြီ ကျွန်တော် ပြန်မယ်..."

စကားအဆုံး၌ ထိုင်ရာမှ ကိုနေဖျိုးချုပ် ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဝင်အောက်အထိ ဖိုးရှမ်းလိုက်ပို့သည်။

ကိုနေမျိုးချုပ် ကားလေး မောင်းထွက်သွားသည်တွင်…

လူလေးရယ်··လူလေးရဲ့ မေတ္တာ စေတနာဟာ သက်လျှာရှင်ဆိုတဲ့ မိန်းကလေးအပေါ်မှာ တော်တန်ရုံမှ မဟုတ်ပေဘဲ…

ဒါပေမယ့် လူလေးဟာ အင်မတန်မှ ကိုယ်ကျင့်တရားထိန်းသိမ်း စောင့်ရှောက်နိုင်သူဆိုတာကိုတော့ ဦးရှမ်း အသိဆုံးပါ…

လူလေးရဲ့ စိတ်ဓာတ်ကို လေးစားတယ် ဂုဏ်ယူပါတယ်ကွယ်…

ဟူသော စကားများအား ဦးရှမ်း ရင်ဝယ် ဆိုညည်းနေမိသတည်း။ ။



\- တစ်ဆယ် -

"သမီး ထမင်းစားကောင်းရဲ့လား…"

ထမင်းစားပြီးစ ညှိနန်းထဲတွင်ပင် လမ်းလျှောက်နေသော သက်လျှာရှင်းကို ဦးဖိုးရှမ်း မေးသည်။

"ကောင်းပါတယ် ဘဘ၊ ဘဘကပဲ ဈေးသွားပြီး ဝယ်ချက်ကျွေးနေတာတွေ ရှင်း စားနေရတော့ ဘဘကို ရှင်း အားနာလှပြီ…"

"ရှင်း မျက်နှာလည်း အခုဆို အတော်ကြီး အနာတွေပျောက်သွန်ပါပြီ…"

"နောက်ဆို ရှင်းပဲ အိမ်အလုပ်တွေ လုပ်တော့မယ်နော်…"

"မဟုတ်တာ သမီးရယ်၊ အိမ်အလုပ်က ဘဘမှရှိတာမှ မဟုတ်ဘာ…"



www.burmeseclassic.com

www.burmeseclassic.com



"တစ်သက်လုံးကတည်းက ဘဘတစ်ယောက်ပဲ လုပ်ကိုင်လာတာပါကွဲ့…"

"ကဲ‥ကဲ‥ထမင်းစားပြီးဆိုတော့ အနာကျက်ဆေးလေးသောက်လိုက်ဦးကွဲ့…"

"ဟုတ်ကဲ့ ဘဘ…"

ဆိုရင်းမှ ဆေးပုလင်းများထားသော စားပွဲဆီသို့ ဦးဖိုးရှမ်းလှမ်းသွားလေ၍…

ဦးဖိုးရှမ်း နောက်မှ သက်လျှာရှင်းသည်လည်း လိုက်သွားရလေသည်။

သက်လျှာရှင်း ဆေးသောက်ရန်အတွက် ဦးဖိုးရှမ်းက ဆေးနှင့်ရေကို ကိုယ်တိုင်လုပ်ပေးသည်။

လေးလနီးပါး အတူနေပြီး ဆေးကုသပေးနေရသည့်အတွက် ဦးဖိုးရှမ်းသည် သက်လျှာရှင်း အပေါ်၌ သမီးရင်းလေးနှယ် သံယောဇဉ်ထား ချစ်ခင်နေပြီဖြစ်သည်က အမှန်ပါ။

ထို့အတွက်လည်း သက်လျှာရှင်း မျက်နှာလေးမှ အနာတွေကို





…ိုင်းရင်းဆေးပညာရှင်ကြီးတစ်ဦး ပီသစွာဖြင့် ဦးဖိုးရှမ်းသည် အစွမ်း…ကုန် ကုသပေးခဲ့ပါ၏။

ခုဆို သက်လျှာရှင်း မျက်နှာလေးမှ အနာတွေက ပျောက်နေ…ပြီဖြစ်သည်။

"ရော‥သမီး၊ သောက်လိုက်ကွဲ့…"

"ဟုတ်ကဲ့ ဘဘ…"

ဦးဖိုးရှမ်း တိုက်သော ဆေးကို နေ့စဉ်မှန်မှန် သက်လျှာရှင်း…သောက်သည်။

ဆေးသောက်ပြီးတော့ အိပ်ရာမဝင်ခင် အတောအတွင်း ညေ…န်တွင်ထိုင်ကာ စကားပြောဖြစ်ကြ၏။

"ဘဘ…"

"ပြော‥သမီး…"

ဦးဖိုးရှမ်း ဆိုတော့ သက်လျှာရှင်း ပြောမည့်စကားအတွက် …စောင့်နေမိသလိုရှိ၏။

"ပြောလေသမီး၊ သမီး ဘာပြောချင်လဲ…"



www.burmeseclassic.com

www.burmeseclassic.com



ဆေးတံကိုတစ်ချက်ရှိုက်ရင်း သက်လျှာရှင်းဆီ ကြည့်ကာ ဦးဖိုးရှမ်း ပြန်မေးလေမှ…

"ဟို…ကိုသက်ဝင်းရှိန် အကြောင်းများ ဘဘ ဘာကြားသေး လဲလို့ပါ…"

"အင်း…သမီးလေး စိတ်မကောင်းဖြစ်မှာစိုးလို့ ဘဘ မပြော တာပါကွယ်…"

တည်ငြိမ်သိမ်မွေ့သော မျက်ဝန်းလေးတွေနှင့် သက်လျှာရှင်း ကြည့်နေလိုက်သည်။

ဆေးတံကိုတစ်ရှိုက်ရှာပြီး ဦးဖိုးရှမ်းက စကားဆက်သည်။

"ဘဘ စုံစမ်းသိရသလောက်တော့ သမီး စိတ်မကောင်း မဖြစ်နဲ့နော်…"

"ပြောပါ ဘဘ၊ ရှင်းရဲ့ အခြေအနေကို ရှင်း နားလည် ပါတယ်…"

"မောင်သက်ဝင်းရှိန်နဲ့ မေဝင်းလှဲ့တို့ လက်ထပ်ကြပြီတဲ့…"

"ခု ဆို သူ တို့ လက် ထပ် ပြီး တာ





သုံးလလောက်ရှိပြီပေါ့ကွယ်"

"သြော်…"

သြော်…ဟုဆိုကာ သက်လျှာရှင်း ငေးသွားသည်။

အတန်ကြာမှ…

"ရှင်း နားလည်ပါပြီ ဘဘရယ်၊ ရှင်း သဘောပေါက် ပါပြီ…"

"ရှင်း ကိုသက်ဝင်းရှိန်နဲ့ မေဝင်းလှဲ့ကို စိတ်မနာပါဘူး ဘဘ…"

"ဘာကြောင့်လည်းဆိုတော့ သူတို့ခြင်းက ဖူးစာရှင်မှန်တွေမို့ မို့င်းက ဒီလိုဖြစ်ရတာ မဟုတ်လား…"

ငေးငေးလေးဖြင့် စကားတွေဆိုနေသော ရှင်း မျက်နှာလှလှ လေး တစ်ခြမ်းဆီ ဦးဖိုးရှမ်းသည် ကရုဏာကြီးစွာဖြင့် ကြည့်နေမိပါ၏။

သက်လျှာရှင်း၏ နူးညံ့အေးဆေးခြင်းနှင့် ပြည့်ဝလှမ်းသော စိတ်သဘောထားလေးကိုလည်း ဦးဖိုးရှမ်း ကောင်းစွာ နားလည် မိတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်း ဖြစ်နေလား သမီး…"

"ဖြေသာပါတယ် ဘဘရယ်…"

ခေါင်းလေး သာသာယမ်းရင်း သက်လျာရှင်း ဆိုသည်

"တစ်နေ့တော့ သမီးရဲ့ မွန်မြတ်တဲ့စိတ်က သမီးကို အ

ပြန်ပြုမှာပါ သမီး…"

"သမီး ဘာမှမတွေးပါနဲ့ကွယ်…"

"ဟုတ်ကဲ့ပါ ဘဘ၊ ရှင်း အနေနဲ့ လောလောဆ

အားငယ် နေတယ် ဆိုပေမယ့်၊ ရှင်းဟာ ဘဝကိုအရှုံးပေးတတ်

ပျော့ညံ့တဲ့စိတ် တော့ မရှိပါဘူးရှင်…"

"ပြီးတော့ ဘဘဟာ ရှင်းရဲ့ အကြီးမားဆုံး အသက်သ

ကျေးဇူးရှင်ပါ…"

"တစ်နေ့ကျရင် ဘဘကို ရှင်း ကျေးဇူးဆပ်ဖို့ပဲ ကြိုး

နေပါတယ်…"

"အေးလေ…အခုတော့ စောပါသေးတယ်ကွယ်၊ တစ်နေ့

ကျေးဇူးဆပ်သင့်သူကို သမီး ကျေးဇူးဆပ်ပါ…"

---



"ဟုတ်ကဲ့ပါ ဘဘ…ဟုတ်ကဲ့ပါ၊ ရှင်းဟာ ဘဘပေးတဲ့ အသက်ပဲ ရှိပါတော့တယ်ရှင်…"

သက်လျာရှင်း စကားများအတွက် ဦးဖိုးရှမ်း ခေါင်းညိတ်နေလိုက်၏။

"သမီးကို ပြောရဦးမယ်ကွဲ…"

"ဘာလဲ ဘဘ…"

"နောက်တစ်ရက်နှစ်ရက်ဆိုရင် သမီးနဲ့ဘဘ ဆေးကုဖို့ နိုင်ငံခြား ထွက်ရတော့မယ်"

"အို…ဘဘရယ်၊ မလိုပါဘူး၊ ရှင်း အတွက် ဘာမှမလိုတော့ဘူး…"

"ခုလည်း အနာတွေ ပျောက်ပြီပဲ၊ ရှေဆက် ရှင်းဘဘကို အလုပ်အကျွေးပြုသွားပါ့မယ်"

"ရှင်းဆုံးဖြတ်ထားတယ် ဘဘ၊ ရှင်းလေ ရှင်းရဲ့ဖေဖေနဲ့ ဘဘကို ရှေ့လျှောက် ရှင်း စောင့်ရှောက်သွားမယ်လို့…"

"အေးလေ…ဒါတွေနောက်ထားပါကွယ်၊ လောလောဆယ် ကသမီးရဲ့ မျက်နှာလေးကို အင်မတန်ကြီးမားတဲ့ ပြောင်းလဲမှာတွေနဲ့

www.burmeseclassic.com



ပြစ်ဆင်ကုသပေးချင်တဲ့သူ…"

"အဲ..အင်း..ပြစ်ဆင်ပေးချင်လွန်းတဲ့ ဘဘရဲ့ စေတနာကို သမီး အသိအမှတ်ပြုပါ…"

အရည်ကြည်လေးများကြောင့် ရှင်း မျက်ဝန်းအစုံမှာ စိုတက်လာ၏။

အရည်ကြည်လေးများဝေသော အကြည့်လေးတွေနှင့် ဘဘကိုသာ ရှင်း ကြည့်နေလိုက်မိတော့သည်။

"သမီး…"

"ရှင်..ဘဘ…"

"သမီး အခု ခံစားနေရတဲ့ အဖြစ်သနစ်တွေ အတွက်ကျူးလွန်တဲ့သူဟာ ရာဇဝတ်မှုကို ကျူးလွန်တာပဲကွဲ…"

ရှင်း နားထောင်နေလိုက်သည်။ စိတ်ထဲတော့ဘာမှနားမလည်။

"တနေ့ကျရင် ရာဇဝတ်မှုကျူးလွန်သူကို သမီးပြန်တရားစွဲဆိုလို့ရတယ်…"

"ရှင်းက ဘယ်သူ့ကို တရားစွဲရမှာလဲ ဘဘရယ်၊ ဘယ်သူ့ရှင်း တရားမစွဲပါဘူး…"



"ဝဋ်ကြွေးရှိလို့ ရှင်း ဒီဘဝမျိုးရောက်ရတယ်လို့ပဲ ခံယူပါတယ်ရှင်…"

"ရှင်း ရဲ့အနာဂတ် ပျောက်နေပြီပဲလေ၊ ပြီးတာတွေလည်းပြီးကုန်ပါပြီ…"

"အိမ်မက်ဆိုးတစ်ခုမက်၊ လိုက်မိတယ်လို့ပဲ ရှင်း သဘောထားလိုက်ပါမယ်…"

"ကိုသက်ဝင်းရှိန်နဲ့ မေဝင်းလှဲ့ ဘဝရေးတစ်လျှောက် သာယာချမ်းမြေ့ဖို့ပဲ ရှင်း ဆုတောင်းပေးမယ်…"

"မှန်တာပြောရရင် ရှင်းအနေနဲ့ ကိုသက်ဝင်းရှိန်ကို ချစ်တယ် ဘဘ၊ ရှင်းရဲ့ဘဝမှာ သူဟာ ချစ်ဦးသူလေ…"

"သူ့ကိုချစ်တာ ရှင်းရဲ့ ရင်ထဲအသည်းထဲကလာလို့ပါ၊ ဒါပေမယ့် ရှင်းတို့ချင်း ပေါင်းရဖို့ရေစက်မရှိဘူး…"

"ငါ့သမီး စိတ်ဓာတ်ကတော့ အနုပညာရှင်ပီပီ၊ နူးညံ့သိမ်မွေ့ပြီး မြင့်မြတ်တဲ့ မျိုးရိုးကြီးက ဆင်းသက်လာသူပီပီ၊ နိုင်ကြည်မြင့်မြတ်တယ်…"

www.burmeseclassic.com



"ဒါပေမယ့် ရာဇဝတ်မှုဆိုတာကတော့ ဖုံးကွယ်ထားလို့ ဘယ်နည်းနဲ့မှမရဘူး သမီး…"

"သမီးက ဒီအမှုကို မဖော်တောင်မှ တခြား မျက်မြင်သက်သေကရှိချင် ရှိနေဦးမှာပဲ…"

"အဲဒီလိုမျိုး တစ်ဦးတစ်ယောက်က ဒီအမှုကို ပြန်မဖော်ဘူးလို့ ပြောနိုင်မလား…"

"ဘဘက ဒီအမှုကို ဖော်မှာလားဟင်…"

အဖြစ်မှန်ကို မသိ၍၊ မရှင်းလင်းသော အသွင်လေးဖြင့် သက်လျာရှင်း မေးသည်။

ဦးဖိုးရှမ်းသည် ခေါင်းယမ်းရင်းမှ…

"ဘဘကတော့ မဖော်ပါဘူး သမီး…"

"ဒါပေမယ့် ရာဇဝတ်ဘေး ပြေးမလွတ်ဘူးလေ…"

"ဘဘရယ်၊ ဒီကိစ္စတွေက ဘဘပဲ သိတယ်မဟုတ်လား"

"အလုပ်ရှုပ်ခံပြီး ဘာမှပြောမနေပါနဲ့တော့လေ…"

"ရှင်း အတွက်ကတော့ မထူးတော့ဘူး ဘဘ…"

"ဘာကြောင့်လဲဆိုတော့၊ မင်္ဂလာဆောင်ခါနီးမှ ပျောက်သွား



တဲ့ရှင်းကို ကိုသက်ဝင်းရှိန်နဲ့ပတ်ဝန်းကျင်ကပါ ရက်ရက်စက်စက် အထင်လွဲနေလောက်ပြီလေ…"

"အထူးသဖြင့် ဖေဖေဟာ ကိုသက်ဝင်းရှိန်ရဲ့ ပတ်ဝန်းကျင်ကြားမှာ ခေါင်းတောင်ဖော်ရဲ့ရှာမှာ မဟုတ်ပါဘူး…"

"ရှင်းတို့သားအဖရဲ့ ကံကြမ္မာကိုက ရက်ရက်စက်စက် အရှက်ကွဲရဖို့ ဖြစ်လာတာမဟုတ်လား…"

"တစ်ကြောင်းကလည်း ကိုသက်ဝင်းရှိန်နဲ့ ရှင်းက ဖူးစာမပါလို့ ကြံဖန်လွဲရတာ…"

"ဖူးစာမပါရင် အကြောင်းတစ်ခုခုဖြစ်ပြီး လွဲကိုလွဲရမယ်လေ၊ ဒါကို ရှင်း လက်ခံတယ်…"

အဖြစ်မှန်ကို မသိ။ အတွေးရှင်းရှင်းလေးနှင့်သာ စကားတွေပြောနေသည့် သက်လျာရှင်း အသွင်လေးဆီ ဦးဖိုးရှမ်းသည် ဂရုဏာကြီးစွာဖြင့် ကြည့်၍သာ နေဖြစ်၏။

"ပြီးတော့ ရှင်း စဉ်းစားမိတယ် ဘဘ…"

"အင်မတန်မှတည်ငြိမ်အေးဆေးတဲ့ ဖေဖေ၊ ပြီးတော့ သမီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘဝလှပမှုကို သိပ်အလေးထားတဲ့ ဖေဖေ့ချော၊ ခုလို ရှင်းရဲ့အဖြစ်ဆိုး ကိုမြင်တော့ သိပ်စိတ်ထိခိုက်နေရှာမှာပါ…"

ရှင်းစကားဆိုရင်း မျက်ရည်များစီးကျလာသည်။

"ဒါပေမယ့် ဖေဖေဟာ တရားသမားပီပီ ဖြေတတ်မှာပါလေ၊ ရှင်းကိုလာတွေ့တဲ့နေ့က ဖေဖေရဲ့ကြေကွဲမှုတွေကို ရှင်း မမြင်ရက်ဘူး"

"ဖေဖေ သိပ်ခံစားရရှာတယ် ဘာဘရယ်၊ ကိုသက်ဝင်းရှိန်က ဘာမှမသိတော့ ရှင်းအပေါ်ဘယ်လိုစိတ်ထားလည်းဆိုတာ သိပ်သိချင် တာပဲ ဘာဘရယ်…"

"ကိုသက်ဝင်းရှိန်ကဘာမှမသိတော့ ရှင်းအပေါ် ဘယ်လိုစိတ် ထားလဲဆိုတာ သိပ်သိချင်တာပဲ ဘာဘရယ်…"

"ဘာဘက မပြောရင်ရပါတယ်…"

"သမီး…"

"ရှင် ဘာဘ…"

"သမီး မောင်သက်ဝင်းရှိန်ကို တော်တော်ချစ်သလား…"

"ဟုတ်ကဲ့၊ ရှင်း စောစောကပဲ ပြောပါပကော၊ သူဟာ





ရှင်းရဲ့ ချစ်ဦးသူပါလို့၊ ရှင်းရဲ့ဘဝနဲ့ ထပ်တူချစ်ရတဲ့သူ၊ သူ့ကို ရှင်း ဘယ်တော့မှမမုန်းဘူး…"

"ရှင်းတို့ရဲ့ မျိုးရိုးကိုက တစ်ယောက်ဆိုတစ်ယောက် သစ္စာ ကြီးစွာထားတယ် ဘာဘ၊ ဒါပေမယ့်၊ အခု သူက မေဝင်းလှဲ့နဲ့ လက် ထပ်သွားပြီဆိုတော့ ရှင်း အနေနဲ့ သူများရဲ့အိမ်ထောင်ရှင်ကို မပြစ်မှားရဲပါဘူး…"

"ဒါကြောင့် ဘာပဲပြောပြော၊ နောင်တချိန် တွေ့ကြရင် သူ့ပေ ချင်းကောင်းတွေကို ရှင်း ခေါ်ပြောနှုတ်ဆက်နိုင်ပါတယ်…"

"သူ့ကို မုန်းစရာအကြောင်းလည်း မရှိဘူး၊' သစ္စာထားပြီး သူများရဲ့ အိမ်ထောင်ရှင်ကို မပစ်မှားရဲဘူး၊ ရှေ့လျှောက် မိတ်ဆွေ ကောင်းတွေလို နေသွားမယ်…"

"အိမ်း…မှန်မြတ်ပါတယ် သမီးရယ်၊ သိပ်ကို မှန်မြတ်ပါတယ် ကွယ်…"

"ခုဆို ရှင်းရဲ့ အကြီးမားဆုံး ကျေးဇူးရှင်အဖြစ် ဘာဘတစ် ယောက် တိုးလာပြီ၊ နောင်ကို ဖေဖေနဲ့အတူ ဘာဘအတွက်ကို ရှင်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကျွေးစောင့်ရှောက်မယ်…"

"ကျေးဇူးဆပ်ခွင့်ကြုံတဲ့ တစ်နေ့မှာ ဘဘအတွက်ဆို ရှင်းဟာ အသက်ပဲပေးရပေးရပါ…"

"ဘဘကို ရှင်းရဲ့ဘိုးဘွားနဲ့ မိဘနေရာမှာထားပြီး အလုပ်အကျွေးပြုသွားမယ် ဘဘ၊ အဲဒါ ရှင်းရဲ့ ဆုံးဖြတ်ချက်ပါ…"

လေးနက်အားရစွာ ပြောနေသည့် သက်လျှာရှင်း၏ စကားသံလေးတွေကို နားထောင်ရင်း၊ ဦးဖိုးရှမ်းကား စိတ်ထဲကျေနပ်ကာ ခေါင်းတညိတ်ညိတ် ရှိနေ ရပါသတည်း။

မှန်ပါ၏။ ဦးဖိုးရှမ်း၏ မျက်ဝန်းများထဲတွင်မတော့…

သက်လျှာရှင်းကို ကြည့်နေဆဲမှ မိမိ၏ ကျေးဇူးရှင်ဖြစ်သောကိုနေမျိုးချုပ်၏ မျက်နှာချောချောအား နားလည်စွာ မြင်ယောင်နေဖြစ်ရသည်မဟုတ်ပါတကား။



- တစ်ဆယ့်တစ် -

မြင်တွေ့လိုက်ရသည်နှင့်ပင် ရင်ဝယ် မချမ်းမြေ့နိုင် ဖြစ်ရ[illegible]ပါ၏။

မေဝင်းလှဲ့ကိုပါ။

မိမိ၏ လက်ထပ်ထားသော ဇနီးမယား…

စိတ်မာတတ်ကျဆင်း နာကြည်းပျက်ပြားနေချိန်မှာ မိမိလက်ထပ် ဖြစ်လိုက်သည်။

ဟင်း…

ရင်ထဲ နာကျင်သောသက်မကို ကျိတ်ချပြီး အကြည့်ကိုလွှဲကာ အိမ်ထဲသို့ သူ လှမ်းဝင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်…"

သူ့ကျောသည် တွန့်သွားရ၏ သူ လှည့်မကြည့်ဖြစ်…

မောင်ဟူသော အခေါ်ကို သူ့မကြားချင်…

ထိုအခေါ်အဝေါ်ကြောင့် ရင်သည် စစ်စစ်မြည်အောင် နာကျင်ကိုက်ခဲသွား၏။

ခေါ်သံနှင့်အတူ သူ့နောက်မှ လိုက်ပါလာသော ခြေသံကို သူ ကြားလိုက်ရသည်။

လှည့်ကြည့်မယောင်နှင့် သူ လှည့်မကြည့်ဖြစ်။

အခန်းထဲ သူ ဆက်ဝင်ခဲ့သည်။

အခန်းထဲထိ ခြေသံကလည်း ကပ်ပါလာ၏။

မေဝင်းလှဲ့ကို မမုန်းပါ။

မမုန်းသော်လည်း သူမချစ်…

ချစ်သူတစ်ယောက်လို ဘယ်လိုမှ မချစ်နိုင်…

ဇနီးမယားတစ်ယောက်ဖြစ် ပေါင်းသင်းနေထိုင်ရဖို့ ဆိုတာကတော့ ပြောမနေနဲ့တော့လေ။





မေဝင်းလှဲ့နဲ့ ရင်ဆိုင်ရတိုင်း သူ ငိုချင်နေမိသည်။

ရင်ဆိုင်ရဖို့ကလည်း ဝန်လေးလွန်းလှပါ၏။

သို့သော်လည်း ရင်မဆိုင်လို့ကလည်း မဖြစ်။

မေဝင်းလှဲ့နှင့် သူသည် လက်ထပ်ပြီးသော ဇနီးမောင်နှံတွေဘဝ ရောက်နေပြီ မဟုတ်ပါလား။

ထိုအကြောင်း စဉ်းစားမိလျှင် သစ္စာဖောက်မကြီး ရှင်းကို ပို၍ခါသထွက်မိသည်။

ရှင်းကြောင့်..ရှင်းကြောင့်။

သူကတော့…

ဘာကြောင့် မေဝင်းလှဲ့ကို လက်ထပ်မိလိုက်ပါလိမ့်။

ရှင်း ဖေဖေ စီစဉ်တာကို ဘာလို့ လက်ခံမိလိုက်ပါလိမ့်။

သူ ငြင်းခဲ့ဖို့ ကောင်းသည်။

မေဝင်း မိဘတွေကပင်လည်း မလိုလား။

မေဝင်းက သူ့ကို သနားး၍ လက်ထပ်ရသည့် အဖြစ်ကိုပင် သူ ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူ့မှာ မရှုနိုင် မကယ်နိုင် ဖြစ်နေရပြီ။

သူ့ကိုယ်သူလည်း ဒေါသဖြစ်မိ၏။

ရှင်းရယ် ရက်စက်လိုက်တာ…

ရှင်းရယ်..မင်းကို ငါမုန်းတယ်..

မင်းကြောင့်..မင်းကြောင့်

"မောင်…"

ရင်မှာ ကျိတ်ကျိတ်ဒေါသတွေနှင့် ချစ်သော ချစ်ဦးသူအား တမ်းတမိနိုက်…

ခေါ်သံနှင့် အတူ သူ့လက်မောင်းတစ်ဖက်မှ လက်ဖဝါး အတွေ့ကို သူ ခံစားလိုက်ရ၏။

စိုဝေချင်သော မျက်ဝန်းညိုကိုထိန်းရင်း မေဝင်းကို ကြည့်လိုက်ရသည်။

"မောင် ခရီးပန်းလာမှာပေါ့၊ မိုးချုပ်တယ်နော်…"

သူ ခေါင်းညိတ်ပြလိုက်ရသည်။

တကယ်တော့ သူ ဘယ်ခရီးမှ မထွက်ဖြစ်။





မေဝင်းလှဲ ရှိနေသောအိမ်သို့ ပြန်မလာချင်၍ ဟိုတယ်တစ်ခုတွင် သွားရောက် နေ့နေခြင်းပါ။

ဟိုတယ်တွင် ရက်နှစ်ဆယ်နီးပါး ကြာလာတော့ မကောင်းတတ်၍ သူ အိမ်ပြန်လာခဲ့ရ၏။

အိမ် တစ်ညပြန်အိပ်ပြီး နောက်နေ့ အလုပ်ကို အကြောင်းပြ၍ သူ ပြန်ထွက်ဖို့လည်း အစီအစဉ်က ရှိနှင့် ပြီးရယ်လေ။

"ဒါဖြင့် မောင် ရေချိုးလိုက်ပါလား…"

"မချိုးတော့ပါဘူး…မေဝင်းရာ…"

ဟိုတယ်တွင် ရေချိုးခဲ့ပြီးပြီမို့ သူ ငြင်းလိုက်သည်။

အရှေ့နှင့်အနောက် မညီချင်လည်းနေတော့။ သူ စိတ်ဆင်းရဲနေသည်ကိုသာ သူ သိသည်။

ဖြစ်နိုင်လျှင် မေဝင်းနှင့် ဝေးဝေးတွင်ပင် သူ နေချင်နေ၏။

"မောင်…ထမင်းစားမလားဟင်…"

"ဟင့်အင်း…"



www.burmeseclassic.com

www.burmeseclassic.com



"မောင်...ဘာဖြစ်နေလဲ..."

မေဝင်း စေ့စေ့ ကြည့်ပြီး မေးလာတော့...

"ခရီးပန်းလာလို့ပါ မေဝင်းရယ်..."

သူ ဆိုရင်း ခရီးဆောင်အိတ်ထဲမှ အရက်ပုလင်းကို အ
ယူထုတ်လိုက်၏။

အရက်ပုလင်းကို မြင်တော့ မေဝင်း မျက်မှောင်တွန့်ယော
ယောင် ရှိသွားသည်။

သို့သော် မေဝင်း စိတ်ကူးတစ်ချက်ရသလို ဆိတ်သဆိတ်တ
နေနေလိုက်၏။

အရက်ပုလင်းကို ယူပြီးအခန်းထဲမှ မောင် ထွက်သွားတော့—

မောင်ကျောပြင်ဆီ အတန်ကြာ မေဝင်း လှမ်းကြည့်
နေလိုက်၏။

မောင် ပြန်လာသည့် အချိန်က ည ဆယ်နာရီ ထိုး
ပြီပဲ။

မကြာမီ အိပ်ရာဝင်ရတော့မည့်အချိန် ရောက်ပေတော့





သည်။

စိတ်ကူးနှင့် မေဝင်းသည် အခန်းနှင့် အိပ်ရာကြီးကို ပြန်
ရှင်ရှင် ပြင်ဆင်ကာ အမွှေးကြိုင်ဆုံး ပြုလုပ်ထားလိုက်လေ၏။

ထို့နောက် အခန်းထဲမှ မေဝင်း ထွက်သွားလိုက်သည်။

ထမင်းစားခန်းဆီ မေဝင်း ဝင်ခဲ့သည်။

"ဟင်..."

သက်ဝင်းရှိန်ကို မမြင်၍ မေဝင်း အံ့သြသွား၏။

ဧည့်ခန်းထဲ မတွေ့၍ ထမင်းစားခန်းထဲ၌ မောင် အရက်
သောက်နေလိမ့်မည်ဟု မေဝင်း တင်တာ။

"ဟဲ့..မြင့်မြင့်..."

"ရှင်..မမ"

"မောင်ရော..."

"စောစောကပဲ ဒေါ်ခဲကို ရေခဲမှာပြီး ခြံထဲဆင်းသွားတာ
တွေ့တယ်..."

အိမ်ဖော်မလေး မြင့်မြင့် စကားကို ဆုံးအောင်ပင် မေဝင်းလှဲ



www.burmeseclassic.com

www.burmeseclassic.com



နားမထောင်တော့…။

မီးဖိုချောင်ထဲမှ ကိုယ်လေးချာခနဲ လှည့်ထွက်ကာ ခြံထဲဆင်းခဲ့သည်။

ခြံထဲတွင် လမင်းကြီးကထိန်ထိန် သာမနေပေမယ့်…

ကြယ်ရောင်လေးတွေနှင့်တော့ အလင်းရောင် ရှိနေပါလေ၏။

ဆင်ဝင်အောက်မှ ခြံဝင်းထဲသို့ လည်ကိုဆန့်ကာ မေဝင်းလှဲ ကြည့်လိုက်သည်။

ရွက်လှပင် အုပ်အုပ်လေးနားမှ အရိပ်တစ်ခုကို မေဝင်းလှဲ တွေ့လိုက်ရ၏။

"ဟင်း…"

သက်မမောကိုချရင်း မေဝင်းလှဲ လှမ်းသွားလိုက်သည်။

ရွက်လှပင်နား ရောက်တော့…

သက်ဝင်းရှိန်ကား အရက်ပုလင်း၊ ဖန်ခွက်နှင့် ရေခဲခွက်တွေနှင့်အတူ မြေပေါ်တွင် လဲပြိုနေလေပြီဖြစ်၏။

"မောင်က အရက်မသောက်တတ်တဲ့ သောက်တာကိုး…"





"မောင်…မောင်…"

"ရှင်း…ရှင်းရယ်၊ မင်းရက်စက်သမျှ ငါ ခံစားနေရတာကို မင်း မြင်လှည့်စမ်းပါကွာ…"

မေဝင်းလှဲ စကားတွေကို သက်ဝင်းရှိန် မကြား။ ရင်ထဲမှ ခံစားချက်တွေကိုသာ သက်ဝင်းရှိန် နှုတ်မှ တဲနှင့်တာခဲ ပြောဆိုနေဖြစ်၏။

မေဝင်းလှဲ နှုတ်ခမ်းလေးကို ဖိကိုက်လိုက်သည်။

ပြီးမှ စိတ်ကို လျှော့လိုက်ဟန်ဖြင့်…

"မောင်…ထ၊ အိမ်ထဲဝင်မယ်၊ အပြင်မှာ အအေးမိမယ်…"

"နေပါစေ၊ ကိုယ် ဒီမှာပဲနေချင်တယ်၊ မင်းကိုတော့ အားနာတယ်ကွယ်…"

စိတ်လွှတ်ကာ မေဝင်းလှဲ နှုတ်ခမ်းကို ဖိကိုက်မိပြန်၏။

အေးလေ…မောင်က ငါ့ကိုချစ်ခဲ့တဲ့ ငါချစ်သူမှမဟုတ်တာ…

ငါက ငါ့ကိုချစ်အောင် ကြိုးစားရမယ်…

ငါ ကြိုးစားလို့မှ ငါ ကြိုးစားတဲ့အတိုင်း ဖြစ်မလာရင်လည်း အကြောင်းမဟုတ်ဘူး…



www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့ငါက လင်မယားပဲ၊ ငါ့မှာ လုပ်ပိုင်ခွင့် အခွင့်အလမ်းတွေ အများကြီးရှိနေပြီပဲ…

ဟွန်း…ကိစ္စမရှိပါဘူးလေ၊ မေဝင်းတို့ဘဝမှာ အရှုံးဆိုတာ ဘယ်တော့မှ မရှိခဲ့ဘူး…

စိတ်ကူးတွေနှင့် မေဝင်းလှဲ့ စိတ်ကို လျှော့ချလိုက်ရပြန်ပါ၏။

"ကဲ…ထပါ မောင်ရယ်၊ မောင့် အတွက် အဓိပ္ပာယ်မရှိတာတွေ ပြောမနေစမ်းပါနဲ့…"

"မောင်ကသာ ဖြစ်နေ၊ ဟိုက ခုဆို သူ့အကောင်နဲ့ ပျော်နေမှာ…"

"တောက်…ရှင်း၊ သစ္စာဖောက်မ၊ ငါကဖြင့် အထင်တွေကြီးပြီး ဂုဏ်တွေယူလိုက်ရတာ…"

မေဝင်းလှဲ့ဆိုတော့ သက်ဝင်းရှိန် တောက်ပြင်းပြင်း တစ်ချက်ကို ခေါက်ရင်း ကျိတ်ငိုဖြစ်၏။

မြေပေါ်မှ သက်ဝင်းရှိန် ကိုယ်ကြီးကို မေဝင်းလှဲ့ တွဲယူလိုက်သည်။





…အရက်မသောက်တတ်ဘဲ သောက်ထားသော သက်ဝင်းရှိန်အား အရက်မူး၊ အချစ်မူး နာကျင်ကြေကွဲရသော ဝေဒနာတို့ဖြင့်…

မေဝင်းလှဲ့တစ်ယောက် မေးမတွဲခေါ်ရာနောက်သို့ တစ်လှမ်းချင်း ပါသွားရပါတော့သတည်း။

မှန်ပါ၏။

ထိုညကဖြင့် သက်ဝင်းရှိန်ကား ဘာမှန်းမသိပါတော့…။

အရက်သောက်၍ မေဝင်းလှဲ့ကို ရှောင်ရှားခြင်း၊ စိတ်ကူးကဖြင့် သက်ဝင်းရှိန်အတွက် အမှားတစ်ရပ်ပင် ဖြစ်သွားရကြောင်းအား…

လောလောဆယ်၌ သက်ဝင်းရှိန်ကား မသိရှာပါလေတော့။

မေဝင်း!ကမူ နောက်ထပ် လှေကားထစ် တစ်ထစ်အား ဖွယ်လင့်တကူ တက်ခဲ့နိုင်ပြန်ချေပြီတကား။ ။



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်နှစ် -

ကရင်း…ကရင်း…ကရင်း

ဖုန်းမြည်သံလေးကြောင့် မောင့်ဆီမှ အထင်နှင့် ခြေလှမ်း သွက်သွက်ကလေး မေဝင်း လှမ်းခဲ့သည်။

ခရီးထွက်သွားသော မောင်က ပြောသွားသည်။

မေဝင်းထံ ဖုန်းဆက်မည်ဟု။

ခုဆို မောင် သွားတာ နှစ်ပတ်ရှိပြီ။

မေဝင်း ဖုန်းကိုမျှော်သည်…

ဖုန်းကမလာ။

ခုမှ ဖုန်းသံလေးကြား၍ စိတ်လှုပ်ရှားစွာဖြင့် မေဝင်း ဖျော်



သွားရပါ၏။

“တူး..တူး..တူး…”

တစ်ဖက်မှ ဖုန်းအော်တိုဝင်သံကို နားထောင်ရင်း…

ကိုနေမျိုးချုပ်ကား သူ့ရှေ့ရှိ စားပွဲထက်၌ ရှိနေသော အသံ သွင်းစက်ကလေးဆီ အသင့် အနေအထားနှင့် ကြည့်နေမိ၏။

“ဟဲလို..”

တစ်ဖက်မှ ဟဲလိုသံကို ကိုနေမျိုးချုပ် ကြားလိုက်ရသည်။

ကိုနေမျိုးချုပ်သည် စပီကာဖုန်းနှင့် အသံဖမ်းစက် ကလေး အားဝို၍ အသံကြည်လင်ပီပြင်အောင် ပြင်ဆင်လိုက်ပြီးမှ…

“ဟဲလို..ဒေါ်မေဝင်းလှဲ့များ ရှိမလားမသိဘူး..”

“ဟုတ်ကဲ့၊ ရှိပါတယ်ရှင်…”

“ဒါဆို ဒေါ်မေဝင်းလှဲ့နဲ့ ကျွန်တော် စကားပြောချင် ပါတယ်”

“ဪ..ဟုတ်ကဲ့၊ အခုပြောနေတာ ကျွန်မ မေဝင်းလှဲ့ပါပဲ ရှင်…”

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စများရှိလဲမသိဘူး၊ မောင်က ဆက်နိုင်းလို့လားဟင်၊ မောင်က အခုဘယ်မှာလဲဟင်…"

"မဟုတ်ပါဘူး၊ မောင်ဆိုတာ ကျွန်တော် မသိဘူး…"

"ကျွန်တော်သိတာ ခင်ဗျားကိုပဲ…"

"ရှင်…"

တစ်ဖက်မှ စကားကြောင့် မေဝင်း အံ့ဩသွားသည်။

"ဒေါ်မေဝင်းလှဲ…"

"ရှင်…"

"ခင်ဗျားကို ကျွန်တော် စကားပြောချင်နေတာကြာပြီ…"

"ခင်ဗျားကို စုံစမ်းနေရလို့ အချိန်တွေ ဒီလောက်ကြာသွားတာ…"

"လက်စသတ်တော့ ခင်ဗျားက အိမ်နီးခြင်းပဲ ဖြစ်နေတာကို ဗျာ…"

"ရှင်က ဘယ်သူလဲ၊ ဘာကိစ္စ-ကျွန်မနဲ့ စကားပြောချင်ရတာလဲ…"



"အဟွန်း‥ပြောချင်ရတာပေါ့ဗျာ၊ ကိစ္စဆိုတာကတော့ အသေးအမွှားကိစ္စ မဟုတ်ဘူးဗျာ…"

"အို‥လေကြောရှည်မနေစမ်းပါနဲ့၊ ရှင်းရှင်းပြောစမ်းပါ…"

"ကျုပ်ကမှ ရှင်းရှင်းကို ပိုတောင်ပြောချင်ပါသေးတယ်…"

"ဒီမှာ ဒေါ်မေဝင်းလှဲ၊ လွန်ခဲ့တဲ့ ခုနစ်လကျော်လောက်က"

"တစ်ညမှာပေါ့ဗျာ‥ပြောရရင် အချိန်က ခုနစ်နာရီလောက်ရှိ မယ်ဗျာ…"

"အဲဒီအချိန်က ခင်ဗျားကျူးလွန်ခဲ့တဲ့ ပြစ်မှုကြီးတစ်ခု အကြောင်းကို ပြောချင်တာပါ…"

"ရှင်‥ရှင်…"

တစ်ဖက်မှ ထိတ်လန့်ချောက်ချားသွားမည့် မေဝင်း အသွင်အား ကိုနေမျိုးချုပ် မြင်ချင်စမ်းတော့သည်။

လေလှိုင်းမှာ နားစည်ထဲမှာတော့ မေဝင်း ချောက်ချားသွားဟန်အသံကား အသိသာကြီးရယ်ပါ။

ထို့အတူ ပီပြင်သော မေဝင်းလှဲ ချောက်ချားထိတ်လန့်သံသည်

www.burmeseclassic.com

www.burmeseclassic.com



အသံဖမ်းစက်လေထဲလည်း အတီအလင်းကြီး ဝင်ရောက်နေမည်က အသေအချာပင် မဟုတ်ပါလား…။

"အို..ဒီ..ဒီမှာ ရှင်..မှင် ဘယ်သူလဲ…"

"ကျော်…"

"မေဝင်းလှဲ့ စကားမဆုံး…"

တစ်ဖက်မှ ဖုန်းကချသွားချေပြီ။

မေဝင်းလှဲ့မှာ မှင်တက်စွာ ရပ်နေမိ၏။

သတိဝင်ကာ မိမိကိုယ် မိမိ သတိထားမိတော့…

ဖုန်းလေးကို ကျစ်ကျစ် ဆုပ်ကိုင်ထားမိသည်။

တစ်ကိုယ်လုံးတွင် ချောက်ချားမှုတို့ဖြင့် ချွေးစေးများ ပြန်နေ ချေ၏။

ဖုန်းလေးကို သတိထား၍ မေဝင်းလှဲ့ ပြန်ချလိုက်။

"မေဝင်းလှဲ့…"

"အမေ့…"

ဒေါ်ခဲ ခေါ်သံကြောင့် မေဝင်းလှဲ့ လန့်သွားသည်။





ဒေါ်သပင်လည်းထွက်၍ ဒေါ်ခဲထံ မကြည့်မိသေး မျက်နှာ အသွင်က တင်းမာသွား၏။

"ဘာလဲ ဒေါ်ခဲ အလန့်တကြားနဲ့…"

ဒေါ်သစွက်သော မေဝင်းလှဲ့ စကားသံ ပြတ်ပြတ်ကြောင့် ဒေါ်ခဲ ကြောင်သွားသည်။

"အဒေါ် အိပ်ရာဝင်တော့မလို့ မေဝင်း ဘာခိုင်းစရာရှိ သေး လဲလို့ လာမေးတာပါ…"

"မရှိဘူး..မရှိဘူး သွားတော့…"

ဒေါ်ခဲ လှည့်ထွက်လာလိုက်သည်။

ဒေါ်ခဲ မျက်ဝန်းထဲမှာတော့…

မေဝင်းလှဲ့၏ ချောက်ချားနေလို မှုပျက်နေသော အသွင်ကား ဒေါ်ခဲ အမြင်တွင် စွဲထင်ပါသွားရ၏။

မှန်ပါ၏။

မေဝင်းလှဲ့ကား စိတ်တွေ လှုပ်ရှားရလွန်း၍ ချောက်ချားရလွန်း ၍ တစ်ကိုယ်လုံး တုန်နေရပါချေ၏။



www.burmeseclassic.com

www.burmeseclassic.com



တော်သေးတယ် မောင်တစ်ယောက် မရှိသေးလို့သာ-

ဘယ်သူလဲ··ဘယ်သူလဲ···

ဒီလူ ဘယ်ကလဲ···

ဒီလူ့ကို ငါ ဘယ်လိုစုံစမ်းရမလဲ···

ဒီလူက ငါ လုပ်တာကို ဘယ်လိုများ မြင်တွေ့သွားပါလိမ့်

ဒယိုင်ဒယိုင်ဖြင့် အိပ်ရာထဲ လှဲကာ အခန်းကို အမှောင်ချလျှက်။

ချောက်ချားမဆုံး အတွေးများနှင့် မေဝင်းလှဲတစ်ယောက်တည်း

ရှိနေဆဲ၌···

တစ်နေရာတွင်မူလည်း···

ကိုနေမျိုးချုပ်ကလည်း မေဝင်းလှဲထံသို့ ဖုန်းဆက်အသံသွင်း

ထားလိုက်ရပြီမို့···

မိမိလုပ်ရန် ဆုံးဖြတ်စီစဉ်ထားသော အလုပ်များအတွက်

တကိုယ်တည်း ကျေနပ်နေမိရပါသတည်း။

မှန်ပါ၏။

ကိုနေမျိုးချုပ်သည် ဦးဖိုးရှမ်းနှင့် သက်လျာရှင်းတို့ ဆေးကု





နိုင်ငံခြားသို့ ထွက်သွားကြပြီးသည့်နောက်၌···

သူငယ်ချင်း သက်ဝင်းရှိန်နှင့် မေဝင်းလှဲတို့ အခြေအနေ

များအား တစေ့တစောင်းလေ့လာစုံစမ်းကာ···

ယနေ့ညတော့ဖြင့် မေဝင်းလှဲ မိန်းမယုတ်ထံသို့···

ပထမနေ့ ဖုန်းဆက်၍ မေဝင်းလှဲ ကျူးလွန်ခဲ့သော ပြစ်မှုအ

ကွက်···

သူမနှုတ်မှ ဝန်ခံစကားများ သို့မဟုတ် ပြစ်မှုကျူးလွန်ကြောင်း

ဆင်ရှားစေသော စကားများ ထွက်ပေါ်လာစေရန် စတင်၍ ပြစ်မှု

ကြီးစအား ဆွဲယူလိုက်ခြင်းပါတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်သုံး -

ခရီးထွက်မည်ဟု အကြောင်းပြကာ ဟိုတယ်တစ်ခုတွင်ရှိနေသော...

သူငယ်ချင်း ကိုသက်ဝင်းရှိန်၏ အခြေအနေကို ထိန်းသိမ်းရန်အတွက် ကိုနေမျိုးချုပ်သည် သက်ဝင်းရှိန်ရှိရာ ဟိုတယ်သို့ ရောက်လာခဲ့လေ၏။

ကောင်တာတွင် အခန်းနံပါတ်ကို စုံစမ်းပြီး သက်ဝင်းရှိန်နေသောအခန်းသို့ နေမျိုးချုပ် တက်ခဲ့သည်။

ဒေါက်..ဒေါက်...

အခန်းရှေ့ရောက်သည်တွင် နေမျိုးချုပ်၏ အခန်းတံခါးခေါက်





သံကြောင့်...

အခန်းထဲ အရက်သောက်နေသော သက်ဝင်းရှိန်သည် အခန်းတံခါးဆီ လေးတွဲ့ရီဝေသော အကြည့်တွေနှင့် လှမ်းကြည့်၏။

ဒေါက်..ဒေါက်...

တံခါးခေါက်သံ ထပ်ကြားလိုက်ရသည်တွင် ထိုင်နေရာမှ ဒယီးဒယိုင်ဖြင့် သက်ဝင်းရှိန် ထရပ်လိုက်သည်။

အခန်းထဲမှ လှုပ်ရှားသံ ကြားလိုက်ရ၍ အပြင်မှ ကိုနေမျိုးချုပ်သည် စိတ်အနည်းငယ် အေးသွားရသည်။

ဖျိုဖျစ် ငယ်ရှာသည့် မိတ်ဆွေကောင်းတစ်ယောက် ဘယ်လိုနေမလဲဟုတွေးဆဲ...

အခန်းတံခါးပွင့်လာသည်။

"ဟင်..ချုပ်..."

"ဟင်..ရှိန် အရက်တွေ သောက်နေတယ်..."

တစ်ဦးကို တစ်ဦးတွေ့သည်တွင် အံ့ဩရင်နာခြင်းတွေဖြင့် ဆိုပြောဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနေမျိုးချုပ် အမေးကို ကိုသက်ဝင်းရှိန် မဖြေနိုင်။

သူငယ်ချင်းကို မြင်တွေ့လိုက်ရ၍ ပိုဝမ်းနည်းသွားဟန်ရှိသည်။

သက်ဝင်းရှိန်သည် တံခါးကို အမှီပြုကာ ခေါင်းကို ငိုင်လျက် ကိုယ်က ယိုင်သွားရ၏။

ကိုနေမျိုးချုပ်မှာ ကိုသက်ဝင်းရှိန်ကို မြတ်နေ ဆွဲထိန်းထားလိုက်ရပြီး အခန်းတံခါးကို ပြန်ပိတ်ကာ စားပွဲကုလားထိုင်တွေရှိရာဆီသို့ ခေါ်ခဲ့လိုက်ရလေ၏။

နှစ်ယောက်ထိုင် ဆက်တီတွင် ထိုင်ဖြစ်ကြသည်တွင်…

စားပွဲပေါ်မှ ကိုနေမျိုးချုပ်သည် သောက်လက်စရှိသော အရက်ပုလင်းနှင့် ဖန်ခွက်ကိုမြင်တွေ့လိုက်ရ၏။

ကိုနေမျိုးချုပ်သည် အရက်ပုလင်းနှင့် ဖန်ခွက်ဆီကြည့်ပြီး…

သက်ဝင်းရှိန်ကို ပြန်ကြည့်လာရင်းက…

"စိတ်အလို မလိုက်ပါနဲ့ ရှိန်ရာ…"

"အဟွန်း ကိုယ့်နေရာကနေ ဝင်ခံစားကြည့်ပါဦး ဗျာ…"

နာကျင် ကြေကွဲရသော မျက်ပြုံးကို ဆောင်လျက် သက်ဝင်းရှိန်





ပြောသည်။

"တနာ့ပါတယ် ရှိန်… ကိုယ် ရှိန်ကို နားအလည်ဆုံးလူဟာ ကိုယ်ပါ…"

"ဒါပေမယ့် ရှိန်အနေနဲ့ ဒီအတိတော့ မလုပ်ပါနဲ့လို့ တောင်းပန်ချင်တယ်…"

သက်ဝင်းရှိန်တိုကြည့်ကာ ကိုနေမျိုးချုပ်ဆိုတော့…

သက်ဝင်းရှိန်သည် ရီဝေသော မျက်ဝန်း ထိမိုက်သော အသွင်တိုဖြစ် ခေါင်းကိုခါယမ်း၏။

"ချုပ်…"

ဆို့နင့်သောအသံဖြင့် သက်ဝင်းရှိန် ခေါ်သည်။

"ပြောပါ သူငယ်ချင်း…"

"ကိုယ် သိပ်ဝမ်းနည်းတယ် ကိုယ့်ဘဝကိုရှက်တယ်၊ ကိုယ် ရှက်တယ်၊ ကြေကွဲတယ်ဗျာ…"

ဆိုရင်း သက်ဝင်းရှိန် မျက်ဝန်းတို့ နီရဲစိုစွတ်လာ၏။

ဆက်တီနောက်ကျောတွင် လျော့ရဲစွာမှီရင်း အကြည့်တို့ ဝေ့လွဲ



www.burmeseclassic.com

www.burmeseclassic.com



လွဲထားကာ သက်ဝင်းရှိန် စကားဆက်သည်။

"မေဝင်းလှဲ့ကို ကိုယ် မချစ်ဘူး…"

"မိတ်ဆွေတစ်ယောက်လို အသိအမှတ်ပြုတာပဲရှိတယ်…"

"ကိုယ့်နှလုံးသားကို မေဝင်းလှဲ့ကို ပြောင်းပေးလို့မရဘူး"

"ဒါပေမဲ့ ကိုယ့်ဘဝကို မေဝင်းလှဲ့ ရသွားပြီ…"

"ကိုယ်စိတ်ညစ်တယ်၊ ကိုယ်ဘာလုပ်ရမလဲ၊ ကိုယ်သေချင်တယ်…"

"မေဝင်းလှဲ့ကို ကိုယ်ဘာကြောင့် လက်ထပ်ဖြစ်သွားရသလဲဆိုတာ…"

"အဲဒါ..အဲဒါ..မိရှင်းကြောင့်..မိရှင်းကြောင့်…"

"ကိုယ်လေကိုယ် ကျွန်တော် ငိုချင်တယ်၊ ကျွန်တော် ငိုပါရစေ ဗျာ…"

နောက်ဆုံး ခံစားမှုများ အဆမတန် ဖြစ်တည်လာရသော သက်ဝင်းရှိန်ကား…

ကိုနေမျိုးချုပ်အား ဖက်ကာ ငိုချဖြစ်ရရှာပါသတည်း။



ကိုနေမျိုးချုပ်လည်း မျက်ရည်ဝဲရရှာပါ၏။

"ရှိန်ရယ် တစ်နေ့တော့ ရှိန် ဘဝသာယာစေရမှာပါ…"

ကိုနေမျိုးချုပ်သည် အနာဂတ်ကိုမြင်ယောင်လျက် နှိမ့်သိမ့်ပြောဆို၏။

"ချုပ်ရယ် ကျွန်တော်ဘဝ သာယာလာဦးမယ်တဲ့လား…"

"ကျွန်တော် စိတ်ချမ်းသာလာမယ်တဲ့လား၊ အဲဒီလို ချုပ်ထင်သလား."

"ဒီမှာ ချုပ် ကျွန်တော့်ကိုယ်ကျွန်တော် သိတယ်၊ အသိဆုံးပါ"

"ကျွန်တော်..မေဝင်းလှဲ့ကို ကျွန်တော်မချစ်နိုင်ဘူး…"

"မေဝင်းလှဲ့ကြောင့် ကျွန်တော် ဘယ်လိုမှ စိတ်မချမ်းသာနိုင်ပါဘူး…"

"ကျွန်တော်ဘဝမှာ အချစ်ဆုံး၊ ကျွန်တော်ဘဝမှာ သခင်မကရှင်းပါ…"

"ရှင်းသာ ဘဝရဲ့ အရှင်သခင်မလေးပါဗျာ…"

"ဒါပေမယ့်..ဒါပေမယ့်..ရှင်း..ရှင်းက ကျွန်တော့်ရင်ကို

www.burmeseclassic.com

www.burmeseclassic.com



ခြေစုံနဲ့ကန်သွားပြီ…"

"ခု..ခုဆို..သူ..သူ့ကတော့ ပျော်နေမှာပေါ့ဗျာ၊ ပျော်နေမှာပေါ့.."

"ပျော်ပါစေ ချုပ်ရယ်၊ ရှင်းပျော်ပါစေ ကျွန်တော်လို ရှင်း ဘယ်တော့မှ မခံစားရပါစေနဲ့လို့ ကျွန်တော် ဆုတောင်းပါတယ်ဗျာ…"

ကြေအက်ကွဲသံ၊ ရှိုက်သံတို့ဖြင့် ဆိုနေသော ကိုသက်ဝင်းရှိန် စကားများအား နားထောင်ရင်း…

ကိုနေမျိုးချုပ်သည် နာကျင်သော တံတွေးတစ်ချက်ကို မျိုချကာ သူ့လက်အစုံက သူငယ်ချင်းကို တင်းကျပ်စွာ ဖက်ထား ဖြစ်၏။

"ချုပ်ရယ် ကျွန်တော်ခံစားခဲ့ရတာ ခု..ခုဆိုရှစ်လကျော်လို့ ကိုးလထဲတောင် ရောက်တော့မယ်ဗျာ…"

"ကျွန်တော့်ဘဝ အေးချမ်းမှုကို ကျွန်တော် ဘယ်လိုရှာရမလဲ ချုပ်…"

"လောလောဆယ်တော့ ကျွန်တော် အရက်နဲ့ပဲ အဖော်ပြုချင်





တယ်၊ တစ်ခုတော့လည်း ကျွန်တော် စဉ်းစားထားပါတယ်…"

"ပွင့်ပွင့်လင်းလင်းပဲ မေဝင်းလှဲ့ကို ပစ္စည်းတစ်ဝက် ခွဲပေးပြီး ကွာရင်ကောင်းမလား…"

"အဲဒီလိုလုပ်ရင် ကျွန်တော့်ဘက်က တရားပါ့မလား…"

"မေဝင်းလှဲ့က..မေဝင်းလှဲ့က နစ်နာနေရှာပြီ မဟုတ်လား.."

"စဉ်းသားကြည့်တော့လည်း မေဝင်းလှဲ့ဟာ ကျွန်တော့်အတွက် နစ်နာခံပေးရှာသူလေးပါ…"

"သူ့ကို မချစ်လို့ ကွာချင်ပေမယ့် တချိန်က မိတ်ဆွေစိတ်က ကျွန်တော့်ကို အားနာစေတယ်ဗျာ…"

အကြောင်းမသိ၍ မေဝင်းလှဲ့ပေါ် စာနာထောက်ထားနေသော ကိုသက်ဝင်းရှိန် အပေါ်၌ ကိုနေမျိုးချုပ် အပြစ်မမြင်ပါလေ…

စဉ်းစားကြည့်လျှင် ကိုသက်ဝင်းရှိန်တွင်လည်း အပြစ်မရှိ..

သက်လျှာရှင်းတွင်လည်း အပြစ်မရှိ။

သက်လျှာရှင်း သက်ဝင်းရှိန်ဟာ သိပ်ချစ်ကြသော ချစ်ဦးသူ ချစ်သူရင်းချာတွေသာ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းခင်းသောလမ်းမှ ခရောင်းလမ်းဖြစ်အောင် ဖန်တီးပေးသူက မေဝင်းလှဲ…

ချစ်သူနှစ်ဦးဘဝကို ရက်ရက်စက်စက် ကွေကွဲအောင် ပြုရက်လေသော မေဝင်းလှဲ။

ထိုသို့သော မေဝင်းလှဲ အကြောင်းတွေကိုများ သက်ဝင်းရှိန် တစ်ယောက် သိလိုက်ပါလျှင် မည်သို့များ ဖြစ်ရှာသွားအံ့ပါမည်နည်း။

ကိုနေမျိုးချုပ် နားလည်ပါသော်လည်း မတွေးတတ်အောင် ပါလေ။

"ရှင်း…လုပ်ရက်တယ်…"

"ချုပ်ရယ်…ကျွန်တော်လေမိရှင်းကို စိတ်နာပါတယ်…"

"မုန်းလည်း မုန်းချင်တယ် ဒါပေမယ် ကျွန်တော် မိရှင်းကို မုန်းမရဘူးဗျာ…"

ဆိုရင်း ကိုနေမျိုးချုပ်ပုခုံးထက် မျက်နှာအပ်ကာ သက်ဝင်းရှိန် ကျိတ်၍ရှိုက်ငို ရပြန်ချေ၏။

အရက်လည်းမူး၍ အသိကလည်း နုနေဟန်ပါ။





နဂို ကတည်းက သိမ်မွေ့စွာ ချစ်တတ်သော သက်ဝင်းရှိန် အို့…

အရက်မူး၍ ပို၍ သိမ်မွေ့စွာ ချစ်တတ်နေရှာပုံအား ကိုနေမျိုးချုပ် သဘောပေါက်ပါ၏။

သဘောပေါက်သော်လည်း လောလောဆယ်မတော့ ကိုနေမျိုးချုပ် အို့ မပြောသာရှာပါလေ။

စောစောက သက်ဝင်းရှိန် ပြောသလိုပါ။

ခုဆို ကိုးလနီးပါးအချိန်တို့ ရှိနေပြီပဲ မဟုတ်ပါလား။

နိုင်ငံခြားတွင် ဆေးသွားကုနေသော ဦးဖိုးရှမ်းနှင့် သက်လျှာရှင်း တို့ပင့်ရှေလထဲ ပြန်ရောက်လာကြတော့မည်ဟု ဦးဖိုးရှမ်း အကြောင်းကြားထားသည် မဟုတ်ပါလား။

သက်လျှာရှင်း ပြန်ရောက်လာတော့မှသာ လက်တွေ့ အကောင်အထည်နှင့် သက်သေတွေနှင့်…

အချစ်ဆုံး သူငယ်ချင်း သက်ဝင်းရှိန်ဘဝ သာယာချမ်းမြေ့ ရန်အတွက်…



www.burmeseclassic.com

www.burmeseclassic.com



ကိုနေမျိုးချုပ်သည် မေတ္တာရေထား ဖြူစင်သောနှလုံးသားကို ခင်းလျှက် ဆောင်ရွက်ပေးသွားမည် ဟူသော…

စိတ်ကူးများရယ် ကြိုတင်ရှိပြီးသားရယ်ပါတည်း။

"ရှိန်…"

"ဗျာ…"

"ရှိန် သောက်ထားတာ များနေပြီထင်တယ်၊ ဆက်မသောက်ပါနဲ့တော့၊ ရှိန် အိပ်တော့နော်…"

"ရပါတယ် မသောက်နဲ့ဆိုရင် မသောက်တော့ပါဘူး၊ အိပ်တော့မအိပ်သေးဘူး…"

"ရှိန် မအိပ်ရင် ကိုယ်မရှိတာနဲ့ ပြန်သောက်မှာသေချာပါတယ်…"

"အဟွန်း…"

ကိုနေမျိုးချုပ် ဆိုတော့ ကိုသက်ဝင်းရှိန် လျှော့ရဲရဲ ပြုံးသည်။

ရှက်တတ်သော သက်ဝင်းရှိန်သည် သူ့မျက်နှာချောချောအား ရှက်ယောင်ယောင်ထား၏။





"ချုပ်…"

"ဟင်…"

"ကိုယ်ဒီမှာရှိတာ ချုပ် ဘယ်လိုသိလဲဗျာ…"

"ဒီလိုပဲ သိတာပဲပေါ့၊ ဒါနဲ့ ရှိန် ဘယ်တော့ ပြန်လာမလဲ ဟင်…"

"ပြောလို့ မတတ်သေးဘူး…"

"မေဝင်းလှဲက ကြာရင် သံသယ ဖြစ်လာမှာပေါ့ ရှိန်ရယ်"

ကိုနေမျိုးချုပ်ဆိုတော့ သက်ဝင်းရှိန် ဘာမှ ပြန်မဆို။

ကြေကွဲမှုနှင့် တနုံ့နုံ့ခံစားနေရသော အသွင်က ပေါ်လွင်နေရှာ၏။

"ကိုရှိန်…"

"ဗျာ…"

"ညဥ့်နက်ပြီ ကိုယ် အိမ်ပြန်မယ်…"

သက်ဝင်းရှိန် ခေါင်းညိတ်ပြသည်။

ကိုနေမျိုးချုပ်သည် သူငယ်ချင်း သက်ဝင်းရှိန်အား ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရင်းမှု စာနာခြင်း၊ ချစ်ခြင်းတို့ဖြင့်…

သတ်ဝင်းရှိန်အား သိုင်းဖက်နှုတ်ဆက်၍ အတန်ကြာကြည့်ကာ နေရာမှ ထပြန်သွားပါတော့သတည်း။ ။



– တစ်ဆယ့်လေး –

"ကရင်း…ရင်း…ရင်း…"

"ဟင်…"

ဖုန်းမြည်သံလေးကြား၍ မေဝင်းလှဲသည် ထိတ်လန့်ဖြူးကျယ်နေသော မျက်ဝန်းတို့ဖြင့် ဖုန်းလေးထံ လှမ်းကြည့်၏။

မှန်သည်။

အချိန်သည် ညဥ့်ဆယ်နာရီခွဲ…။

သည်လိုအချိန်တစ်ခုတွင် သည်ဖုန်းသည် မြည်လာတတ်သည်ကို မေဝင်းလှဲ သိထားပြီပဲ…။

ထို့အတွက် ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်ညမှာများ ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



လေမလဲပဲဟူသော ချောက်ချားစိတ်တွေနှင့်…

ဖုန်းမြည်သံလေးအား မေဝင်းလှဲသည် ညစဉ် စိုးထိတ်စွာ စောင့်စားနေမိရပါသတည်း။

သည်ညတော့ ဖုန်းမြည်သံက ပေါ်လာချေပြီ…။

"ကရင်း…ရင်း…ရင်း…"

မေဝင်းလှဲ သွားမကိုင်သေး၍ ဖုန်းမြည်သံက ထပ်၍ ပေါ်လာသည်။

မေဝင်းလှဲ မကိုင်လျှင် အိမ်ဖော်တစ်ဦးဦးက ထွက်လာပြီး ကိုင်မည်စိုး၍…

မေဝင်းလှဲ ချောက်ချားစွာနှင့်ပင် ဖုန်းလေးဆီသို့ ကပျာကယာ လှမ်းခဲ့ရပါတော့သတည်း။

"ဟဲလို…"

ဆတ်ခနဲ ဖုန်းကိုကိုင်ပြီး မေဝင်းလှဲ ဆိုသည်။

"ဘယ်လိုလဲ ဒေါ်မေဝင်းလှဲ၊ ကြိုတင် ချောက်ချားနေပြီး တူတယ်…"





"ဒီမှာ ရှင် ဘယ်သူလဲ၊ ရှင် မဟုတ်တွေ ပြောမနေနဲ့…"

"ကျွန်မ ခင်ပွန်းကိုပြောပြီး ရှင့်ကို ဖမ်းစမ်းဖမ်းနိုင်းရမလား"

"အဟား…ဟား…ဟား ပြောလိုက်လေ၊ ကျုပ်က ပိုတောင်မှ သဘောကျပါသေးတယ်…"

"ကျုပ်ထင်တယ်၊ ခင်ဗျားဟာ ရွှေနေတစ်ယောက်ဖြစ်လို့ ပြစ်မှုကို ကျူးလွန်ရဲတာပဲလားမသိဘူး…"

"ရှင် ကျွန်မကို မစွပ်စွဲနဲ့…"

"စွပ်စွဲနေကာမဟုတ်ဘူး၊ တိုက်ရိုက်ကို ပြောနေတာဗျ…"

"ဒီမှာ ရွှေနေဆိုတဲ့နာမည်တစ်လုံးနဲ့ ဟန်ဆောင်ကောင်းမနေပါနဲ့ဗျာ…"

"ခင်ဗျားဟာ သက်လျာရှင်းဆိုတဲ့ အမျိုးသမီးလေးကို ပဲခူးသွားမယ့် မနက်မှာ ခင်ဗျား လုပ်ကြံလိုက်တယ်…"

"အိုး…မဟုတ်…"

"မငြင်းနဲ့နားထောင်ဦး…"

တစ်ဖက်မှ ပြတ်ပြတ်ဆတ်ဆတ် ဟောက်ဟာမ်းလိုက်သံ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် မေဝင်းလှဲ ငြိမ်သွားသည်။

"သက်လျာရှင်း ပဲခူးသွားမယ်ဆိုတဲ့အကြောင်းကို အဲဒီမနက်မှာ ခင်ဗျားတစ်ယောက်ကိုပဲ ဖုန်းဆက်ပြောခဲ့တယ်…"

"ပြောတယ်လေ အဲဒါနဲ့ ဘာဆိုင်လဲ…"

"ဆက်နားထောင်၊ အဲဒီအချိန်မှာ ခင်ဗျားက သူ့ခြံဆက်ကူးပြီး၊ သူ့ကားဘရိတ်ကို တိတ်တိတ်သွားပြီး ဖျက်ထားလိုက်တယ်…"

"ပဲခူး အသွားမှာ သူဘာမှမဖြစ်ဘူး၊ ပဲခူးက အပြန်မှာမှ သူ ကားကို မြန်မြန်မောင်းလိုက်တာနဲ့ ကားဘရိတ်မမိဘဲ ဖြစ်သွားတော့တယ်…"

"ဒါပေမယ့် သူ ဘာမှမဖြစ်ဘူး…"

"အဲဒါတွေ ခင်ဗျား သိလား…"

"အို..ရှင်နော် မဟုတ်ဘူး…"

"ဟား..ဟား..သဘောကျပါဘိဗျာ၊ ခင်ဗျားကမဟုတ်ဘူးလို့ ငြင်းတယ်လား…"





"ကောင်းပြီ၊ ကျုပ်မှာ သက်သေအထောက်အထားတွေ ရှိတယ်၊ ခင်ဗျား စဉ်းစား…"

"ဒီမှာ ရှင် ဘယ်သူလဲ၊ ရှင် ဘာလိုချင်လို့လဲ…"

"ကျုပ် ဘာမှမလိုချင်ဘူး၊ ကျုပ်ကို ဘာလိုချင်လဲလို့မေးရအောင် ခင်ဗျားက ဘယ်လောက်တတ်နိုင်နေလို့လဲ…"

"တတ်နိုင်လို့ ပြောတာပေါ့ရှင့်၊ ကျွန်မ ခင်ပွန်းက ချမ်းသာတယ်…"

"အဟွန်း..ဟွန်း…"

တစ်ဖက် တယ်လီဖုန်းထဲက ရယ်သံက မေဝင်းလှဲကို ကြက်သီးဖြန်းဖြန်း ထသွားစေ၏။

ဖုန်းပြောနေဆဲမှ မေဝင်းလှဲမှာ ဟိုဟိုသည်သည် လိုက်၍ ုံမလဲ ကြည့်ဖြစ်သည်။

လှုပ်ရှားရသော စိတ်ကြောင့် ခြေချောင်းတွေက တစ်ကိုယ်လုံး လေ၏။

မျက်နှာပင် ဖြူဖတ်ဖြူရော် ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ကိစ္စ ဘယ်လို ဖြေရှင်းလျှင် ကောင်းမလဲဟု မေဝင်းလှဲမှာ အပြေးအလွှား စဉ်းစားရင်း ချောက်ချား၊ ချောက်ချားရင်း စဉ်းစားရ၏။

"ဟဲလို…"

"ပြောပါ…"

"ရှင် ငွေဘယ်လောက်ယူမလဲ…"

"ရှောက်…"

"ဟင်…"

မေဝင်းလှဲ လန့်သွားသည်။ မချင့်မရဲလည်း ဖြစ်သွား၏မှန်သည်။

တစ်ဖက်မှ ဖုန်းချလိုက်ပြီမဟုတ်ပါလား…။

မေဝင်းလှဲထံမှ ရှင် ဘယ်လောက် ငွေယူချင်သလဲဟူသော စကားသံလေး ထွက်ပေါ်လာသည်နှင့်…

နေမျိုးချုပ်သည် နားထောင်နေသော ဖုန်းကိုချကာ ဘေး အသံသွင်းထားသည့် စပီကာဖုန်းလေးကိုလည်း ခလုတ်လေးနှိပ်





ပြန်လည်ရောက်ရှိလာကြချေပြီ မဟုတ်ပါတကား…။

လေဆိပ်မှ ရန်ကုန်မြို့တော်အတွင်းသို့ တရိပ်ရိပ် မောင်းနှင်လာသော မြင်ကွင်းများအား သက်လျာရှင်းသည် ငေးမော၍ ပါလာ၏။

သက်လျာရှင်း ဘဝတွင် ထိနိုက်ကြေကွဲခြင်းများကြားမှ ထူးဆန်းအံ့သြသော သက်လျာရှင်း၏ အဖြစ်အပျက်များနှင့် အတွေ့အကြုံများကြောင့်…

သက်လျာရှင်းကား သွေးမတော် သားမစပ် သက်လျာရှင်း အပေါ်၌ ထားရှိသော မြူစင်သန့်ရှင်းသည့် စေတနာရှင်ကြီး ဦးဖိုးရှမ်း အပေါ်၌…

အံ့သြခြင်း၊ ကျေးဇူးတင်ခြင်းများ ရင်ဝယ်ဖော်ကျူးမဆုံးနိုင်အောင် ရှိနေရပါချေ၏။

ကျေနပ်ရှိသော၊ သိက္ခာရှိသော၊ သိမ်မွေ့သော၊ လွန်စွာ လှပ သွန်းသော သက်လျာရှင်း မျက်နှာလေးအား ဦးဖိုးရှမ်းသည်လည်း သိမသာ အကဲခတ်ကာ ရှိနေရပါလေ၏။

သက်လျာရှင်း၏ လှပသောမျက်နှာလေးက ငေးငေး

www.burmeseclassic.com

www.burmeseclassic.com



လေးရယ်…။

သက်လျှာရှင်းသည် သူ့မဘ၀အတွက် ကျေးရူးတင်ရှိခြင်းနှင့် ရှေ့ဆက်ရမည့်အရေးအား တွေးတောနေဟန်ရှိကြောင်း ဦးမိုးရှမ်း ရိပ်မိ သိရှိပါ၏။

ယခင်က သက်လျှာရှင်း မျက်နှာလေးက မည်သို့ရှိခဲ့သည် မသိသော်လည်း…

ယခု သက်လျှာရှင်း မျက်နှာလေးကဖြင့် နတ်သမီးလေးနှယ် ဝင်းထိန်လှပနုနယ်စွာ ရှိနေရံလေ၏။

နိုင်ငံခြားမှ ဆရာဝန်များကပင် သက်လျှာရှင်း မျက်နှာအလှ လေးအား သဘောကျလွန်း၍ တစ်ယောက်ချင်း ဓာတ်ပုံတွဲရိုက် ထားကြသေးသည်။

သိပ္ပံခေတ် ထူးခြားဆန်းကြယ်လှသော ဆေးပညာတွေကဖြင့် အံ့မခန်းစရာပါ။

မှန်သည်။

အဘယ်ကြောင့်ဆိုသော်…



သက်လျှာရှင်း နဂိုရုပ်ပျောက်လျှက် သီးခြားလှပသော မျက်နှာအသစ်ကလေးနှင့် ရှိနေရချေပြီ။

သက်လျှာရှင်း မျက်နှာလေး ပြုပြင်ပြီးနောက်၌ နိုင်ငံခြားသူများ ကပင် သက်လျှာရှင်းကို တွေ့လျှင် တအံ့တသြ ကြည့်မိကြသည်။

မြန်မာပြည် ပြန်ရောက်တော့လည်း လေယာဉ်ပေါ်မှ လေယာဉ်မယ်၊ လေယာဉ်မောင်တို့၏ အကြည့်များနှင့်…

လေဆိပ်ထဲဝင်တော့ လူတကာ၏ အကြည့်များက သက်လျှာ ရှင်းထံသို့သာ အားကျမက်မော စိတ်ဝင်တစား ကြည့်ရှုငေးမောခဲ့ကြ ရသည် မဟုတ်ပါတကား…။

သက်လျှာရှင်းကမူ ပြင်ဆင်ခဲ့သော သူမ၏ ရုပ်ရည်လေးအား ခုလေျှာ့နေဟန်ပါ။

လူတကာက ကြည့်ရှုငေးမောရသော အဖြစ်တွေကို သက်လျှာရှင်း အမှတ်တမဲ့ ရှိနေခဲ့၏။

ဆရာဝန်တွေကလည်း မည်မျှအထိ စေတနာနှင့် အစွမ်းပြ ထိုက်သည် မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



သက်လျာရှင်း မျက်နှာလေးသည် မေးချက်ချိုင့်ကလေးနှင့် ဝင်းပရှင်းလင်းကာ ကျက်သရေဖြင့် တင့်တယ်နေရလေသည်တကား။

အထူးသဖြင့် သက်လျာရှင်း၏ မျက်ဝန်းလေးတွေ။ ပြီးတော့ နှုတ်ခမ်းနှစ်လွှာ…။

သက်လျာရှင်း၏ မျက်ဝန်းလေးအစုံက ရွှဲစက်နေအောင် ကြည်စင်၍ အပြစ်ကင်းသော မျက်ဝန်းမလေးတွေရယ်ပါ။

နှုတ်ခမ်းနှစ်လွှာသည်လည်း ဝင်းမွတ်ဖူးအိ၍ နီတွေးတွေးလေး ရှိနေရသည်မဟုတ်ပါတကား…။

ကားရှေ့ရှိ ဘေးကြည့်မှန်ထဲ၌ ပေါ်လွင်နေသော သက်လျာရှင်း မျက်နှာလေးဆီ အတွေးတို့ဖြင့် ကြည့်ရင်း…

ဦးဖိုးရှမ်း မျက်ဝန်းထဲ၌ နေမျိုးချုပ်၏ ချောမောတည်ငြိမ်သော အသွင်သည် ပေါ်ပေါက်လာရချေ၏။

သက်လျာရှင်းမည်သော မိန်းကလေးအပေါ်၌ ထားရှိသော နေမျိုးချုပ်၏ စေတနာသဒ္ဒါကြဖြင့် သာမညရယ်လားလေ…။

သက်လျာရှင်း ဆေးကုသမှုများအတွက် နိုင်ငံခြားတွင်လည်း



အဆင်ပြေအောင် အကောင်းဆုံး စီစဉ်မှုများ ပြုလုပ်ပေးခဲ့ပြီး…

ယခု မြန်မာပြည်သို့ ပြန်လာတော့လည်း သူကိုယ်တိုင် လာရောက်၍မကြို…

ဒရိုင်ဘာနှင့်ကားတစ်စီးသာ အကြိုလွှတ်ကာ အဆင်ပြေအောင် အမြဲတစေ ဆောင်ရွက်ပေးနေခဲ့သည် မဟုတ်ပါလား။

"ဟင်း…"

ဦးဖိုးရှမ်း သက်မချဖြစ်သည်။

သက်လျာရှင်း တစ်ယောက်တော့ဖြင့် ဘာတွေ တွေးနေမည် မသိသော်လည်း…

ဦးဖိုးရှမ်းကား အတွေးများနှင့် အိမ်ရောက်မှန်း မသိအောင် ဖြစ်ခဲ့ရပါ၏။

ခြံထဲ မောင်းဝင်လာသော ကားလေးသည် ဆင်ဝင်အောက်၌ ညင်သာစွာ ထိုးရပ်သွားချေပြီ…။

"သမီးရေ…"

"ရှင်…ဘဘ…"

www.burmeseclassic.com

www.burmeseclassic.com



"ရော့··ရော့··ဒီမှာသော့၊ သမီးက အိမ်တံခါးဖွင့်ထား လိုက်ကွဲ···"

"ဟုတ်ကဲ့ ဘဘ···"

သက်လျှာရှင်း သော့ပေးပြီး သက်လျှာရှင်း အိမ်တံခါးဖွင့် နေဆဲတွင် ဒရိုင်ဘာနှင့် ဦးဖိုးရှမ်းတို့က ကားပေါ်မှ ပစ္စည်းတွေကို ချလိုက်ကြ၏။

အိမ်တံခါး ဖွင့်ပြီးနောက် ပစ္စည်းတွေကို အိမ်ထဲ သယ်သွင်းကြ သည်။

"ကဲ··မောင်ရင်ရေ··ကျေးဇူးပါပဲကွယ် မောင်ရင်ပြန်နိုင် ပါပြီ···"

ပြတင်းတံခါးတွေ သက်လျှာရှင်း လိုက်ဖွင့်သည်တွင် ဒရိုင်ဘာကို ဦးဖိုးရှမ်း ပြန်ခိုင်းလိုက်သည်။

ဒရိုင်ဘာ ပြန်သွားပြီးနောက် ဦးဖိုးရှမ်းသည် မှန်တစ်ချပ် သွားရောက်ယူလာပြီ···

"သမီး···"



"ရှင်··ဘဘ··"

"ဒီမှာ သမီးရဲ့ မျက်နှာလေးကို သေသေချာချာ လာကြည့်ပါ ဦးကွယ်···"

ဦးဖိုးရှမ်းဆိုတော့၊ ဦးဖိုးရှမ်း လက်ထဲမှ မှန်လေးကိုယူကာ သက်လျှာရှင်း ကြည့်လိုက်သည်။

"ဟင်း···"

သက်လျှာရှင်းသည် လှပသော လက်ချောင်းလေးဖြင့် သက်မဓော လေးကို တစ်ချက်ချပြီး···

"ဘဘရယ်··ဆေးပညာတွေက ဆန်းကြယ်လိုက်တာနော်"

"ရှင်းရဲ့ နဂိုမျက်နှာလေးကတော့ လုံးလုံးကို ပျောက်သွားပါ ပြီ···"

"ခုက··မျက်နှာသစ် တစ်ခုပဲလေ···"

"ဒါပေမယ့် ဘဘရယ် ရှင်း မျက်နှာကပြောင်းလဲသွား ပေမယ့် ရှင်းရဲ့ စိတ်နှင့် သဘောတော့ မပြောင်းလဲပါဘူးလေ···"

"ရှင်းလေ ဘဘကို ဘယ်လိုကျေးဇူးဆပ်ရမှန်းလည်း မသိ



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး ဘဘရယ်…"

"ဘဘရဲ့ စေတနာတွေဟာ ရှင်း အတွက်တော့ မကြေဖူး အောင် ထူးကဲပါတယ်ရှင်…"

"ဒီအတွက် ဘဘလည်း အသက်ကြီးပြီ ဘဘကို ရှင်း လေးသမီးအရင်း တစ်ယောက်လို ပြုစုလုပ်ကိုင် ကျွေးမွေးသွား ပါ့မယ်…"

"ရှင်း အနေနဲ့တော့ ဘဘကို ကျေးဇူးဆပ်ဖို့နည်းက ဒီနည်းပဲ ရှိပါတယ် ဘဘရယ်…"

"ပြီးတော့…"

"ပြီးတော့ ဘာဖြစ်လဲ သမီး…"

"ရှင်း ဖေဖေ့ဆီကို ဆက်သွယ်ချင်တယ်…"

"ရှင်းကိုဖေဖေမြင်ရင် ဖေဖေသိပ်အံ့ဩမှာ…"

လေးနက်စွာ ပြောနေသော ရှင်း စကားတို့ကို နားထောင်ရင်း ဦးဖိုးရှမ်းသည် တစ်ချက်မျှ စဉ်းစားဟန်နှင့် တွေဝေသွား၏။

ပြီးမှ ဦးဖိုးရှမ်းမျက်နှာသည် ဆုံးဖြတ်ချက်တစ်ခု ရှိလိုက်သလို





အရိပ်တို့ ပြေ လွင့် သွားရပြီး…

"သမီး…"

"ရှင်…ဘဘ"

မှန်လေးကို ချကာ ဦးဖိုးရှမ်းဆီကြည့်ပြီး ရှင်း ထူးသည်။

"သမီးကို ဘဘ တစ်ခုပြောချင်တယ်…"

"ဟုတ်ကဲ့ ပြောပါ ဘဘ…"

"သမီးက ဘဘကို ကျေးဇူးဆပ်ချင်တဲ့စိတ် ရှိနေလား…"

"ဘယ်လိုပြောလိုက်တာလဲ ဘဘရယ် ဘဘဟာ သမီးရဲ့ ထူးခြားဆုံးနဲ့ အကြီးမားဆုံး ကျေးဇူးရှင်ပဲမဟုတ်လား…"

"ရှင်း…ကျေးဇူးဆပ်ရမှာပေါ့…"

"သမီး မှားနေတယ်…"

"ရှင်…"

"ဟုတ်တယ်၊ ဘဘဟာ သမီးရဲ့ကျေးဇူးရှင် အစစ်အမှန် ဟုတ်ဘူးကွဲ့…"

"ရှင်…"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးရှမ်း စကားကြောင့် နားမလည်သော သက်လျာရှင်း
ထပ်ဆင့်အံ့သြသွားရ၏။

"ဟုတ်ပါတယ် သမီး၊ သမီးကို ဘဘ အမှန်စကားတွေ
ပြောပြမယ်..."

သက်လျာရှင်းကို ကြည့်ပြီး ဦးဖိုးရှမ်း ဆိုသည်။

သက်လျာရှင်းသည်လည်း အံ့သြစွာ ဦးဖိုးရှမ်းကို ပြန်ကြည့်
နေဖြစ်၏။

"ကဲ..ထိုင်ဦး သမီး၊ ဘဘ ပြောပြမယ်..."

ဧည့်ခန်းတွင် ဝင်ထိုင်လိုက်ကြသည်။

ထိုင်သာထိုင်လိုက်ရသည် သက်လျာရှင်း အကြည့်တွေ
ဦးဖိုးရှမ်းဆီမှ မခွာ...။

သက်လျာရှင်း အကြည့်လေးတွေက ဦးဖိုးရှမ်းထံမှ စကား
ကို စောင့်စားရင်း အံ့သြနေဟန်ရယ်ပါ...။

"သမီး..."

"ရှင်..ဘဘ..."





"သမီးကို အခုလို အကုန်အကျတွေခံပြီး မျက်နှာပြင်ပေး
တာ ဘဘ မဟုတ်ဘူး..."

"ဟုတ်တယ် သမီး၊ ဒါကြောင့် ဘဘကို သမီးကျေးဇူးတင်ဖို့
မလိုသလို ကျေးဇူးဆပ်ဖို့လည်း မလိုဘူး..."

"ရှင်း နားမလည်တော့ဘူး ဘဘရယ်..."

"ဘဘ ပြောပြပါ့မယ်..."

စိတ်ဝင်တစား သက်လျာရှင်း နားစွင့်ထောင်နေမိသည်။

သက်လျာရှင်းကို ကြည့်ပြီး ဆုံးဖြတ်ချက်နှင့် စိတ်ပါလက်ပါ
ဦးဖိုးရှမ်း စကားဆက်ဆို၏။

"သမီး ကျေးဇူးတင်ရဖို့နှင့် ကျေးဇူးဆပ်ရဖို့က မောင်နေမျိုး
ချုပ်ကိုပဲ သမီး..."

"ဟင်..ရှင်..ကိုနေမျိုးချုပ် ဟုတ်လား..."

"ဟုတ်တယ်၊ မောင်နေမျိုးချုပ်ကို သမီး သိလား..."

"ဒီနာမည်ကို သမီး ကြားဖူးသလိုလို ရှိပါတယ်..."

"အေး..သမီး ကြားဖူးမှာပေါ့လေ၊ မောင်နေမျိုးချုပ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ချစ်သူ မောင်သက်ဝင်းရှိန်ရဲ့ မိတ်ဆွေရင်းချာတစ်ယောက်ပဲကွ"

"အို..ရှင်း သိပြီ ဘဘ၊ ရှင်းကို မောင်က တစ်ခါ

မိတ်ဆက်ပေးဖူးခဲ့တယ်..."

"ဟုတ်လား၊ အေး..ဒါဆိုရင်တော့ သေချာပါတယ်၊ သမီး

မောင်နေမျိုးချုပ် ရုပ်ကိုကော မှတ်မိလား..."

"တစ်ခါပဲ မြင်ဖူးတယ် ဘဘ၊ ဒါပေမယ့် တွေ့ရင်တော့

ရှင်း မှတ်မိမှာပုံ..."

"ဟို..အဲ..အဲဒီ ကိုနေမျိုးချုပ်က သမီးကို မျက်နှာပြင်ပေး

ဟုတ်လား ဘဘ..."

"ဟုတ်တယ်လေ၊ ဘဘက ညာရမှာလား၊ သမီးလည်း

လက်တွေ့ပဲမဟုတ်လား..."

"တကယ်တော့ မောင်နေမျိုးချုပ်ဟာ ဘဘရဲ့ ကျေးဇူးရှင်

လေးပဲ သမီး..."

"ဒီအိမ်ဟာလည်း သူ့အိမ်ပဲ၊ ဒါပေမယ့် သူတော့ ဒီအိမ်

မနေဘူး၊ သူက တခြားတိုက်တစ်တိုက်မှာ နေ,နေတယ်..."





"သူဟာ သိပ်ချမ်းသာတယ်၊ လုပ်ငန်းတွေလည်း အများကြီး ရှိတယ်၊ သမီးတို့ရဲ့ အဖြစ်အပျက်ကို စပြီးတွေ့တာ၊ သိတာ မောင်နေမျိုးချုပ်ပဲ ဘဘ မဟုတ်ဘူး..."

"ဟင်း..."

သက်လျာရှင်း အံ့သြရပြန်သည်။

အံ့သြခြင်းနဲ့ သက်လျာရှင်းသည် တစ်ခါက မောင် မိတ်ဆက်ပေးခဲ့ဖူးသော ကိုနေမျိုးချုပ် အသွင်အား ရိုးတိုးရိပ်တိပ် မြင်ယောင်ကြည့်ဖြစ်၏။

"ဟုတ်တယ် သမီး၊ သမီး သူငယ်ချင်း ရွှေနေ မေဝင်းလှဲ ဆိုတာက သမီးကို အကောက်ကြံခဲ့တာပါ..."

"သမီး လမ်းဘေးထိုးကျပြီး၊ ကားနဲ့သစ်ပင် တိုက်နေတဲ့ အချိန်မှာပဲ၊ ချုပ်က သမီးကိုတွေ့ပြီး ခေါ်ခဲ့တာ၊ ပြီးတော့ ဘဘလက်ထဲ သေချာအပ်သွားတာ..."

"ဟင်..ဘဘ၊ ရှင်းကို ကိုနေမျိုးချုပ်က ဘယ်လိုလုပ်ပြီး တွေ့တာလဲဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့စက ချုပ်က သမီးနောက်ကို တကောက်ကောက် လိုက်နေလို့ပေါ့…"

"ရှင်…တကောက်ကောက် လိုက်နေတယ်…"

မျက်ဝန်းလေးအစုံ ပြူးကာ သက်လျာရှင်း ဆိုတော့…

"ချုပ်ကို အထင်မလွဲပါနဲ့ သမီး၊ ချုပ် လိုက်ရတဲ့အကြောင်းက သမီး တစ်ခုခုဖြစ်မယ်ဆိုတာ သူ သိနေလို့ပါ…"

"သူ သိနေတယ်…"

သက်လျာရှင်း ပို၍ အံ့ဩရပြန်သည်။

"ဟုတ်တယ်၊ ချုပ် သိနေတယ်၊ ဘာဘ ရှင်းပြပါ့မယ်…"

"အဲဒီနေ့ သမီး ပဲခူးကို သွားမယ့်မနက် စောစောအချိန်ပေါ့"

"ချုပ်ဟာ အဲဒီမနက်က မောင်သက်ဝင်းရှိန်နဲ့ ကုမ္ပဏီကိစ္စတွေ ရှိလို့ မောင်သက်ဝင်းရှိန်ဆီကို ဖုန်းဆက်တယ်…"

"သူ ဖုန်းဆက်တာ ဘာဘလည်းတွေ့ပါတယ်၊ ဒါပေမဲ့ မောင်သက်ဝင်းရှိန်နဲ့ မတွေ့ဘဲ တပည့်တစ်ယောက်နဲ့ပဲ တွေ့တာ ထင်တယ်…"



"နောက်တော့ ချုပ်က ဘာဘကို ပြောသွားတယ်…"

"ဘာဘရေ…ရှိန်နဲ့ သွားတွေ့ဦးမယ်တဲ့၊ ဖုန်းဆက်တာ သူနဲ့ မတွေ့ဘူးတဲ့၊ သူ့အမျိုးသမီးအိမ်ကို ရောက်ချင်ရောက်နေမယ်တဲ့…"

"သူ့အမျိုးသမီးအိမ်ပဲ လိုက်သွားလိုက်မယ်လို့ ချုပ်က ဘာဘကို ပြောသွားတယ်…"

"ဒါဆို အဲဒီမနက်က ကိုနေမျိုးချုပ် ရှင်းတို့အိမ်ကို ရောက်လာလား ဘာဘ…"

"ချုပ် ရောက်သွားလို့သာ ရွှေနေမ မေဝင်းလဲ့ရဲ့ အကြံအစည်ကို သူ တွေ့သွားတာပေါ့…"

"ရှင်…မေဝင်းလဲ့ရဲ့ အကြံအစည်ကို တွေ့သွားတယ် ဟုတ်လား ဘာဘ…"

"ဟုတ်တယ်၊ ချုပ် ကောင်းကောင်းတွေ့သွားတယ်…"

"ဘာကိုတွေ့တာလဲ ဘာဘ…"

"သမီးရဲ့ ကားဘရိတ်ကို သူတိတ်တိတ် သွားဖျက်ထားလိုက်တာလေ…"

www.burmeseclassic.com

www.burmeseclassic.com



"အိုး..မေဝင်းက ဒီလောက်အထိပဲ ကားအကြောင်း ကျွမ်းကျင်လား..."

"သူလည်း ကားမောင်းနေတဲ့လူပဲလေ မကျွမ်းကျင်ရင်တောင်မှ သူနားလည်မှာပါ..."

လူဟာမတတ်ရင်လည်း တတ်အောင်သင်လို့ရတာပဲလေ...

"နေပါဦး ဘဘရယ် မေဝင်းက ရှင်းကို ဒီလိုဘာလို့လုပ်တာလဲ..."

"အစထဲက ဘဘ ပြောခဲ့ဖူးတာပဲ သမီးကမှ လက်မခံခဲ့တာ"

"အခု သမီးလက်ခံရမယ် သမီးကို သူဒီလိုလုပ်တာ သူသေကြောင်း ကြံစည်တာပေါ့..."

"ဘာကြောင့်လည်းဆိုတော့ ရှင်းနေတာပဲ သမီးရဲ့ ချစ်သူခင်ပွန်းလောင်းကို သူ နှစ်သက်လို့ပေါ့..."

"လက်ရှိလည်း အခု သူ ယူထားတာပဲ မဟုတ်လား သမီးစဉ်းစားကြည့်ပါလား..."

"ရှင်း စဉ်းစားလို့တောင်. မတတ်တော့ဘူး ဘဘ၊ ဘာ



ကြောင့်လဲဆိုတော့..."

"သူနှင့် ရှင်းက အိမ်နီးချင်းတွေဖြစ်ခဲ့ပေမယ့် မရင်းနှီးခဲ့ပါ

ဘူး..."

"အင်း..နည်းနည်းရင်းနှီးလာတာကတော့ မောင်နဲ့ပတ်

သက်ပြီး ရင်းနှီးသွားတာပါ..."

"မောင်နဲ့စသိတဲ့သူဟာ၊ သူပဲလား၊ ရှင်းပဲလား ဆိုတာ ရှင်း

သိဘူး..."

"တစ်ခုတော့ရှိတယ်၊ ရှင်းနဲ့မောင် ရင်းနှီးစ အချိန်မှာ မေဝင်း

မောင်နဲ့ သိနေတာကိုတော့ ရှင်းသိတယ်..."

"ဘဘ..."

"ဘာလဲ..သမီး..."

"မေဝင်းဟာ ရှေ့နေမတစ်ယောက်ပဲ ဘာလို့ သူဒီလို

ဘောင်းတာ ကြံစည်လုပ်ရတာလဲ..."

"အင်း ရှေ့နေမတစ်ယောက်ဖြစ်ပေမယ့်လည်း..."

"အသေချာဆုံးကတော့ သူဟာ အချစ်မျက်ကန်း ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



တာပါပဲ…"

ဘဘဦးဖိုးရှမ်း စကားအတွက် ရှင်းသည် နားထောင်ရင်း ခေါင်းလေး ညိတ်နေပြီးမှ…

"ရှင်း ကိုနေမျိုးချုပ်နဲ့တွေ့ချင်တယ်..ဘဘ…"

"ဘယ်ဖြစ်ဦးမလဲကွယ်…"

"ဘာဖြစ်လို့လဲ ဘဘရယ်…"

"ခုလိုကူညီတာတွေလည်း သမီးမသိစေဖို့ ဘဘကို သူ… နှုတ်ပိတ်ထားတယ်လေ…"

"ဘာဖြစ်လို့လဲ ဘဘရယ်…"

"ဘာဖြစ်လို့ရယ်တော့ မဟုတ်ဘူးလေ၊ ကိုချုပ်က ဒီလို… သူ ကူညီတာ လူမသိစေချင်ဘူး…"

"သူက ဘယ်သူ့ကိုမဆို ဒုက္ခရောက်နေသူတွေကို ကူညီ… တတ်တဲ့ သူတော်ကောင်းလေးပါ…"

"ရှင်း သဘောပေါက် နားလည်ပါတယ် ဘဘ…"

"အေး..ဒါကြောင့်၊ သမီး ကျေးဇူးဆပ်ချင်တယ်ဆို…

---



မောင်နေမျိုးချုပ်ကို ဆပ်ပါ…"

"မောင်နေမျိုးချုပ်ကို ကျေးဇူးတင်ပါကွယ်…"

"မောင်နေမျိုးချုပ်ရဲ့ ဖြူစင်တဲ့စိတ်စေတနာနဲ့ မေတ္တာဟာ သမီးအပေါ်မှာ အင်မတန်ကြီးမားကြောင်း ဘဘက သိတယ်…"

ရိုးသားသောမျက်နှာလေးနှင့် သက်လျာရှင်း ငေးငေးလေး ရှိနေတော့၏။

"သမီး…"

"ရှင်…"

"သမီး ဘာစဉ်းစားနေလဲ…"

"ကိုနေမျိုးချုပ် အကြောင်းပါ၊ ခုလို သိရတော့ ရှင်း အံ့သြပြီး ကျေးဇူးတင်မဆုံးပါဘူးရှင်…"

"ဒါပေါ့ကွယ်၊ ဒါကြောင့် တစ်နေ့မှာ သမီး ကျေးဇူးဆပ်ခြင်း ဆပ်ရင် ချုပ်ကိုသာ ဆပ်ပါလို့ ဘဘ တိုက်တွန်းပါရစေ…"

"ဟုတ်ကဲ့ ဘဘ၊ အတတ်နိုင်ဆုံး ကျေးဇူးရှင်ကို ကျေးဇူး ဆပ်နိုင်အောင် ရှင်း ကြိုးစားပါ့မယ်…"

www.burmeseclassic.com

www.burmeseclassic.com



"သမီး…"

"ရှင်…"

"မေဝင်းလဲ ကျူးလွန်ခဲ့တဲ့ကိစ္စကိုလည်း ချုပ်က အမှုပေါ်အောင် ဖော်လိမ့်မယ်…"

ဦးဖိုးရှမ်း စကားအဆုံး သက်လျာရှိုင်း ငြိမ်၍ နားထောင်နေမိ၏။

ပြီးမှ…

"မေဝင်း အမှုကိုဖော်ရင် မောင်လည်း ဒုက္ခရောက်ရမှာ…"

ညည်းတွားသလို သက်လျာရှင်း ဆိုတော့…

"သမီးဟာ မောင်သက်ဝင်းရှိန်ကို တော်တော်ပဲ သံယောဇဉ်ကြီးတယ်နော်…"

"အစ်ကို…အဲ…ကိုသက်ဝင်းရှိန်ဟာ ရှင်းရဲ့ ချစ်ဦးသူပါ ဘဘရယ်၊ သူ ရှင်းကို ချစ်တာလည်း ရှင်း အသိဆုံးပဲ…"

ခေါင်းကလေးညိတ်ကာ သက်လျာရှင်း ဆိုတော့…

ဦးဖိုးရှမ်းသည် သက်လျာရှင်းကိုသာ ကြည့်နေလိုက်ပါ





တော့၏။

"အေးလေ၊ သမီးတို့ရဲ့ သံယောဇဉ်ကိုတော့ ဘဘ ဘာမှ မပြောလိုတော့ပါဘူးကွယ်…"

"ဪ…ဒါနဲ့ သမီးကို မှာထားရဦးမယ်နော်…"

"ဘာများလဲ ဘဘ…"

"ဘဘ ပြောပြတဲ့အကြောင်းတွေကို ချုပ်ကို ပြန်မပြောပြနဲ့နော်…"

"အင်းလေ…ချုပ်ကလည်း သမီးနဲ့ အတွေ့ခံမယ့် သူ မဟုတ်ပါဘူးလေ…"

"ဘာဖြစ်လို့ အတွေ့မခံတာလဲ ဘဘ…"

"သူစေတနာကို တစ်မျိုးထင်မှာစိုးလို့နဲ့ တူပါတယ်၊ ပြီးတော့ သူ ကူညီတာလည်း လူမသိစေချင်တာတဲ့ဘူး…"

"ကိုနေမျိုးချုပ်က ဒီကိုတော့ လာတတ်သလား ဘဘ…"

"လာတာပေါ့၊ နိုင်ငံခြား မသွားခင်ကဆို သူ သမီးကို အမြဲလာကြည့်တာပဲလေ…"



www.burmeseclassic.com

www.burmeseclassic.com



“ရှင်း နဲ့လည်း တစ်ခါမှ မတွေ့ဘူးနော်…”

“ဘယ်တွေ့မလဲ၊ သူက သမီး အိပ်မှလာတာ၊ ခုလည်း သမီးနဲ့ ဘဘ ပြန်ရောက်လာတာ သူ သိတော့ သူ လာမှာပဲ…”

“ဒါပေမယ့် သမီးကိုတော့ သူ အတွေ့ခံမှာ မဟုတ်ပါဘူး”

“ဘဘ ပြောထားသလို သမီးလည်း မသိသလိုဘဲနေပါ၊ တော်ကြာ သူ ဘဘကို မျက်နှာပူနေဦးမယ်ကွဲ့နော် သမီး…”

“ဟုတ်ကဲ့ပါ ဘဘ…”

ခေါင်းလေးညိတ်ကာ ရှင်း ဆိုသည်။

ရင်ထဲမတော့ ရှင်း စိတ်မကောင်းသလိုလိုပါ။

ကိုနေမျိုးချုပ် မျက်နှာကိုလည်း ရှင်း မြင်ယောင်ကြည့်မိသည်။

တစ်ခါသာ မြင်တွေ့ထားဖူး၍ မှတ်မှတ်မိမိတော့ မရှိလှသည်ကအမှန်…။

ယောကျ်ားပီသစွာ ချောမောသော ကိုနေမျိုးချုပ် အသွင်အား ရိုးတိုးရိပ်တိပ်တော့ ရှင်း မြင်ယောင်မိပါ၏။





ကြားရသောစကားများနှင့် ကိုနေမျိုးချုပ်အပေါ်တော့ ရှင်းသည် အမှန်တကယ် ကြည်ညိုလေးစားသွားမိရပါချေ၏။

“ကဲ…ကဲ သမီး၊ သမီး အနားယူပါတော့ကွယ်…”

“ဘဘလည်း ပြောပြချင်လွန်းလို့ ခရီးရောက်မဆိုက် စကားတွေ ပြောနေမိတော့တယ်…”

“သမီး ဘာမှမလုပ်နဲ့၊ ဘာမှလည်း လုပ်စရာမလိုဘူး၊ အနားယူလိုက်နော် သမီး၊ ရော့…သမီး ဒီမှာ သမီးအခန်းသော့…”

အခန်းသော့ကိုပေးပြီး သက်လျာရှင်းကို အခန်းထဲ သွားကာ အနားယူစေခိုင်းလိုက်လေ၍…

နေရာမှထကာ သက်လျာရှင်းကား အခန်းထဲသို့ ဝင်ခဲ့ရပါလေတော့၏။

အခန်းထဲရောက်သည်တွင် သက်လျာရှင်း နေထိုင်သွားသော အခန်းနှင့် အိပ်ရာတွေကား တစ်ဦးတစ်ယောက်က လာ၍ ပြုပြင်ထားပေးသလိုကြောင့် သန့်ပြန့်ရှင်းလင်း၍ နေပါချေ၏။

သက်လျာရှင်းသည် အခန်းတစ်ခုလုံးကိုကြည့်မိပြီး နံတင်ခုံ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ရပ်မိသည်။

ဖူးနုလှပလွန်းသော မျက်နှာအသစ်ကလေးနှင့် သက်လျှာရှင်သည် အံ့သြစွာ မှန်ကို ငေးကြည့်နေမိလေသည်။

ပြီးတော့ အိပ်ရာထက်၌ ညင်သာစွာ ထိုင်လိုက်သည်။

ထိုအခါ…

သက်လျှာရှင်း မျက်ဝန်းထဲ၌…

ချစ်သူ သက်ဝင်းရှိန် မျက်နှာချောချောနှင့် မယှဉ်နိုင်အောင်ဖြစ်ရသည့် မေဝင်းလှဲ့ မျက်နှာတို့ကို မြင်ယောင်ရပြီးနောက်…

ထူးဆန်းသော ကျေးဇူးရှင်ဖြစ်သည့် ကိုနေမျိုးချုပ်၏ မျက်နှာအား သက်လျှာရှင်းသည် စမ်းတဝါးဝါး မြင်ယောင်နေမိရသတည်း။

T G U



## - တစ်ဆယ့်ခြောက် -

ဦးစိုးရှမ်းနှင့် သက်လျှာရှင်းတို့ ပြန်ရောက်ကြပြီ…။

နေမျိုးချုပ်သည် စားပွဲပေါ်မှ သက်လျှာရှင်း၏ မျက်နှာအသစ်နှင့် ဓာတ်ပုံလေးဆီ ကြည့်နေမိ၏။

နိုင်ငံခြားတွင် ဆေးကုသခံစဉ်က တစ်ဆင့်ပြီးတစ်ဆင့် ဓာတ်ပုံအမျိုးမျိုး ရိုက်ရပြီး…

နောက်ဆုံး အကောင်းဆုံး အနေအထား၌ ရိုက်ထားသော သက်လျှာရှင်း၏ ဓာတ်ပုံလေးပါ။

အင်း… အလှဆုံးမျက်နှာလေးပဲ…

သက်လျှာရှင်းက နဂိုကထဲက လှပသိမ်မွေ့ပြီးသား မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးပါ။

မျက်နှာလေးပြင်လိုက်ရတော့ နမြောစရာပေါ့ ...

ခုတော့လည်း မျက်နှာသစ်ကလေးနဲ့ ပကတိလှပတင့်တယ် သွားပြီ။

ဒါပေမယ့် မျက်နှာပြောင်းလဲပေမယ့် သက်လျာရှင်း စိတ်က တော့ ဘယ်ပြောင်းလဲသွားမလဲလေ...

အေးလေ သက်လျာရှင်းရဲ့ အခြေအနေတွေ အားလုံးကောင်း သွားပြီပဲ...

ငါ ဆက်လုပ်ရမယ့် အလုပ်တစ်ခုပဲ ကျန်တော့တယ်...

ဒီကိစ္စကို ငါ ဖော်မထုတ်ရင် ရာဇဝတ်မှုကို ထိမ်ချန်ရာရောက် မယ်....

ပြီးတော့ သိလျက်နဲ့အမှန်ကို ငါ မဖော်ထုတ်ခြင်းဟာ မိတ် ဆွေကောင်းမခေါ်ဘူး သစ္စာမရှိရာလည်းကျမယ်...

နောက်ပြီး ရှိန်ဟာ သက်လျာရှင်းကို ချစ်လျက်နဲ့ အရှုံး အောင် အထင်လွဲပြီးနေတော့မယ်...





မေဝင်းလှဲ့ဟာ ကြောက်စရာကောင်းလိုက်တာ...

ဒါတွေကို ရှိန်တော့ ဘာမှမသိရှာဘူး...

ရှိန်ဟာ တကယ်သနားစရာပါ။

နေမျိုးချုပ်သည် သက်လျာရှင်း၏ ဓာတ်ပုံလေးမှ အကြည့် ကိုလွှဲကာ စဉ်းစားဖြစ်၏။

ထို့နောက် ကိုနေမျိုးချုပ်သည် နာရီဆီ တစ်ချက်ကြည့်ပြီး ဖုန်းနံပါတ်ကို ကောက်လှည့်လိုက်ပါတော့၏။

တစ်ဖက်မှ အော်တိုဝင်သံကြားသည်နှင့် ဆတ်ခနဲ့ ဖုန်းကိုင်သံ ကိုပါ သူကြားလိုက်ရသည်။

ဟဲလို..အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် သက်ဝင်းရှိန်ပါ..."

ဖုန်းကိုသံနှင့်အတူ ကြားလိုက်ရသော သက်ဝင်းရှိန် အသံ ကြောင့်...

ကိုနေမျိုးချုပ်သည် ဖုန်းခလုတ်ကို လက်နှင့်ဦးစွာနှိပ်ပြီးမှ ဖုန်းစကားပြောခွက်လေးအား ပြန်ချထားလိုက်ရပါတော့၏။

သူစကားပြောချင်နေသည်က မေဝင်းလှဲ့နှင့်ရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှိန် အိမ်ပြန်ရောက်နေတာကိုး…

အေးလေ‥အပြင်မှာ ကြာကြာနေတော့လည်း မေဝင်းလှဲက ဘယ်လက်ခံတော့မလဲ…

တစ်ခါကနေနှစ်ခါ အကြောင်းပြပြီးရှောင်နေလို့ကလည်း ဘယ်ကောင်းတော့မလဲ…

အင်း‥ခုလိုညမျိုးမှာ ရှိန်ဟာ ငရဲကျသလို ရှိနေရှာတော့မှာ‥

မှန်ပါ၏။

ကိုနေမျိုးချုပ်သည် သည်ညအဖို့ မေဝင်းလှဲထံ ဖုန်းဆက်ဖြစ်တော့၍…

အိမ်ပြန်ရောက်နေသော ချစ်သူငယ်ချင်း သက်ဝင်းရှိန် အကြောင်းအား သနားစာနာစွာ တွေးတောမိဆဲ အချိန်များ၌…

တစ်ဖက်မှ သက်ဝင်းရှိန် နေထိုင်ရာ တိုက်တွင်ကား …

သက်ဝင်းရှိန်သည် အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေ ဖြစ်ပါတော့၏။





ဘာလိုလိုနှင့် တစ်နှစ်တာအတွင်း၌ပင် သက်ဝင်းရှိန်ကား အရက်သမား လုံးလုံး ဖြစ်နေရပါပြီကော။

သက်ဝင်းရှိန်ကား လူမှန်းမသိတော့။

မေဝင်းလှဲသည် ခံစားမှု နှစ်ရပ်ဖြင့် သွားတို့စေကာ သက်ဝင်းရှိန်ထံ ကြည့်နေမိ၏။

ပြီးတော့ မေဝင်းလှဲခေါင်းထဲ အတွေးတွေကလည်းပြေးလွှားနေရသည်ပါ။

စာဆော်က ဖုန်းမြည်သံကိုကြားရသည်။

ဖုန်းက သက်ဝင်းရှိန် အနီးတွင်မို့ သက်ဝင်းရှိန် ကိုင်လိုက်သည်တွင်…

မေဝင်းလှဲ တစ်ကိုယ်လုံးသည် နဲ့ကျသလိုရှိသွားရချေ၏။

တော်သေးတယ်။

တစ်ဖက်မှ စကားမပြောဘဲ ဖုန်းချသွားဟန်ကို မေဝင်းလှဲနားသည်လိုက်သည်။

ထိုအခါမှလည်း မေဝင်းလှဲသည် အသက်ကို ရှဲရှဲရှုတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဖုန်းလာသော်ရှိ မလာသော်ရှိ ဖုန်းမြည်သံကို ကြားရတတ်၍ မေဝင်းလှဲအတွက် ညစဉ် သည်လိုအချိန်က ချောက်ချားစွာနေရသော အချိန်ရယ်လေ။

မှန်ပါ၏။

ယခင်ကဆို မေဝင်းလှဲသည် သက်ဝင်းရှိန် အနားတွင် ကလူမြူ၍ ကျီစယ်နေတတ်၏။

ယခုတော့ မေဝင်းလှဲသည် စိတ်တွေမှာ ကယောင်ချောက်ချားဖြင့် ဘာလုပ်၍ ဘာလုပ်ရမည်မသိ ဖြစ်နေရချေ၏။

ဘယ်လိုလုပ်ရ ကောင်းနိုးနိုး သည်ကိစ္စကြီးကို ဘယ်လိုဖြေရှင်း ရကောင်းနိုးနိုး ဟူသော အတွေးတွေကလည်း မေဝင်းလှဲ ခေါင်းထဲပြေးလွှားနေရသည်။

သည်နေ့ညက သက်ဝင်းရှိန် အိမ်မှာရှိနေ၍ မေဝင်းလှဲ ပို၍ ချောက်ချားနေရသည်လေ…။

မေဝင်းလှဲသည် အတွင်းသွားလေးများအား စေ့ကြိတ်ထား၏။





မိမိအား ခြိမ်းခြောက်နေသူနှင့် အပြတ်ရင်ဆိုင် ဖြေရှင်းလိုက်ချင်နေပြီလေ။

အတွင်းနှုတ်ခမ်းလေးတွေစေ့ ကြိတ်ရင်း မေဝင်းလှဲသည် မွေးယစ်ကမ္ဘာထဲ၌ ကျွမ်းထိုးမှောက်ခုံရှိနေသည့် သက်ဝင်းရှိန် အနီး လှမ်းသွားလိုက်၏။

"မောင်…သိပ်မူးနေပြီ အိပ်ရာဝင်တော့နော်…"

"အေး…အင်း…ဟာင်…ရှင်း…"

မူးမူး ရူးရူးနှင့် မေဝင်းလှဲကို သက်ဝင်းရှိန် ဆွဲဖက်ထားလိုက်သည်။

"မောင်…အိပ်ရာဝင်မယ်လေ…"

"အင်း…သိပ်ချစ်တာပဲ ရှင်းရယ်…"

သက်ဝင်းရှိန် မျက်နှာချောချောဆီ မေဝင်းလှဲ ကြည့်လိုက်သည်။

ရင်၌နာကျင်မှုက မခံရပ်နိုင်စွာ ဖျစ်ဖျစ်မြည်သွားရ၏။

မကျေနပ်မှုကို မေဝင်းလှဲ သိမ်းဆည်း၍ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားမှုကတစ်ခု၊ နာကျင်မှုကတစ်ခု၊ ခံစားမှု နှစ်ရပ်တွင် မေဝင်းလှဲသည် ဝေဒနာများ အထွတ်အထိပ်၌ ရှိနေရပါချေ၏။

သို့သော်…

မေဝင်းလှဲသည် အတတ်နိုင်ဆုံး စိတ်ကို ထိန်းချုပ် ထားလိုက်သည်။

စိတ်ထဲမတော့ ပြဿနာတွေကို တစ်ခုပြီးတစ်ခုရှင်း တော့မည်ဟု ဆုံးဖြတ်ချက်တွေနှင့်ရယ်လေ။

“ရှင်း‥မောင့်ကိုခွဲမသွားနဲ့နော်…”

“ရှင်းရယ် ဘာလို့များ ရှင်း မောင့်ကို ပစ်သွားတာ လဲကွာ…”

“ခုတော့‥ရှင်း မောင့်ကို ကြာကြာမခွဲနိုင်လို့ ပြန်လာပြီ မဟုတ်လား…”

“ရှင်းရယ် ရှင်း ကိုလည်း မောင်က မမုန်းနိုင်ပါဘူး…”

“ဘယ်လိုမှ မမုန်းနိုင်ပါဘူး အချစ်ရယ်…”

“သိပ်ချစ်တယ် ရှင်းရယ်…”

ချစ်ဦးသူ သက်လျာရှင်း အမှတ်နှင့် သက်ဝင်းရှိန်ကား



မေဝင်းလှဲ ကိုယ်လေးအား ရင်ခွင်ထဲတွင် တင်းကျပ်စွာ ထွေးဖက်ထား ဆဲမှ…

အရစ်အသိုင်း၊ အနမ်းတွေနဲ့ ဗလုံးဗထွေး ပြောနေခြင်းပါ။

မိမိကချစ်ရသော အချစ်ကို လျှော်လျှာရှာခံရခြင်း၊ အလွဲ သုံးစား လုပ်ခံရခြင်းအတွက်၊ နာကျင်ပေါက်ကွဲရခြင်းနှင့်…

တစ်ဖက်မှလည်း ညှိုနက်လာသော အချိန်တွေနှင့်အတူ စူးရှသော ဖုန်းမြည်သံလေးများ ထွက်ပေါ်လာလေဦးမလားဟု…

မေဝင်းလှဲကား ပေါက်ကွဲရခြင်း ချောက်ချားခြင်း အလီလီ ဖြင့်၊ လက်ထပ်ထားသော ခင်ပွန်းသည် သက်ဝင်းရှိန်၏ အစားထိုး အချစ်များ၌…

မရှုမလှ ပေါက်ပေါက်ကွဲကွဲ အဖြစ်များအား ကြိတ်မှိတ် နေလိုက်ရပါတော့သတည်း။ ။

**T G U**

www.burmeseclassic.com

www.burmeseclassic.com

- တစ်ဆယ့်ခုနစ် -

□ကရင်း..ကရင်း..ကရင်း...”

□ဟဲလို..ဒီမှာ၊ ရှင်နဲ့ကျွန်မ ဒီကိစ္စကို ပြတ်ပြတ်ရှင်းချင်တယ်....”

ညှို့ဆယ့်နှစ်နာရီ ဖုန်းမြည်သံလေးကြားသည်နှင့်....

ဖုန်းလေးအနီး စောင့်နေလေသော မေဝင်းလှဲသည် ဖုန်းလေးကို ဆတ်ခနဲ ကောက်ကိုင်ကာ ဒေါသတို့ဖြင့် ပြောလိုက်ခြင်းပါတည်း။

မေဝင်းလှဲ စကားများကြောင့် တစ်ဖက်မှ ကိုနေမျိုးချုပ်သည် ကျေနပ်သောအသွင်ဖြင့် တည်ငြိမ်စွာပြုံးလိုက်ရင်းက...

□ကောင်းပြီ ဒေါ်မေဝင်းလှဲ ကျွန်တော်လည်း ခင်ဗျား ဆီက





ဒီစကားကိုပဲ ကြားချင်နေတာ...”

□ကဲ..ပြော၊ ခင်ဗျားက ဘယ်လိုရှင်းချင်နေတာလဲ..”

□ရှင်..ငွေဘယ်လောက်လိုချင်လဲ ရှင်လိုချင်သလောက် ပြောကျွန်မပေးမယ်၊ ကျွန်မကို ရှင် မနှောင့်ယှက်ပါနဲ့...”

□ဟောဗ်..ဒါပေါ့ဗျာ၊ အပေးအယူလုပ်ပြီးမှတော့ အနှောင့်အယှက် ဘယ်လုပ်ပါ့မလဲ...”

□ဒါပေမယ့် ခင်ဗျားဆီက ကျွန်တော် ဦးဆုံးစကားကြားချင်တယ်...”

□ဘာလဲ..ဘာလဲ...”

□ခင်ဗျားဟာ သက်လျာရှင်းဆိုတဲ့ အမျိုးသမီးလေးကို ကားဘရိတ်ဖေါက်ပြီး လုပ်ကြံခဲ့တယ်ဆိုတာကို ခင်ဗျား ကျွန်တော်ကို ဝန်ခံမလား...”

ကိုနေမျိုးချုပ် အမေးအတွက် မေဝင်းလှဲ တွန့်ဆိုင်းသွားသည်။

□ဒီဝန်ခံချက်ကိုရမှ ကျုပ် ခင်ဗျားနဲ့ အပေးအယူ လုပ်ချင်တယ်...”

www.burmeseclassic.com

www.burmeseclassic.com



“ဒါပေမယ့် ခင်ဗျား ဝန်မခံလည်း ကျွန်တော်က မျက်မြင် ကိုယ်တွေ့ပါ....”

“ခုလို ဝန်ခံနိုင်းရတာကလဲ ခင်ဗျားက မိန်းမလည်ဆိုတာ ကျုပ်က ကောင်းကောင်းကြီး သိထားလို့ပဲ...”

“ဘာယ်လိုလဲ၊ ဒါ မေဝင်းလှဲ့ ခင်ဗျား ဝန်ခံလား...”

“ဟုတ်တယ်၊ ကျွန်မ ရှင်းကို လုပ်ကြံခဲ့တယ်...”

လှုပ်ရှားရသောစိတ်နှင့် သွားတို့စေ့ကာ မေဝင်းလဲ့ထံမှ ဝန်ခံစကား ထွက်ပေါ်လာ၏။

ကိုနေမျိုးချုပ်သည် ကျေနပ်သော အကြည့်တွေနှင့် အသံဖမ်း စက်ခလုတ်လေးအား အသံမြင့် ခလုတ်လေးကို အတိုးအကျယ်ကစား လိုက်၏။

“ကျုပ် ဆက်မေးချင်တယ်...”

မေဝင်းလှဲ့ မဆို။

ရင်ထဲ၊ ခေါင်းထဲတွင်မတော့ မေဝင်းလှဲ့ကား အကြိမ်နှင့် အခေန်နှင့်ရယ်လေ။



“ခင်ဗျား ဘာကြောင့် လက်ထပ်ခါနီးဆဲဆဲ သတို့သမီးလေး သက်လျာရှင်းကို ရက်ရက်စက်စက် လုပ်ကြံရတာလဲ...”

“ဒီမှာ ရှင့် ဒါတွေသိဖို့လိုဦးမလား၊ ရှင် လိုသလောက်ငွေ ကျွန်မ ပေးရင် ပြီးပြီမဟုတ်လား...”

“ကျုပ်က ဒီအဖြစ်အပျက်လေးကို စိတ်ဝင်စားလွန်းလို့ မေးတာပါ...”

“ခင်ဗျားဟာ သတို့သားရဲ့ ပြည့်ဝမှုနဲ့ သတို့သားကို သက်လျာရှင်း လက်ထဲကနေ လုယူလိုက်တာ မဟုတ်လား...”

“ရှင် သိနေရင် ပြီးတာပဲလေ...”

“ဒါကို ခင်ဗျား ဝန်ခံတယ်ပေါ့...”

“ဟုတ်တယ်..ဟုတ်တယ်၊ ကျွန်မ သူ့ကိုချစ်လို့ လုယူခဲ့ တာ...”

“ဒါပေမယ့် သူက ကျွန်မကို မချစ်ဘူး၊ သူ့ကောင်မမှ သူ့ကောင်မ ဖြစ်နေတယ်...”

“ခုတော့ ကျွန်မကလည်း သူ့လိုအရက်သမားကို မပေါင်း

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး…”

□သင်းဆီက ပန္နည်းတွေပဲ နစ်နာကြေးအဖြစ် အကုန်ယူပြီး သူနဲ့လမ်းခွဲဖို့ ဆုံးဖြတ်ပြီးပြီ…”

□သြော်…သြော်…ခင်ဗျားကပဲ နစ်နာတယ် ရှိသေးလားဗျာ”

□ဒီမှာ ရှင် အပိုတွေ ပြောမနေပါနဲ့၊ ရှင် ငွေဘယ်လောက် ယူမယ်ဆိုတာသာ ပြောပါ…”

□အေးလေ…ဒါဆိုလည်း ပြောရတာပေါ့ဗျာ၊ ကျုပ်ကို ငွေ သိန်းငါးရာပေးပါ…”

□ရှင်…သိန်းငါးရာ…”

□ဟုတ်တယ်၊ သိန်းငါးရာ၊ ခင်ဗျားလည်း တတတ်တဲ့သူပဲဗျာ၊ သိန်းငါးရာဆိုတာ ကြားလျက်နဲ့ဟန်လုပ်ပြီး နားပင်းဟန်မဆောင်စမ်း ပါနဲ့…”

□ခင်ဗျားကလည်း မိန်းမလည်…”

□ကျုပ်ကလည်း လူလည်တစ်ယောက်ပါဗျာ…”

□ဒီမှာ ကိုလူလည်၊ ရှင် တောင်းတာ တရားမလွန်လွန်း ဘူးလား…”





□ရှေ့နေအမျိုးသမီးတစ်ယောက်က လူတစ်ယောက်အသက် ကိုလုပ်ကြံတာက ပိုပြီး တရားလွန်ပါတယ်…”

ထိုစကားက မေဝင်းလှဲအား တွန့်တုန်သွားစေရသည်။ ပြီးမှ…

□ကဲပါ…ကောင်းပြီလေ၊ ကျွန်မ သိန်းငါးရာ ရှင့်ကို ပေးမယ်…”

□ကျုပ်လည်း သိပြီးသားပါ၊ ခင်ဗျား ပေးမယ်ဆိုတာ…”

□ရှင် စကားမရှည်ပါနဲ့၊ ရှင် ဘယ်တော့ယူမလဲ…”

□ကျုပ် အတွက်တော့ မြန်လေကောင်းလေပဲ…”

□ဒါဖြင့် ရှင်နဲ့ကျွန်မ သောကြာနေ့ညတွေ့မယ်…”

□သောကြာဆိုတော့ သဘက်ခါပေါ့…”

□ဟုတ်တယ်…”

□အချိန်က…”

□ရှစ်နာရီ…”

□နေရာလဲ ပြောပါဦးဗျာ…”



www.burmeseclassic.com

www.burmeseclassic.com



□(...) စားသောက်ဆိုင်၊ အခန်း (...)ကို ရှင်လာခဲ့ပါ"

□ကောင်းပြီ၊ ကျွန် လာခဲ့မယ်၊ ခင်ဗျားကတိတည်ပါ၊ ငွေနဲ့ ခင်ဗျား စောင့်နေပါ..."

□ရှင့်ဘက်ကသာ ကတိနဲ့လုပ်စမ်းပါ၊ ကဲ..ရှင် လိုချင်တာ ဒါပဲမဟုတ်လား..."

တစ်ဖက်မှ မေဝင်းလှဲ့စကားကို ကိုနေမျိုးချုပ် ဘာမှ ပြန်မပြောတော့...။

အသံဖမ်းစက်ကို ပိတ်ပြီး ဖုန်းကို ချပစ်လိုက်တော့သည်။

ကိုနေမျိုးချုပ်သည် ကျေနပ်စွာ အသံဖမ်းထားသော တိတ်ခွေလေးကို ထုတ်ယူကာ ကျေနပ်သောအကြည့်နှင့် ရှိနေသကဲ့သို့။

တစ်ဖက်မှ...

မေဝင်းလှဲ့သည်လည်း ခြိမ်းခြောက်မတတ်တဲ ခြိမ်းခြောက်နေသောလူ...

ဖြတ်စားလပ်စားမတတ်တဲ ဖြတ်စားလှျပ်စားချင်နေသောလူ–လည်လှည်ဝယ်ဝယ်မရှိဘဲ မအူမလည် လုပ်ချင်သော...





သည်လူ တွေလျှင်အကြောင်းသိရသေးတာပေါ့ ဟူသော... စိတ်ထဲ၌ ကျေနပ်စိတ်၊ သရော်ပြုံးတို့ဖြင့် နှစ်မြိုက်စွာ ရှိနေရပါလေသတည်း။ ။

T G U



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်ရှစ် -

အဖြင့်မှ ကားရပ်သံကို သက်လျှာရှင်း ကြားလိုက်ရသည်။

ကိုနေမျိုးချုပ် လာပြီဖြစ်ကြောင်းကို သက်လျှာရှင်း အလိုလို

လိုက်သည်။

သက်လျှာရှင်းကား အိပ်မပျော်သေးပါ။

ဦးဖိုးရှမ်းက သက်လျှာရှင်းကို အိပ်ခိုင်းနေ၍ သက်လျှာရှင်း

အခန်းထဲသို့ ဝင်လာသော်လည်း···

ကိုနေမျိုးချုပ်လာမည်ကို သိနေ၍ ရှင်း တခင်မအိပ်

အခန်းထဲတွင် အိပ်ချင်ဟန်ဆောင်၍ ငြိမ်သက်စွာ ရှိနေပါ၏။

သက်လျှာရှင်း နာရီလေးဆီ ကြည့်လိုက်သည်။





ည··ဆယ့်တစ်နာရီပင် ကျော်စပြုနေပြီ ဖြစ်၏။

ကိုနေမျိုးချုပ်သည် သက်လျှာရှင်း အိပ်သည့်အချိန်မှ လာ

သည်ကို ဦးဖိုးရှမ်းက ပြောထားဖူးသည် မဟုတ်ပါတလား။

□လာ··ချုပ်···"

□သက်လျှာရှင်း အိပ်ပြီမဟုတ်လား···"

□ဟုတ်တယ်၊ ကိုးနာရီခွဲကတည်းက သူ့ကို အိပ်ခိုင်း

လိုက်တယ်···"

□ချုပ်···ဘာတာ နောက်ကျလိုက်တာ···"

□ဟုတ်တယ် ဦးဖိုးရှမ်း၊ ကျွန်တော် အလုပ်တွေရှိနေလို့

မအားသေးလို့ မလာတာပါ···"

□သက်လျှာရှင်း ကိစ္စပဲလား ချုပ်···"

□ဟုတ်တယ်၊ အဲဒီကိစ္စအတွက်ပဲ အဲဒီကိစ္စ မနက်ဖြန်ညဆိုရင်

အပြတ်ရှင်းပါပြီ···"

□လူလေးက ဘာတွေလုပ်ထားလဲ···"

□ကျွန်တော် ရဲနဲ့တိုင်ပင်ထားတယ်၊ အသံဖမ်းထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကက်ဆက်ခွေကို ရဲတွေကို ပေးနားထောင်ပြီး အပ်လိုက်ပြီ…”

“ပြီးတော့ ထပ်ကူးထားတဲ့ ကက်ဆက်ခွေကိုတော့ မနက်
ကျရင် ရှိန်ဆီ ပို့လိုက်မယ်လို့ စီစဉ်ထားတယ်…”

“မနက်ဖြန်ဆိုရင် အားလုံးကိစ္စတွေပြီးသွားမှာပါ…”

ကိုနေမျိုးချုပ်၏ တည်ငြိမ်သော အသွင်ချောချောကိုကြည့်
ကိုနေမျိုးချုပ်စကားတွေ ဦးဖိုးရှမ်း နားထောင်နေမိ၏။

“အင်း…ဒီကိစ္စတွေအားလုံးပြီးတော့ကော ချုပ်…”

“ဘာကိုမေးတာလဲ ဦးဖိုးရှမ်း….”

“သက်လျာရှင်းကိစ္စတွေ အားလုံးပြီးတော့ ချုပ် ဘာလု
ဦးမလဲလို့ မေးတာပါ…”

“ဘာလုပ်စရာရှိတော့လို့လဲဗျာ၊ သက်လျာရှင်းကို ကိုရှိန်လ
ထဲ ပြန်အပ်လိုက်ရုံပေါ့…”

“ရှိန်ဟာ သက်လျာရှင်းကို သိပ်ချစ်သလို သက်လျာရှင်
ကလည်း ရှိန်ကို မမေ့နိုင်ရှာဘူးဆိုတာ ကျွန်တော် သိထားတယ်…”

“မှန်တိုင်းထန်ခဲ့တဲ့ သူတို့ ချစ်သူနှစ်ဦးရဲ့ဘဝ ပြန်လည်





ငြိမ်းချမ်းပြီး ပေါင်းစည်းကြပါစေလေ…”

“ချုပ်…”

“ဗျာ…”

“မိန်းကလေးက ရှိန်နဲ့ ချက်ချင်းဆက်သွယ်ချင်မှာ မဟုတ်
တော့ဘူးလို့ အဘထင်တယ်…”

“ဘာဖြစ်လို့လဲဗျာ…”

“ချုပ်ကလည်းကွယ် ရှိန်မှာက လက်ထပ်ပြီးသား ဖြစ်နေပြီ
မဟုတ်လား…”

“အဲဒါနဲ့ ဘာဆိုင်လဲ အဘရယ် ရှိန်က အဲဒီအမျိုးသမီးကို
နှစ်သက်တာမှ မဟုတ်တာ…”

“ဘာပဲဖြစ်ဖြစ် သူတို့က လက်ရှိလင်မယားတွေလေ
ပြီးတော့…”

“ပြီးတော့ ဘာဖြစ်လဲ အဘ…”

“ရှင်းကပြောတယ် သူ့ဖေဖေဆီပဲပြန်မယ်တဲ့…”

“အင်း…ဒါလည်းကောင်းတာပါပဲ…”



www.burmeseclassic.com

www.burmeseclassic.com



“ပြီးတော့ ကျွန်တော် သိထားတာ ရှင်းတို့က ဘုရားထူးခံ မျိုးရိုး တွေ…”

“ရှင်းရဲ့ဖေဖေကလည်း သိပ်အေးဆေးတယ်လို့ ရှိန်က အမြဲပြောတယ်…”

“ရှင်းကလည်း ယန်းချိုဝါသနာပါတဲ့ သူလေးအမြဲလိုလို ခရီးထွက်ပြီး ပန်းချီဆွဲနေတတ်တယ်…”

“ရှင်းနဲ့ ရှိန်တို့တွေ့ကြတာလည်း ခရီးထွက်ရာက သိခဲ့ကြ တာမဲ…”

“အင်းလေ…နောက်ပိုင်းကိစ္စတွေကတော့ ရှင်းရဲ့သဘောပါပဲ ရှင်းရဲ့ ဖခင်ဆီပြန်ပြီးမှ ရှိန်နဲ့ ဆက်သွယ်လည်း ဖြစ်တာပါပဲ…”

“ကျွန်တော့်အတွက်လည်း တရားခံနဲ့ အဖြစ်မှန်တွေကို ဖော်ထုတ်ပြီးရင် ပြီးပါပြီ…”

“ကျွန်တော်သိနေတယ် ရှိန်နဲ့ မေဝင်းလှဲတို့က ကွဲကြတော့ မှာ…”

“မေဝင်းလှဲက တစ်ခုမရရင် တစ်ခုရအောင်ယူမှာ…”





“ဒါပေမယ့် ဘာပဲပြောပြော သူမှုချသွားရမယ့် နေရာတော့ အင်းစိန်ထောင်ပဲ၊ ပြေးမလွတ်တော့ဘူး…”

“မကြာတော့ပါဘူး၊ ကိစ္စတွေပြီးစီးတော့မှာပါ…”

“အဖြစ်မှန်တွေသိရင် ရှိန်က ရှင်းကိုခွင့်လွှတ်မှာပါ…”

“ရှင်းနှင့်ရှိန်တို့ ပြန်ပြီး ပေါင်းကိုပေါင်းရမယ်အတာ…”

တည်ကြည်စွာပြောသော သူ့ စကားအတွက် ဦးဖိုးရှမ်းသည် သူ့ထံ လေးနက်စွာကြည့်နေပြီးမှ…

“ချုပ်…”

ဦးဖိုးရှမ်း ခေါ်သည်။

“ဗျာ…”

ဦးဖိုးရှမ်းကို မကြည့်ပဲ ကိုနေမျိုးချုပ် ထူးသည်။

“ချုပ် လုပ်သလိုဖြစ်မယ်လို့ ထင်သလား…”

“ဘာလို့ မဖြစ်ရမှာလဲ…ဗျာ…”

ဦးဖိုးရှမ်းကို ကြည့်ပြီး နေမျိုးချုပ် မေးသည်။

“သူတို့ဟာ သိပ်ချစ်တဲ့ ချစ်ဦးသူတွေပဲလေ…”

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးချုပ် ဆိုသည်။

“ချုပ်ကို အဘ မေးချင်တယ်...”

ဘာလဲဟူသော အမေးမျက်ဝန်းညှိုတွေနဲ့သာ ဦးဖိုးရှမ်းကို နေမျိုးချုပ် ကြည့်နေလိုက်သည်။

“ချုပ်နှလုံးသားမှာ သက်လျှာရှင်းရှိနေတယ်လို့ အဘ မြင်မိတယ်...”

“ဒီစကားမျိုး မပြောပါနဲ့ အဘရယ်...”

တံတွေးတစ်ချက်ကိုမျိုချကာ ခေါင်းယမ်းရင် ကိုနေမျိုးချုပ်ဆိုသည်။

“လူလေးကိုယ် လူလေး ညာနေတယ်နော်...”

“မဟုတ်ဘူးဗျာ...”

“အဘကိုတော့ ညာပါ လူလေးကိုယ်တော့ လူလေး မညာပါနဲ့လား...”

“အဘကိုတော့ ညာလို့ရမယ် လူလေးကိုယ်တော့ လူလေး ညာလို့ရမယ် မထင်ပါဘူးလေ...”



“တော်ပါတော့ အဘရယ် ကျွန်တော် ဒီစကားတွေကို မပြောပါရစေနဲ့...”

“ကျွန်တော့် သူငယ်ချင်းကို ကျွန်တော် ချစ်တယ်...”

“ရှိန့်အတွက် ကျွန်တော်ဟာ သူငယ်ချင်းကောင်းပဲဖြစ်ပါရစေ....”

“လူလေးရဲ့ နှလုံးသားမှာ သက်လျှာရှင်းဆိုတဲ့ ပန်းလေးတော့ ပွင့်လေရဲ့ မဟုတ်သား...”

“ကျွန်တော့်အတွက် အချစ်ဆိုတာ ရှုံ့လှတဲ့အနှစ်နာခံခြင်းပါ အဘ...”

“ကျွန်တော့်နှလုံးသားကို အသိအမှတ်မပြုပါနဲ့ အဘရယ်...”

“ကျွန်တော့်ရဲ့ သန့်စင်တဲ့ ကူညီမှုလေးကိုသာ အသိအမှတ်ပြုပေးပါ...”

“ဒီလောက်ဆိုရင် အဘ လူလေးကို သဘောပေါက်ပါပြီ ဆေ...”

ကြားနေရသော ကိုနေမျိုးချုပ်နှင့် ဦးဖိုးရှမ်း စကားများအတွက်။

www.burmeseclassic.com

www.burmeseclassic.com



တိတ်တဆိတ်နားထောင်နေသော သက်လျာရှင်းကား ရင်ဝယ် နှလုံးသားလေးများ လှုပ်ရှား နွေးထွေးမှုရှိကာ အံ့သြမှင်တက်မဆုံး ရှိနေရပါသတည်း။

□ညည့်နက်လှပြီ အဘ၊ သက်လျာရှင်းကို ကျွန်တော် ခဏဝင် ကြည့်ပြီး ပြန်မယ်…"

□အင်း…"

အပြင်မှစကားသံကြောင့် သက်လျာရှင်းသည် အိပ်ယာထက် ကပျာကယာပြေးတက်ကာ အိပ်ချင်ဟန်လေး ဆောင်နေလိုက်ရပါ လေ၏။

ရင်ထဲမှာတော့ လှိုင်းလုံးကြီးများ လာရောက် ပုတ်ခတ်သည့် နှယ်ပါ။

အခန်းထဲဝင်လာသော ခြေသံဖွဖွကို သက်လျာရှင်း ကြား လိုက်ရသည်။

တဖြည်းဖြည်းနှင့် ခြေသံက သက်လျာရှင်းရှိသော ကုတင် အနီးရောက်လာ၏။



ကိုနေမျိုးချုပ်သည် သက်လျာရှင်း၏ မျက်နှာလှလှလေးဆီ စူးစိုက်ကာ ငုံ့ကြည့်နေလိုက်သည်။

သူ့ အကြည့်တွေက အတန်ကြာကြီးပါ။

သက်လျာရှင်းကိုမူ သူ လက်ဖျားလေးနှင့်ပင် မတို့…

ပျော့ပျောင်းသော ဆံနွယ်တို့ကိုပင် သူ မထိ။

နှစ်မြိုက်စွာ အိပ်ပျော်နေဟန်ရှိသော သက်လျာရှင်း မျက်နှာ ဝင်းဝင်းလေးဆီသာ အတန်ကြာသည်အထိ…

တမေ့တမော သူ ကြည့်ပြီးခါမှ ကိုနေမျိုးချုပ်သည် သက်မ မောကြီးတစ်ချက်အား ရင်ဝယ် ကျိတ်ချကာ…

သက်လျာရှင်းအခန်းထဲမှ တစ်လှမ်းချင်း ထွက်ခွာသွားလိုက်ပါ တော့သတည်း။

ဩော်··ကိုနေမျိုးချုပ်ရယ်…

ရှင်း··အံ့လည်းအံ့သြတယ်၊ မယုံကြည်နိုင်အောင်လည်း ဖြစ်မိတယ်….

ကိုနေမျိုးချုပ်ဟာ ရှင်းဘဝရဲ့ မဟာကျေးဇူးရှင်ပါပဲလေ…

www.burmeseclassic.com

www.burmeseclassic.com



သက်လျာရှင်းကား ကိုနေမျိုးချစ်၏ သောက်ျားပီသစွာ ဖြောင့်မတ်သော နောက်ကျောဆီ လှမ်းကြည့်ရင်း…

ရယ်ဝယ် တွေးဆထိမိုက်စွာ ဆိုဖြစ်နေရပါသတည်း။ ■

T G U

- တစ်ဆယ့်ကိုး -

ညခုနစ်နာရီ။

ဖန်ခွက်ထဲ အရက်ကိုထည့်ပြီး သောက်မည်ပြင်ဆဲ…

□ကရင်း…ရင်း…ရင်း…"

မြည်လာသော ဖုန်းသံလေးကြောင့် သက်ဝင်ရှိန် လှမ်းကြည့်လိုက်သည်။

□ကရင်း…ရင်း…ရင်း…"

ဖုန်းလေးက ထပ်မြည်လာသည်။

မကိုင်မချင်း မြည်နေမည်ကြောင့် ထိုင်ရာမှ အနည်းငယ်ရွှေ့ကာ သက်ဝင်းရှိန် ဖုန်းလေးအား လှမ်းယူနားထောင်လိုက်သည်။

□ဟဲလို…"

www.burmeseclassic.com

www.burmeseclassic.com



“ဟဲလို..ရှိန်…”

“သြော်..ချစ်၊ ပြော သူငယ်ချင်း…”

ရှိန်ကို အိမ်ကိုဖုန်းဆက်သေးတယ်၊ ရှိန် ခရီးသွားတယ်ဆိုလို့…

“ဟုတ်တယ် ချစ် ကိုယ်ကတော့ ခရီးဝေးမသွားရင် အိမ်နဲ့ ဟိုတယ်တွေမှာ တစ်လှည့်စီပါပဲဗျာ…”

“ဒါနဲ့ ကိုယ့်ဆီ ဖုန်းဆက်တဲ့ကိစ္စကို ပြောပါဦး ထူးထွေ ကိစ္စရှိလား…”

“ရှိတယ် သူငယ်ချင်း၊ ငါးမိနစ်အတွင်း ရှိန်ဆီကို ပစ္စည်း တစ်ခု ရောက်လာလိမ့်မယ်…”

“အဲဒီပစ္စည်းက တိတ်ခွေလေးတစ်ခွေပဲ ရောက်တာနဲ့ချက်ချင်း ရှိန် နားထောင်ကြည့်ပါနော်…”

“အဲဒီတိတ်ခွေကို နားထောင်ပြီးတဲ့အခါမှာ သက်လျှာရှင်းရဲ့ အဖြစ်မှန်ကို ရှိန် သိရလိမ့်မယ်…”

“ဟင်..ရှင်း..ဟုတ်လား၊ ရှင်းက…”





“ရှန် ကိုယ် စကားများများ ပြောချိန်မရဘူး၊ ကိုယ် အခု (…)စားသောက်ဆိုင်ကိုသွားဖို့ရှိတယ် ချိန်းထားတယ်…”

“ရှိန်တော့ မလိုက်ခဲ့နဲ့နော် ခုချိန်ဆိုရင် ရှိန် မူးနေလိမ့်မယ်…”

“ကားမောင်းရင် အန္တရာယ်ရှိတယ် ကိုယ် စိတ်မချဘူး၊ ကိုယ် လုပ်ထားတဲ့အလုပ်ကို ကိုယ်ပဲ ရှင်းလိုက်ပါ့မယ်၊ ဒါပါပဲ သူငယ်ချင်း…”

“ချစ်..ချစ်..ဟင်…”

စကားအဆုံး၌ တစ်ဖက်မှ ကိုနေမျိုးချစ် ဖုန်းချသွားပြီဖြစ်သည်။

နားမလည်စွာဖြင့် သက်ဝင်းရှိန်မှာ ခေါ်နေမိပါသေး၏။

“ဆရာ…”

ဖုန်းလေးမှ မချခင် တွေဝေစွာရှိနေဆဲ လူတစ်ယောက်လက်ထဲမှ စက္ကူအိတ်လေးတစ်လုံးနှင့် အစေခံ၀ရောက်လာပြီး ခေါ်သံကို သက်ဝင်းရှိန် ကြားလိုက်ရသည်။

“ကျွန်တော့်ကို ဆရာ ကိုနေမျိုးချစ်က လွှတ်လိုက်တာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဆီ ဒါလေး လာပို့နိုင်းတာပါ၊ ကျွန်တော်သွား

ဦးမယ်…"

တာဝန်ကျေလွန်းသော ကိုနေမျိုးချုပ်ရဲ့ တပည့်ပါပေ။

လက်ထဲမှ စက္ကူအိတ်လေးကို သက်ဝင်းရှိန်ရှေ့ရှိ စားပွဲထွ

ချပေးပြီးနောက် ပြန်ထွက်သွားလိုက်ပါလေ၏။

သက်ဝင်းရှိန်သည် ကိုနေမျိုးချုပ်မှာသည့်အတိုင်းပဲ စက္ကူအိတ်

လေးကို လှမ်းယူပြီး အထဲမှ ကက်ဆက်ခွေလေးကို ယူကြည့်လိုက်

သည်။

ဘာသဘောရယ်တော့ သူ နားမလည်…

ချက်ချင်းပဲ နားထောင်ကြည့်လိုက်ပါတဲ့။

သူငယ်ချင်း ကိုနေမျိုးချုပ်က သူ့ကို ပြောထားသည်။

သူ သောက်မည့်ဆဲဆဲ ပြင်ထားသည့် အရက်ကို

မသောက်ဖြစ်တော့။

ထိုင်ရာမှထကာ ကက်ဆက်ရှိရာ သူ လှမ်းခဲ့သည်။

ကက်ဆက်ခွေကို ကက်ဆက်ထဲထည့်ပြီး ကက်ဆက်ကို





အခန်းထဲယူခဲ့သည်။

သူ ဘာတို့မှ ဂရုမစိုက်။

သူ လုပ်ချင်ရာလုပ်သည်။

အခန်းထဲအရောက် သူ့ အခန်းတံခါးကို ပိတ်လိုက်သည်။

အခန်းထဲ သုံ့ တစ်ယောက်တည်းရှိမှ ကက်ဆက်ခလုတ်ကို

နှိပ်၍ နားထောင်ကြည့်လိုက်လေရာ…

"ဟင်..ဘယ်လို…"

ကက်ဆက်ထဲမှကြားနေရသော မေဝင်းလှုံအသံနှင့် အသံဖျက်

ထားသော လူတစ်ယောက်၏ စကားသံတွေကြောင့်…

သက်ဝင်းရှိန်သည် နားထောင်နေရာမှ မျက်မှောင်တွန့်ကာ

ထိတ်လန့်အံ့ဩစွာ ဆိုမိ၏။

ထွက်ပေါ်လာသော စကားတွေကိုလည်း မယုံနိုင်အောင်

သူ ဆက်နားထောင်မိလေ၏။

သူသည် ထိတ်လန့်ခြင်းဖြင့် အာခြောက်လာသလို တုန်ရင်

လာသလိုရှိရင်း တံတွေးကို မျိုချနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



□ဘုရား..ဘုရား...”

□မေဝင်းလဲ့..မေဝင်းလဲ့..ရှင်းကို..ရှင်းကို...”

□အို..မေဝင်းဟာ သိပ်ကြောက်စရာ ကောင်းတဲ့ ဘီလူးမ၊ မိန်းမရိုင်းမ...”

□ရှင်း..ရှင်းရယ်..အပြစ်ဆိုးလိုက်တာ၊ အချစ်ရယ်...”

□မေဝင်းလဲ့ နင့်ကိုလည်း ငါ အရှင်မထားဘူး၊ ငါ့ချစ်သူ သေရသလို နင်လည်းသေစေရမယ်...”

အပြစ်မဲ့သော ချစ်သူအတွက် ဆတ်ဆတ်ခါသောရင်မှ ပေါက်ကွဲစွာ သက်ဝင်းရှိန် ဆိုသည်။

ကက်ဆက်ထဲမှ မပြီးသေးသော စကားသံတွေကို နားသာ ထောင်နေရသည် သက်ဝင်းရှိန်ကား ဆောက်တည်ရာ မရသလို ရှိနေရချေ၏။

□ဟင်..ဩော်..ဩော်..ငွေပေးဖို့ မေဝင်းလဲ့က စားသောက်ဆိုင်မှာ ချိန်းလိုက်ပြီ...”

□ဒါဆို ဒီထဲကလူဟာ ကိုချုပ်ပဲပေါ့၊ ကိုချုပ်ဟာ စားသောက်





ဆိုင်သွားဖို့ ငါ့ကို စောစောက ပြောထားတယ်...”

□အခု..အခု မိန်းမလည်မလည်း စားသောက်ဆိုင်ကို သွားပြီးထင်တယ်...”

□ကျောက်...”

ကက်ဆက်ထဲမှ အသံတွေဘိတ်သွားသည်နှင့် သက်ဝင်းရှိန်ကား...

ယမ်းစုံးမီးကျ ဒေါသစိတ်တို့ဖြင့် အခန်းထဲမှ ထွက်ခဲ့လိုက်သည်။

တစ်ဆက်တည်း အိပ်ခန်းထဲသို့ ဒေါသခြေလှမ်းတို့ဖြင့်ဝင် ခဲ့ကာ...

ခေါင်းအုံးအောက်မှ လိုင်စင်နှင့်ကိုင်ထားသော သေနတ်ကို သူ ယူမည်ပြင်တော့...

□ဟင်..သေနတ်မရှိတော့ဘူး...”

□သေချာပြီ၊ ငါ့ သေနတ်ကိုယူပြီး ကိုချုပ်ကိုသတ်ဖို့ လျှာနှစ်ခွနှင့် မိန်းမရိုင်းကြီးသွားပြီ...”



www.burmeseclassic.com

www.burmeseclassic.com



"တောက်-မဖြစ်ဘူး၊ ငါ လိုက်သွားရမယ်..."

တောက်လောင်နေသော ဒေါသမီးတို့ဖြင့် သက်ဝင်းရှိန့်ကား ဆင်ဝင်အောက်မှကားကို မောင်းထွက်ခဲ့လိုက်ပါတော့၏။

T G U



- နှစ်ဆယ် -

ညရှစ်နာရီခွဲအချိန်။

ည၏အမှောင်သည် နက်ရှိုင်းမှုဘက်သို့ တဖြည်းဖြည်းချင်းနင်းဝင်ရောက်နေ၏။

သို့သော်--နာမည်ကြီး စားသောက်ဆိုင်များတွင်မတော့ ငွေကြေးဖြုန်းနိုင်သူများအတွက် စည်ကားလှုပ်နေဆဲအချိန်ပါ။

မှန်သည်။

(....) စားသောက်ဆိုင်ကြီးတွင်လည်း သီချင်းသံ၊ လက်ခုပ်သံတွေနှင့် စားသောက်နေသူတွေအပြည့်။

အပြင်ဘက်တွင်လည်း ကားတွေက တစ်စီးပြီးတစ်စီး



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာဆဲရှိသည်။

ဝင်ရောက်လာဆဲ ကားများထဲ၌ ကိုနေမျိုးချုပ်၏ ကားလေးသည်လည်း ဝင်ရောက်မောင်းနှင်လာသည်။

စားတော်ဆက်မှ လုံခြုံရေးများ ချပေးသည့်နေရာတွင် ကိုနေမျိုးချုပ်ကားလေးကို ရပ်လိုက်သည်။

ပြီးတော့ သူသည် ကားပေါ်မှဆင်းလိုက်ပြီး ဟိုဟိုဒီဒီ တစ်ချက်လိုက်ကြည့်သည်။

ထိုအချိန်တွင်ပင် လူတစ်ယောက်သည် ကိုနေမျိုးချုပ်ဆီသို့ မနေးမမြန် ခြေလှမ်းတို့ဖြင့် လှမ်းလာခဲ့၏။

□ကိုနေမျိုးချုပ်…”

□ဟုတ်ကဲ့…”

အနီးရောက်ခိုက် ထိုလူစိမ်းကြီးခေါ်သည်တွင် နေမျိုးချုပ်သည် တည်ငြိမ်သောအသံဖြင့် လေးစားစွာထူးသည်။

□ကျွန်တော်တို့ စောစောထဲကပဲရောက်နေပြီ အခြေအနေကို စောင့်ကြည့်နေတယ်…”





□ကိုနေမျိုးချုပ်အလာကိုလည်း စောင့်ရင်းနဲ့ပေါ့…”

□ဟုတ်ကဲ့၊ ဆရာ ကျေးဇူးတင်ပါတယ်ခင်ဗျာ….”

□ဘယ်ဟုတ်လေမလဲဗျာ ရာဇဝတ်မှုကို ကျွန်တော်တို့နဲ့ လက်တွဲဖော်ထုတ်ပေးတဲ့ ကိုနေမျိုးချုပ်ကိုပဲ ကျွန်တော်တို့က ကျေးဇူးတင်နေရတာပါ….”

□အပွန်း၊ ဆောင်ပုဒ်အဝိုင်း ရဲ့ ပြည်သူ့ ပူးပေါင်းဆောင်ရွက်ရတာပေါ့ဗျာ…”

□အေးဗျာ ကိုနေမျိုးချုပ်အနေနဲ့ ဒုလို နားလည်မှုထားတာ သိပ်ကျေးဇူးတင်ပါတယ်ဗျာ…”

□ဒါနဲ့ ကိုနေမျိုးချုပ်ကို သတိပေးရဦးမယ်…”

□ဟုတ်ကဲ့၊ ပြောပါ ဆရာ…”

□ကိုနေမျိုးချုပ် အစုဝင်တော့မလို့လား….”

□ဆရာ စကားပြောပြီးရင် ကျွန်တော် အရင်ဝင်နှင့်မယ်လေ…”

□ကိုနေမျိုးချုပ်တို့ စကားပြောမှာက သီးသန့်ခန်းထဲမှာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့…”

□ဟုတ်ပါတယ် သီးသန့်ခန်း (…) မှာ ကျွန်တော်တို့ ချိန်းထားပါတယ်…”

□ဟုတ်ပြီ ကျွန်တော်မှာချင်တာက ကိုနေမျိုးချုပ် စားသောက်တာကို သတိထားပါ…”

□ဒီအမျိုးသမီးက ကိုနေမျိုးချုပ်ကို တခုခုနဲ့ မလုပ်ဘူးလို့ မပြောနိုင်ဘူး မဟုတ်လား…”

□ရှေ့နေမဆိုတော့ ဥပဒေကို နားလည်ပြီးသား ရှောင်ကွင်းလွတ်အောင်တော့ သူ လုပ်မှာပဲ…”

□ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ဆရာ ကျွန်တော်လည်းပဲ ဒီအမျိုးသမီးကို ဘယ်တော့မှ လျှော့မတွက်ပါဘူး…”

□လူတစ်ယောက် အသက်ကိုတောင် သွေးအေးအေးနဲ့ လုပ်ကြံရဲတဲ့ အမျိုးသမီးမဟုတ်လား·”

ကိုနေမျိုးချုပ်ဆိုသည်။ သူ့ စကားသံသည် အေးဆေးတည်ငြိမ်လွန်း၏။





□ဟုတ်တာပေါ့ ကဲ ကိုနေမျိုးချုပ် သွားလို့ရပြီ ဘာမဆို သတိတော့ရှိပါစေနော်…”

နေမျိုးချုပ် ပုခုံးသိတစ်ချက်ပုတ်ကာ ရဲအရာရှိဆိုသည်တွင်…

ကိုနေမျိုးချုပ်သည် ခေါင်းတစ်ချက်ညိတ်ရင်း နေရာမှ လှမ်းထွက်သွားလိုက်ပါတော့၏။

စားသောက်ဆိုင်ကြီးအတွင်းသို့ နေမျိုးချုပ် လှမ်းဝင်ခဲ့သည်။

တဆက်တည်း သီးသန့်ခန်းဆီသို့ သူ ဆက်လှမ်းခဲ့သည်။

ပြီးတော့ သူ နာရီဆီ တစ်ချက်ကြည့်သည်။

ထိုအချိန်ဆိုလျှင် မေဝင်းလှဲ့တစ်ယောက် အခန်းတွင်းရောက်နေလောက်ပြီဟု သူ တွက်၏။

စိတ်ထဲမှ တွက်ချက်ရင်း သီးသန့်ခန်းထဲသို့ နေမျိုးချုပ် ဝင်လိုက်သည်နှင့် အခန်းထဲတွင် မေဝင်းလှဲ့တစ်ယောက် အသင့်ရှိနေသည်ကို သူ တွေ့လိုက်ရလေ၏။

□ဟင်··ရှင်··ရှင်က…”

□ခင်ဗျား မှတ်မိသားပဲ…”



www.burmeseclassic.com

www.burmeseclassic.com

ကိုနေမျိုးချစ် ဝင်လာသည်ကို မြင်သည်နှင့် မေဝင်းလှဲ့သည် မျက်လုံးပြူးရင်း တစ်ကိုယ်လုံးပင် တုန်လှုပ်သွားသလိုရှိ၏။

နေမျိုးချစ်အဆိုတွင် မေဝင်းလှဲ့သည် တဆတ်ဆတ်တုန်နေသည်ကို ထိန်းရင်း…

“ရှင်က မောင့်ရဲ့ မိတ်ဆွေ ကိုနေမျိုးချစ်…”

“ဒါဖြင့် ကျွန်မဆီ ဖုန်းဆက်တာ ရှင်လား…”

“ဟုတ်တယ်…”

“ဟင်…ရှင် ဘာသဘောနဲ့…”

“ဒီစကားက ကျွန်တော်က ခင်ဗျားကို မေးရမှာလေ…”

“အိုး…ရှင် ဘာတွေပြောနေတာလဲ…”

ဆိုရင်း မေဝင်းလှဲ့ မျက်လုံးတွေမှာ အေးစက်စက်ကြည့်နေဖြစ်သည်။

ကိုနေမျိုးချစ်သည် မေဝင်းလှဲ့အား…အင်း…အဲမလှုပ် မေဝင်းလှဲ့ထံ စူးခနဲ တစ်ချက်ကြည့်ပြီး မေဝင်းလှဲ့နဲ့ မျက်နှာချင်းဆိုင်နေရာတွင် ဝင်ရောက်ထိုင်နေလိုက်သည်။





မေဝင်းလှဲ့သည် နေမျိုးချစ်အသွင်အား ကြည့်နေရင်းမှ စိတ်ထဲတွန့်လာသလို အသွင်က သူမ မျက်လုံးအစုံတွင် ပေါ်လွင်နေသည်ကို သူ တွေ့ရ၏။

တဆက်တည်းလည်း မေဝင်းလှဲ့သည် သူမစိတ်ကို သူမ တင်း၍ ပြင်ဆင်လိုက်သည်ကိုလည်း သူမ မျက်ဝန်းမျက်နှာကပင် နေမျိုးချစ်တွေ့နေရ၏။

“အပွန်း…ခင်ဗျားက မသိဟန်ဆောင်နေတုန်းကိုး အေးလေ ခင်ဗျားနဲ့ ကျွန်တော် တွေ့ဆုံတဲ့ အစီအစဉ်က နောက်ဆုံးရှင်းတမ်းပဲ ဆိုတော့ ကျွန်တော်ပြောမယ်…”

“ရှိန်နဲ့ လက်ထပ်တော့မည့်ဆဲဆဲ သတို့သမီးလေးကို ဘားဘရိတ်ဖျက်ဆီးပြီး ခင်ဗျားလုပ်ကြံတဲ့ လုပ်ရပ်ကို ကျွန်တော်က တွေ့တယ်…”

“အဲဒီ မနက်က သက်လျာရှင်း ပဲခူးသွားမယ့် ကိစ္စကို ခင်ဗျားဆီ ရှင်းက ဖုန်းဆက်လို့ ခင်ဗျား တစ်ယောက်ပဲသိတယ်…”

“အိုး…မဟုတ်တူး…”


www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျား ငြင်းနိုင်ရင် ငြင်းပါ၊ ခင်ဗျား ဝန်ခံထားပြီးသားပဲ လေ....”

“ဖြစ်ချင်တော့ သက်လျှာရှင်းရဲ့ ကားဘရိတ်ကို ဖျက်ဆီးနေတဲ့အချိန်နဲ့ ဖျက်ဆီးပြီး ဝိုးကြောင်ခိုးဝှက် ခင်ဗျား ပြန်ထွက်တဲ့အချိန်ကို ကျွန်တော်က အစအဆုံးမြင်ခဲ့တယ်...”

“အစကတော့ ကျွန်တော် ခင်ဗျားကို ဒီလောက်အကြံဆိုးရှိမယ်လို့ မထင်ခဲ့ဘူး...”

“ပုရူးသွားအပြန်မှာ သက်လျှာရှင်း ကားဘရိတ်မထိပဲ လမ်းဘေးထိုးမှောက်မှ သိရတော့တယ်...”

“အဲဒီကားကို စစ်ဆေးတဲ့ ပညာရှင်တွေကလည်း ဘရိတ်ကို တမင်ဖျက်ဆီးထားမှန်း သိကြတယ်...”

“ပဲခူးသွားတုန်းက သက်လျှာရှင်း ဘာမှမဖြစ်ဘူး ဘာကြောင့်လဲဆိုတော့ ကီလိုမီတာ ခြောက်ဆယ်နှင့် ခြောက်ဆယ်ကျော်ပဲ သက်လျှာရှင်း မောင်းခဲ့လို့ပဲ...”

“ပဲခူးအပြန်မှာတော့ သက်လျှာရှင်းဟာ ကီလိုမီတာ ရှစ်ဆယ





ွန်းစွန်း မောင်းလိုက်တာနဲ့ ကားဘရိတ်က လုံးဝ မမိတော့ဘူး...”

“ခင်ဗျားက ကားဘရိတ်ကို ချင့်ချိန်ပြီး ဖျက်ထားတယ်...”

“ကားအမြန်မောင်းလို့ အက်စီးဒင့်ဖြစ်သဘောမျိုး ခင်ဗျား လုပ်ထားတယ်...”

“ဒါပေမယ့် တမင်ကားဘရိတ်ကို ဖျက်ဆီးထားတဲ့ ခ ဗျားရဲ့ ခြေရာ လက်ရာက ရှိနေတယ်လေ...”

“ပြီးတော့ ကျွန်တော်ကလည်း ခင်ဗျားကို တွေ့ထားပြီးသား အချက်ကလည်း ရှိနေတယ်...”

“အဲဒီနောက် ခင်ဗျား ဆက်လုပ်တဲ့ လုပ်ရပ်တွေပေါ်မှာပဲ မူတည်ပါသေးတယ်...”

ထိုအမေးအတွက် မေဝင်းလှဲ့ မဆို။

နေမျိုးချုပ်အသွင်ဆီသာ မပြက်တပြက်ဖြင့်နှင့် အတွေးတစ်ခုခု ရှိနေသည့် မျက်နှာမျက်လုံးတွေဖြင့် ကြည့်နေ၏။

ပြီးမှ...

“နေပါဦး ရှင်က ဘာဖြစ်လို့ ဒီအလုပ်တွေကို လုပ်ရတာလဲ..”

www.burmeseclassic.com



“သိလျက်နဲ့ ကျွန်တော် မြှုနေရမလား…”

“အဟင်း ရှင် လုပ်နေတာ သက်လျှာရှင်းအတွက် မဟုတ်လား…”

“ဘယ်သူ့အတွက်ပဲဖြစ်ဖြစ် လုပ်သင့်တာကို လုပ်ကိုလုပ်ရမယ်…”

“ခင်ဗျားရဲ့ မတရား အကြံအစည်ကို ဘယ်လိုနည်းနဲ့မှ အထမမြောက်စေချင်ဘူး…”

“ခင်ဗျားဟာရှေ့နေ ဥပဒေကို ပိုပြီး လေးစားကြောက်ရွံ့စေရမယ် မဟုတ်ဘူးလား…”

“ခုတော့ ဥပဒေကို နားလည်နေတဲ့ ရှေ့နေတစ်ယောက်က ဥပဒေကို အလွဲသုံးစားလုပ်တယ်…”

“ဥပဒေကို ကျွမ်းကျင်လို့ပဲ ဥပဒေကို စိန်ခေါ်တဲ့သဘောများလား ဒေါ်မေဝင်းလှဲ…”

“ဒါပေမယ့် ကျွန်တော်ယုံကြည်တာတစ်ခုကတော့ ရာဇဝတ်ဘေးက ပြေးလွတ်သူ မရှိပါဘူး…”





“ဒီအချက်ကို ခင်ဗျား သတိမချပ်ခဲ့လို့ ခင်ဗျားရဲ့ အချစ်ကြေးကျွန်၊ လောဘကြေးကျွန်စိတ်တွေက ခင်ဗျားကို ရာဇဝတ်မှု ကျူးလွန်စေလိုက်တာပဲဆိုတာ ရှင်းပါတယ်လေ…”

“ကိုနေမျိုးချစ် ရှင်ဟာ တကယ့် လူတော်တစ်ယောက်ပါပဲ…”

“အပွန်း၊ ခင်ဗျားချီးမွမ်းတာ ကျေးဇူးတင်ပါတယ်…”

“အဟင်း…ဒါပေမယ့် ကျွန်မ စကားရှည်ရှည်မပြောတော့ဘူး ကိုနေမျိုးချစ်…”

“ရပါတယ် ခင်ဗျား ပြောချင်ပြော မပြောချင်နေပါ…”

“ဟုတ်တယ် ကျွန်မ စကားအပိုမပြောတော့ဘူး အခု ရှင့်ကို စားပွဲရဲ့အောက်မှာ လွှန်ခဲ့တဲ့ ဆယ်ငါးမိနစ်တည်းက သေနတ်နဲ့ ကျွန်မ ချိန်ထားတယ်…”

“ရှင်က ကျွန်မအကြောင်းတွေ အကုန်သိနေပြီ မဟုတ်လား…”

“ဒီတော့ ကျွန်မ ရှင့်ကို သက်လျှာရှင်း သွားတဲ့လမ်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ပို့ရတော့မယ်၊ ကဲ..ရှင် ဇို ရာက မြည်းမြည်းထပါ ရှင် ဥာဏ်များမယ် မကြံနဲ့၊ ရှင်..အတွေးအခေါ်တစ်ချက်မှားတာနဲ့ ကျွန်မလက်ထဲက သေနတ်ကမီးပွင့်သွားမှာသေချာတယ်၊ မလုပ်ရဲဘူးလို့တော့မထင်နဲ့နော်”

“မထင်ပါဘူးလေ ခင်ဗျား မိုက်တွင်းနက်တတ်မှန်း မလွှာခင်ကတည်းက ကျွန်တော် သိနှင့်ပြီးသားပါ...”

“အဟင်း..ဒါဆိုရှင်က သေရမှာမကြောက်တဲ သတ္တိကောင်းတဲ့သူ ဖြစ်ပြန်ပြီပေါ့၊ ကဲလေ..ဒါဆို အခု မြည်းမြည်းထလိုက်ပါပြီးရင် ဒီအခန်း ကနေထွက်မယ်၊..”

“ကျွန်မရဲ့ ကားဆီကိုသွားမယ် ရှင်နဲ့ကပ်ရက် ကျွန်မပါနေမယ်၊ အပေါ်အင်္ကျီအုပ်ထားတဲ့အောက်မှာရှိတဲ့ ကျွန်မလက်ထဲက သေနတ်က ရှင့်ခါးကို ထိနေမှာပါ...”

“ရှင့်ခါးကို ထိနေတဲ့ မာမာကျောကျောအထိတွေ့လေးကို ရှင် သတိထားပြီး ကျွန်မကားရပ်ထားတဲ့ဆီကို ဟန်မပျက်သွားပါ...”

“ခင်ဗျား သဘောပါ ကျွန်တော် သွားပါ့မယ်...”

ဆိုရင်း ကိုနေမျိုးချုပ်နှင့် မေဝင်းလှဲသည် နေရာမှ ပြိုင်တူ





ထရပ်လိုက်ပြီး...

မေဝင်းလှဲသည် ကိုနေမျိုးချုပ် နောက်ကျောတွင် ကပ်လျက်လိုက်ပါကာ သီးသန့်စားသောက်ခန်းထဲမှထွက်ရန် ကိုနေမျိုးချုပ်သည် စားသောက်ခန်း တံခါးလေးဖွင့်လိုက်သည်နှင့်...

အခန်းအပြင်ဘက် အဝနားတွင်စောင့်နေသည့် ကိုသက်ဝင်းရှိန်နှင့် ရဲအရာရှိများသည် အခန်းတံခါးပွင့်သည်နှင့် အခန်းထဲသို့ စုပြုံဝင်ရောက်လာပါတော့၏။

“ဟင်...”

သက်ဝင်းရှိန်နှင့် အရပ်ဝတ်ဖြင့် လူစိမ်းသုံးယောက်ကိုမြင်သည်တွင် မေဝင်းလှဲတစ်ယောက် လွန်စွာအံ့သြ တုန်လှုပ်သွားရ၏။

“ကဲ့..ဒေါ်မေဝင်းလှဲ အဖမ်းခံပါ...”

“ရှင်...”

“ကျွန်တော်တို့က မြို့နယ်က ရဲအရာရှိတွေပါ...”

“ဆရာ..ဒီမှာ ကျွန်တော့်ရဲ့ အသံဖမ်းစက်...”

ဆိုရင်း ဘောင်ဘီအိတ်ထဲမှ အသံဖမ်းစက်ကလေးထုတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိလက်ထဲသို့ ကိုနေမျိုးချုပ်အပ်လိုက်သည်။

"အို..."

မေဝင်းကား ဘာလုပ်ရမှန်းမသိအောင် ထူမှန်နေတော့၏။

ကိုသက်ဝင်းရှိန်သည် စကားတစ်ခွန်းမျှမဆို၊ အေးစက်တည်ငြိမ်သော အကြည့်တွေနှင့်သာ မေဝင်းလှဲထံ တစ်ချက်မျှကြည့်ပြီး...

"သူယူလာတာ ကိုယ့်မိဘများလက်ထက်တည်းက လိုင်စင်နဲ့ကိုင်နေတဲ့ သေနတ်ပဲ..ချုပ်..."

"ဒါပေမယ့် အထဲမှာ ကျည်မရှိဘူး ကြာပြီဆိုတော့ မောင်းတွေလည်း မကောင်းတော့ဘူး..."

"ချောက်..."

ရဲအရာရှိတစ်ယောက်၏ မေဝင်းလှဲအား လက်ထိပ်ခတ်သံက ချောက်ခနဲ မြည်ဟိန်းထွက်ပေါ်လာသည်။

"ကဲ..ကိုနေမျိုးချုပ်နဲ့ ကိုသက်ဝင်းရှိန် ကျွန်တော်တို့ ဆောင်ရွက်စရာလေးရှိလို့ ခွင့်ပြုပါဦး..."

"ဟုတ်ကဲ့..ဆရာတို့ကို ကျွန်တော်တို့အနေနဲ့လည်း ကျေးဇူးတင်မဆုံးပါဘူး ခင်ဗျား..."





ရဲအရာရှိထံ ကိုသက်ဝင်းရှိန်ဆိုသည်။

သက်ဝင်းရှိန်၏ အသွင်သည် သိမ်မွေ့ခြင်းနှင့် တည်ငြိမ်ရင့်ကျက်နေရလေ၏။

ရဲအရာရှိများနှင့်အတူ မေဝင်းလှဲတစ်ယောက် ခေါင်းငိုက်စိုက်ဖြင့် ထွက်သွားလေပြီ။

သက်ဝင်းရှိန်နှင့် နေမျိုးချုပ်တို့ လိုက်၍မထွက်။

စားသောက်ခန်းထဲတွင်ပင် ကျန်ရစ်ခဲ့သည်။

စားပွဲတွင် နှစ်ဦးသားအတူထိုင်လိုက်ပြီး စားစရာတွေ မှာလိုက်သည်။

နှစ်ဦးသားသည် ရုတ်တရက် စကားမဆို။

တည်ကြည်မှုနှင့် နှုတ်ဆိတ်နေဖြင့်ကြရင်း ရင်တွင်း ကိုယ်စီမှာတော့ စကားတွေပြောရန်အပြည့်ပါ။

မှာထားသည့် စားသောက်စရာတွေက တစ်ခုပြီးတစ်ခုရောက်လာသည်။

နှစ်ဦးသားအဖို့ စောစောကဘာမှမဖြစ်ခဲ့သလို အေးဆေး၍



www.burmeseclassic.com

www.burmeseclassic.com



အခန်းသည်လည်းငြိမ်သက်နေ၏။

အတန်ကြာမှ…

□ကိုယ်တကယ် စိတ်မကောင်းပါဘူး ရှိန်…"

နေမျိုးချုပ် ဆိုသည်။

□အယွန်း…"

သက်ဝင်းရှိန်သည် တချက်ပြုံးရုံမျှပြုံးပြီး ငြိမ်နေ၏။

ရှိန် ကိုယ့်ကို စိတ်ဆိုးလား ကိုယ့်ကိုစကားတခုခုပြော ပါလား…

အား…ဘယ်လိုပြောလိုက်တာလဲချုပ်ရယ်…

ကိုယ့်အပေါ် စိတ်စေတနာကောင်းထားနိုင်လွန်းတဲ့ ချုပ်ကို ရင်ထဲဘယ်လိုပြောရမှန်း မသိအောင်ခံစားနေရလို့ပါ…

နေမျိုးချုပ် ဘယ်ဘက်လက်ဆီကျစ်ကျစ်ဆုပ်တွေးရင်း သက်ဝင်းရှိန် ဆိုသည်။

သူ့အသွင်သည် တည်ကြည်ပြီးတည်ငြိမ်နေသည့်တိုင် သူ့မျက် ဝန်းညိုအစုံမှာတော့ အရှည်ကြည်တို့ဖြင့် လွှမ်းလျှက်ရှိလေ၏။





□ရှိန် မုန့်တိုင်းပြီးရင် လေနုအေးလေးတွေရဲ့ အရသာကို ခံစားရတော့မှာပါဗျာ…"

□ချုပ် အမှန်ပြောရမယ်ဆိုရင် ရှည်လျားစွာ မက်နေရတဲ့ အိပ်မက်ဆိုးကြီး နှင်းချုပ်သွားတဲ့အတွက် စိတ်မှာကြည်လင်ပေါ့ပါးနေရ တယ်လေ…"

□ဒါပေါ့ မကြာခင်တော့လှပတဲ့ အိပ်မက်ကလေးတွေကို ရှိန် မြင်မက်ရမှာပါ…"

□အယွန်း‥မလိုအပ်တော့ဘူး ချုပ် ရှင်းဟာ ကိုယ့်ရဲ့ တစ်ဘဝစာအတွက် လုံလောက်တဲ့အချစ်ကို ပေးအပ်သွားပါပြီလေ…"

□အယွန်း…အယွန်း…"

□သက်ဝင်းရှိန်စကားအတွက် နေမျိုးချုပ်ရယ်သည်…"

□ပြီးမှ…."

□ကဲပါလေ ကိုယ်တို့ဒီညတော့ ပေါ့ပါးတဲ့ ကိုယ်စိတ် နှလုံးနဲ့ ကောင်းကောင်းအနားယူစားသောက်လိုက်ကြအောင်…"

□နောက်ဖြန်ကျရင် ရှိန့်ဆီကို လက်ဆောင်တစ်ခုကိုယ့်ပေး



www.burmeseclassic.com

www.burmeseclassic.com

ဦးမယ်လေ···"

"လက်ဆောင်ထပ်ပေးဦးမယ် ဟုတ်လား···"

"အဟွန်း···ဟွန်း···"

သူငယ်ချင်းနှစ်ယောက်စကားတွေဆိုရင်း စားသောက်ရင်းမှ ကိုယ်ရောစိတ်ပါ အမှန်ပင် ပေါ့ပါးစွာရယ်မောပစ်လိုက်ကြလေ၏။

မှန်သည်။

ထိုညက သူငယ်ချင်းနှစ်ယောက် ကိုယ်ရောစိတ်ပါ ပေါ့ပါးလန်းဆန်းစွာ နေပစ်လိုက်ကြပါသည်။ ။

T G U



- နှစ်ဆယ့်တစ် -

သည်နေ့ လုပ်စရာရှိတာတွေလုပ်ရှုပြီးပြီ။

မှန်သည်။

မရှုမလှအဝီတ်ကို ရင်ဝယ်ပိုက်ကာ မြန်မာပြည်တွင် သူမနေဖြစ်တော့ပါ။

တကယ်တော့ သူ မြန်မာပြည်မှ ထွက်သွားရန်ပြင်ဆင်ထားသည်က လွန်ခဲ့သောတစ်လခန့်ထဲက ဖြစ်သည်။

မေဝင်းလှဲအား သူ ဘယ်လိုမှ မချစ်မနှစ်သက်နိုင်···

မေဝင်းလှဲနှင့် တွေ့ဆုံရမည့်အရေးတိုင်း၌ သူ့အတွက်ကြီးမားသော ဒုက္ခကိုခံစားရသကဲ့သို့ ရှိနေရ၏။

စိတ်သည် မေဝင်းလှဲအား လုံးဝဖြောင်းဖျ၍ ကျေအောင်

www.burmeseclassic.com

www.burmeseclassic.com



မလိုလားခဲ့ပါ။

မေဝင်းလှဲ့ကို မုန်းတော့လည်းမမုန်း…

အသိမိတ်ဆွေတစ်ဦးမျှထက် လုံးဝမပိုရှိမရခဲ့…

သို့သော် သူသည် စိတ်တွေ နာကြည်းပေဟုန်ခဲ့၍ မေဝင်းလှဲ့အားလက်ထပ်ဖြစ်ခဲ့ရသည်အထိဖြစ်ခဲ့သည်။

ကံတရားသည် သူ့အား မရှုမလှဖြစ်စေချင်သလားပင်…

သူဖြစ်ခဲ့ရ၏။ သူခံစားခဲ့ရ၏။

သူ့အိမ်တွင်မနေ။ ခရီးတွေထွက်၊ မထွက်လျှင် ဟိုတယ်တွေမှာ လျှောက်နေ၊ အရက်သောက်၊ အချိန်ဖြုန်း။

ဘဝသည် ရုတ်ချည်း ပက်ပက်စက်စက် ပြောင်းလဲရသည် သူ့ဘဝ။

အဓိပ္ပါယ်မဲ့အချိန်တွေကုန်စေခဲ့ရသည်။

နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့ရသည်။

ထိုဆုံးဖြတ်ချက်ချပြီးမှပင်သူသည် စိတ်သက်သာရာ အနည်းငယ်ရသည်ဟု ဆိုကမမှား…



ထိုဆုံးဖြတ်ချက်မှာ သူနိုင်ငံခြားသို့ ပြန်လည်ထွက်ခွာဖို့ ရန်ဖြစ်၏။

သဘက်ခါဆိုလျှင် သူ သွားတော့မည်။

သူ မည်သူ့ကိုမျှ နှုတ်မဆက်ဘဲသွားမည်။

ချစ်လှစွာသော သက်လျာရှင်း ၏ဖခင်ကြီးနှင့်လည်း သူ သွားမတွေ့တော့။

မေဝင်းလှဲ့၏မိဘများနှင့်လည်း သူ သွားမတွေ့တော့။

မေဝင်းလှဲ့အတွက်တော့ သူ ပိုင်ဆိုင်ရာ ပစ္စည်းတစ်ဝက်တိတိ ပေးခဲ့သည်။

ထိုကိစ္စတွေသည်လည်း ရှေ့နေမှပင်တစ်ဆင့် သူ လုပ်ဆောင်ခိုင်းထားသည်။

သူ အနေနဲ့ ဘာဆိုဘာမှမတွေ့ခြင်၊ မမြင်ခြင် မကြားခြင်ပါတော့။

ဖြစ်နိုင်လျှင် ယခုပင် ချက်ချင်းထွက်သွားခြင်ပြီ။

နိုင်ငံခြားတွင် စိတ်သစ်လူသစ်ဖြင့် သူ့ကိုယ်သူ ပြင်ဆင်နေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့မည်။

အတွေးများဖြင့် ငြိမ်သက်စွာရှိနေ၏။

ထိုမှ သူ့ မျက်ရည်တွေ ဝဲချင်လာသည်။

ရှင်း··သက်လျာရှင်း···

နှစ်သက်စွဲလမ်းရသည့် အမည်လေးအား သူ့ နှုတ်မှ တီးတိုး ရေရွတ်ခေါ်ဖြစ်သည်။

လူကမူ ဆုံလည်ကုလားထိုင်ထက် လျောရဲ့စွာရှိ၏။

အကြည့်သည်က နေရာမဲ့၍နေသည်။

မျက်ဝန်းဝယ် သက်လျာရှင်း၏ ပုံရိပ်နှင့် လှုပ်ရှားမှုလေးတွေက လွှမ်းမိုးနေ၏။

ရှင်းနှင့် ငါ စပြီးတွေ့တာ ပုဂံမြို့ဟောင်းမှာ···

ရှင်းကို တွေ့လိုက်ရတဲ့အချိန်မှာ မျက်လုံးထဲကို ဝင်းထိန်သွား သလိုရှိတယ်···

တွေ့တွေ့ခြင်း ငါ ရှင်းကို နှစ်သက်စွဲလန်းခဲ့တယ်···

အဲဒီအချိန်ကစပြီး ရှင်း သွားလေရာမှာ ငါ···နောက်တော့တယ်···





ရှင်းကို ငါ ချစ်ရေးဆိုခဲ့တာ ရှင်းရဲ့ အိမ်ပေါ်မှာပဲ··

ရှင်းလည်းပဲ ငါ့ကို လက်ခံခဲ့တယ်···

ဪ··ရှင်းနဲ့ ငါက ချစ်ရက်ရှည်ရှည်တောင် မနေလိုက်ကြရ ပါဘူး···

ငါ့အတွက် အမှားတစ်ခု ကျူးလွန်မိရက်သားဖြစ်တာကတော့ မေဝင်းလှုံနဲ့ ငါ သိကျွမ်းလိုက်တာပဲ···

ဘုရား··ဘုရား··ကြောက်စရာကောင်းလိုက်တဲ့မိန်းမ···

ရှင်းရဲ့ အဖြစ်ဆိုးတွေကို ငါမသိဘဲ ရှင်းကို ငါ နာကြည်းခဲ့ တယ်···

ရှင်း··ရှင်း··အချစ်ရယ်··မောင်တောင်းပန်ပါတယ် ဆထက် တပိုးလွှမ်းဆွေးမှုတွေနှင့် မောင်တောင်းပန်ပါတယ် အချစ်ရယ်···

ဘယ်တော့ ဘယ်တော့မှ မမေ့ဘူး၊ မမုန်းဘူးအချစ်ရယ်···

မောင့်အတွက် ကံတရားရဲ့ အပြောင်းအလဲတစ်ခုပေါ့၊ ကံကို ရိုးမယ်ချပြီး ဘယ်သူ့မှ အပြစ်မတင်တော့ဘူး အချစ်ရယ်···

ရှင်း··အချစ်ရယ် ရောက်ရာဘဝမှာ ရှင်းအတွက် မောင်



www.burmeseclassic.com

www.burmeseclassic.com



အမှုအတန်း ပေးသွားပါမယ်…

မောင်လည်း လွတ်ကျွတ်ပြီ ရှင်းအတွက် အလှူရေစက် အမြဲတန်း မောင် ပြုပေးသွားမယ်..

ဘဝအဆက်ဆက်၊ ရှင်းနဲ့မောင် ပြန်လည်ဆုံစည်းဖို့…

“ဆရာ…”

အလုပ်သမားလေးတစ်ဦး၏ခေါ်သံကြောင့် သူ့ အတွေးတို့ ပြတ်ကာ လှည့်ကြည့်၏။

“ဆရာ ဖုန်းလာနေလို့ပါ…”

“ဟင်..ဘယ်သူလဲ ဘယ်ကလဲကွာ၊ မရှိဘူးလို့ ပြောလိုက်နိုင်းထားပဲ…”

“ပြောပါတယ်..ဆရာ၊ လွန်ခဲ့တဲ့နှစ်ရက်လောက်ကလည်း အဲဒီ အမျိုးသမီးပဲ ဆက်ပါတယ်…”

“အခုလဲ သူပါပဲ၊ သူ့နာမည်က သက်လျှာရှင်းတဲ့…”

“ဘာပြောတယ်…”

“ဗျာ…”





သူ လန့်သည့်တွင် အလုပ်သမားလေးလည်း လန့်ကြောင် ကြောင်သွားသည်။

“နာမည်က ဘယ်လို…”

“ဟို..သက်..သက်လျှာရှင်းပါတဲ့..ဆရာ..”

“သက်လျှာရှင်း…”

“ဟုတ်ပါတယ်..ဆရာ အခု သူ ဖုန်းချသွားပါပြီ သူမှာခဲ့တယ်….”

“ကျေးဇူးပြုပြီး (…) လမ်းက၊ ခြံနံပါတ် (…) ကို လာခဲ့စေချင်ပါတယ်တဲ့ ဆရာ…”

ဟင်..ရှင်းရဲ့အိမ်ပဲ…

အလုပ်သမားလေးစကားကို နားထောင်ရင်း စိတ်ထဲမှ ရေရွတ်ဖြစ်သည်။

စိတ်ထဲ ဘာကိုယုံ၍ ယုံရမှန်းမသိ တွေးရမှန်းမသိဖြစ်နေရသည်။

“အေးကွာ ခင်းသွားတော့…”

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားလေးကို သူ ဆိုလိုက်သည်။

မရှင်းမလင်းသောစိတ်နှင့်ပင် သူသည်လည်း ရုံခန်းထဲမှ ထွက်သွားလိုက်လေတော့၏။

× × × × ×

ခုတိုင် သူ စကားပြောရန် အသံကမထွက်နိုင်ပါ။

ကြည့်နေမိသည်။

အံ့ဩခြင်း၊ မယုံနိုင်ခြင်းတို့ဖြင့် ကြည့်နေမိသည်။

ယုံကြည်သည်။ လက်လည်းခံသည်။

သို့သော် အံ့ဩကုန်နိုင်ဖွယ် ဖြစ်နေရ၏။

သက်လျာရှင်းကိုလည်း သူ ကြည့်နေမိသည်။

သားအဖနှစ်ဦးစလုံး ပြောသည့်စကားတွေလည်း သူ နားထောင်ပြီးပြီ…။

သူ့ရင်ထဲမှ ဝမ်းနည်းကြေကွဲထိခိုက်မှုသည် အတိုင်းအဆမရှိ။



ချစ်သူ၏အသံ၊ ချစ်သူ၏ခန္ဓာနှင့်ပေမယ့်၊ ချစ်သူ မျက်နှာလေးက မဟုတ်…။

ပြောင်းလဲသွားသော မျက်နှာအသစ်နှင့် ချစ်သူ သက်လျာရှင်း…

မျက်နှာအသစ်သည် မလှ၍မဟုတ်။ လှသည်။ ယခင်မျက်နှာလေးထက် မလျော့သောအလှမျိုးနှင့် လှပါသည်။

သို့သော် ထိုမျက်နှာလေးဆီကြည့်ပြီး သူ့စိတ် သူ့ရင်ဝယ် တွန့်ဆုတ်နေရပါလေ၏။

သူသည် မည်သို့သောလက်ဖြင့် ထိုပန်းတစ်ပွင့်ကို ခူးဆွတ်ဝံ့ပါတော့မည်နည်း။

မဆန့်သောလက်ဖြင့် လှပလန်းဆန်းသော ပန်းဧကရီတစ်ပွင့်အား မခူးဆွတ်လိုတော့။

□ရှင်း ပြောချင်တဲ့ စကားတွေကတော့ ဒါပါပဲရှင်…"

□ရှင်း ရဲ့မျက်နှာက ပြောင်းလဲသွားပြီ ဒါပေမယ့် ရှင်းရဲ့စိတ်ကတော့ ဘယ်တုန်းကမှ လုံးဝမပြောင်းလဲခဲ့ပါဘူးရှင်…



www.burmeseclassic.com

www.burmeseclassic.com



“အင်း..မောင့်သက်ဝင်းရှိန် ဦးလည်းပဲ သမီးကို မြင်တွေ့စေက အစုလိုပဲ ဖြစ်ခဲ့တယ်...”

“မောင်သက်ဝင်းရှိန် စိတ်ထဲလည်း ဦးလိုပဲဖြစ်နေမယ်ဆိုတာ သိပါတယ်...”

“ကဲ..သမီးတို့ချင်းပဲ စကားပြောနှင့်တော့ကွယ်၊ မေမေက သမီးမရှိတော့ဘူးဆိုတဲ့ အချိန်ထဲကတရားစခန်းမှ ဝင်နေခဲ့တာ...”

“အခု ဒီညနေပဲ တရားစခန်းပြန်ဝင်ရမှာမို့ သွားတော့မယ်...”

“မောင်သက်ဝင်းရှိန် ဦးကိုခွင့်ပြုပါဦးကွယ်...”

“ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါဦး...”

ခုတိုင်စိတ်ထဲ လှုပ်ရှားမှုဖြင့် သူဆိုဖြစ်ရသည်။

“မောင်...”

ဖခင်ကြီးထွက်သွားသည်တွင် အေးချမ်းသောအသံလေးဖြင့် ရှင်းခေါ်သည်။

သူသည်ငေး၍သာ ကြည့်နေမိ၏။





သူမှတ်မိသည်၊ မှတ်မိပါသည်။

ရှင်း၏ ရွှေရောင်ဝင်းသော အသားနှင့်အိတွေးသွယ်လျားသော ကိုယ်လုံးလှလှလေး။

ချိုအီအေးမြစွာ ပြောတက်သော စကားသံလေးကလည်း ရှင်း၏ အသံလေးစစ်စစ်ပာ။

ပြီးတော့ မျက်ဝန်းလေးတွေ၊ အကြည့်လေးတွေသည်လည်း ယခင်ကနှင့် ထပ်တူထပ်မျှရှိ၏။

မျက်နှာလေးသည်က အသစ်တစ်ခု။

“မောင်...”

အတွေးဖြင့် မတုန်မလှုပ်ရှိနေဲ ရှင်းသည် သူ့လက်တစ်ဖက်ဆီ ဆုတ်ကိုင်လာသည်။

သူလည်း ရှင်းမျက်နှာလေးဆီကြည့်ကာ ကြေကွဲခြင်း၊ လှုပ်ရှားခြင်းတွေနှင့် ရှိသော်ငြား မည်သို့မျှ မတုံ့ပြန်မိပါလေ။

လည်ချောင်းတစ်လျှောက်မှ နာကျင်စွာတံတွေးတွေကို သူ အကြိမ်ကြိမ်မြိုချသည်။



www.burmeseclassic.com

www.burmeseclassic.com



“မောင်ရယ်၊ မောင်နဲ့ရှင်းတို့ ခုလိုပြန်ဆုံရတာ မောင့်သူငယ်ချင်း ကိုနေမျိုးချုပ်ရဲ့ ကျေးဇူးကြောင့်ပါပဲရှင်…”

ရှင်းဆိုရင်း သူ့ရင်ခွင်တွင်းတိုးဝင်လာသည်။

သူသည် မျက်ဝန်းအစုံမှိတ်ကာ ခေါင်းကိုညိတ်နေမိသည်။

သူ့လက်အစုံကမူ ရှင်း၏ လက်လေးတွေဆီ သာဖွဖွကိုင်ထားဖြစ်၏။

ဖြစ်ကြောင်းကုန်စင်အား ရှင်းပြောပြထဲကပင် သူ့မျက်ဝန်းဝယ် သူငယ်ချင်း နေမျိုးချုပ်အား မြင်ယောင်နေဖြစ်ရသည်ပါ။

ကိုနေမျိုးချုပ်သည် ယောက်ျားပီသသည်။

ထည်ကြည်လေးနက်သည်။

လွန်စွာသစ္စာရှိသည်။

ဖြူစင်လွန်းသော သူငယ်ချင်းကို နေမျိုးချုပ်၏ မေတ္တာစေတနာများအား သက်ဝင်းရှိန်သည့် ဆွတ်ဆွတ်နူးနူး ဆင်ခြင်မှုတွေဖြင့် မြင်ယောင်ရပါလေ၏။

မိတ်ဆွေကောင်း ကိုနေမျိုးချုပ်။

ရင်ထဲ သူ ရေရွတ်ခေါ်သည်။





သက်လျာရှင်းသည် သူ့ရင်ခွင်တွင်းရှိကာ ချစ်သူမေးအောက် မျက်နှာလေးအပ်ရင်း စကားတွေဆို၏။

“ကိုနေမျိုးချုပ်ဆိုတာ မောင်နှင့်ရှင်းတို့အတွက် ရသက်လုံး မိတ်ဆွေကောင်းပဲ…”

“ရှင်းကို ညီမလေးတစ်ယောက်လို စောင့်ရှောက်တယ်…”

“ဒီကနေ့အထိ ရှင်း သူနှင့်တွေ့ပြီး စကားမပြောဖူးသေးဘူး မောင်…”

“မောင့်ရဲ့ အကြောင်းတွေနဲ့ မောင့်ရဲ့ခံစားချက်တွေကို လည်း ဘဘ ကနေတစ်ဆင့်ပဲ ရှင်း သိအောင်ပြောပြစေတယ်…”

“ရှင်းရဲ့ အခြေအနေတွေကို ဆရာကြီး အဘဦးဖိုးရှမ်းဆီကပဲ မေးတယ်၊ ညွှန်ကြားတယ်လေ…”

“ရှင်း အိမ်ပြန်ရောက်နေတာ တစ်ပတ်ရှိပြီ မောင်…”

“မောင့်ဆီကို ချက်ချင်းဖုန်းဆက်ချင်ပေမဲ့ မေမေ့ကိုလည်း ရှင်းပြရသေးတယ်လေ…”

“ဘဘကလည်း ကိုနေမျိုးချုပ် ညွှန်ကြားတဲ့အတိုင်းပေါ့ရှင်



www.burmeseclassic.com

www.burmeseclassic.com



အပိုမလုပ်ဘူး…”

ရင်တွင်းမှ နက်ရှိုင်းစွာ သူ နားထောင်ဖြစ်သည်။

ပြီးတော့ ရှင်း မျက်နှာလေးဆီ သူ လက်ဖဝါးတွေနှင့် ဖူး

ယူကာ သူ ကြည့်လိုက်သည်။

“မောင်··ဘာကြည့်တာလဲဟင်၊ ရှင်းရဲ့ မျက်နှာပြောင်းလွဲ

သွားလို့ မောင် မချစ်တော့ဘူးလား…”

“အဲဒီလို ရက်ရက်စက်စက်တော့ အထင်မလွဲလိုက်ပါနဲ့

ကွယ်…”

“ဟင်း··ပြောရရင် ရှင်းက အစုတိုင် ဖြူစင်ရှင်းသန့်တဲ့

ပန်းလေးတစ်ပွင့်ပါ…”

“မောင်က··မောင်ကလေ…”

“မောင်က ဘာဖြစ်လို့လဲဟင်…”

“ဖြူစင်လှပတဲ့ ပန်းပွင့်လေးတစ်ပွင့်ကို ချူးဆွတ်ရမယ့်

မောင့်လက်တွေက အရင်လိုမှ မသန့်တော့တာ…”

“ဒီလိုမပြောပါနဲ့ မောင်၊ ချစ်လမ်းခရီးဆိုတာ ဘယ်သူ



ဘယ်တုန်းကမှ ဖြောင့်ဖြူးတယ် မရှိခဲ့ပါဘူး…”

“မေဝင်းလှဲ့နဲ့ ကိစ္စတွေကို…”

“တော်ပါတော့ဗျာ၊ မောင်··မောင် အဲဒီနာမည်ကိုတောင်

ကြားနိုင်စွမ်းအား မရှိပါဘူး၊ မပြောပါနဲ့တော့ကွယ်…”

“အင်း··ပြီးခဲ့တာတွေ မပြောကြေး၊ မေ့လိုက်ကြရအောင်

မောင်…”

“ဒါပေါ့ဗျာ··မေ့လိုက်ရတာပေါ့…”

ထိုစကားအား ရင်ထဲထိမိုက်နာကျင်စွာ ဆိုသည်။

“ရှင်း…”

“ရှင်··မောင်…”

“မောင့်ကိုရော၊ ရှင်း အရင်လို ချစ်သေးရဲ့လား…”

“မောင်ဟာ ရှင်းရဲ့ ထာဝရမောင်ပါ၊ ဒီမျက်နှာကြောင့်

မောင့်အချစ်ပေါ့သွားမှာတောင် စိုးရိမ်နေတာပါ…”

“အချစ်ရယ်…”

ထိုစကားအတွက် သူ့ရင်ထဲ ဆတ်ဆတ်ခါ နာကျင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သတိလက်လွှတ် ရှင်း ခန္ဓာကိုယ်လေးအား ထွေးပွေ့မိသည်ကို သူ ထိန်းချုပ်ရသည်။

သို့ရင်ထဲမှာတော့။

အချစ်ဆုံးရေ မောင် ရင်နာတယ်ကွယ်၊ ဒါပေမယ့် မောင် ကျေနပ်ပါတယ်…

မောင့်ဘဝမှာ အချစ်ဆုံးမိန်းမချောကို မောင် တွေ့ခဲ့ရပြီး၊ သစ္စာရှိဆုံး မိန်းမတစ်ယောက်ရဲ့ အချစ်ကိုလည်း မောင် ခံရလို့ ပြည့်စုံပါပြီလေ…

သူ့ရင်ထဲမှာ ကြင်နာစွာ ဆိုဖြစ်ခြင်းပါ။

သည့်နောက်မှာတော့ သူသည် ရင်ခွင်ထဲမှ ချစ်သက်လျာ ရှင်းအား ညင်သာစွာ ဖယ်ခွာလိုက်ပြီး…

“ကဲ…ရှင်းရေ၊ မောင် အစည်းအဝေးရှိလို့ သွားရဦးမယ်၊ မောင်တို့ ကိစ္စတွေ နောက်မှပဲ ပြောကြရအောင်နော်…”

“မောင် ရှင်းကို ဖုန်းဆက်မယ်၊ ချုပ်နဲ့လည်း မတွေ့တာ တစ်ပတ်ရှိပြီ၊ မောင်လည်း မအားလို့ပါ…”





“အစည်းအဝေးချိန်နီးလို့ မောင် သွားလိုက်ဦးမယ်နော်…”

“ဟုတ်ကဲ့…မောင်…”

ဆိုသာဆိုရသည် နားမလည်သော မျက်ဝန်းလေးများဖြင့် ချစ်သူထံ ရှင်း ကြည့်နေမိသည်။

တဆက်တည်းလည်း ရှင်း ရင်ထဲ ဝမ်းနည်းသွားသလို ခံစားရသည်။

သက်ဝင်းရှိန်သည် ရှင်း မျက်နှာလေးကို အတန်ကြာကြာ ငေးကြည့်ပြီးမှ အကြည့်ကိုလွှဲကာ ထွက်သွားလိုက်လေ၏။

“မောင်…”

ကားတံခါးဖွင့်ရင်း သူ ရှင်းထံ ပြန်ကြည့်သည်။

“မောင် ရှင်းဆီ ဖုန်းဆက်နော်…”

“ဆက်မှာပေါ့…ရှင်း…”

“မောင်…ဒီည လာဦးမလားဟင်…”

“အစည်းအဝေး စောစောပြီးရင် လာခဲ့မယ်…”

“ရှင်း…မောင့်ကို စောင့်နေမယ်နော်မောင်…”



www.burmeseclassic.com

www.burmeseclassic.com



သူ ရှင်းကို ကြည့်ရင်း ခေါင်းညိတ်သည်။ သည့်နောက်ကားပေါ် သူ တက်ကာ မောင်းထွက်သွားလိုက်လေ၏။

ရှင်းကား ချစ်သူမောင် ကားနောက်မြီးလေးဆီ ငေးကြည့်ရင်း…

မရှင်းမလင်းသော ရင်တခုန်ခုန်ရှိကာ ရင်အစုံဖြင့် ထိထိမိုက်မိုက်ရှိကျွန်ရစ်ခဲ့ရပါလေသတည်း။ ။

T G U



**- နှစ်ဆယ့်နှစ် -**

ဆယ်ရက်ခန့်ကြာပြီး။

ကိုယ်ရောစိတ်ပါ အလုပ်တွင် မြှုပ်နှံထားဖြစ်သည်။

သည်ရက်များအတွင်း အလုပ်တွေကလည်းများသည်မှာ အမှန်။

သည်နေ့ဖြင့် မိမိကုမ္ပဏီမှ ဝန်ထမ်းကြီးသက်သက် တစ်ပတ်တစ်ခါအစည်းအဝေးမျှသာရှိသည်မို့…

အစည်းအဝေးပြီးသည့်တွင် သူ အနားယူဖြစ်ရသည်။

အနားယူမည်ကြံတိုင်း စိတ်သည် တစ်နေရာသို့ရောက်သွားချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရာကို သူ မဖြစ်ချင်ဆုံး။

ကိုယ်နှင့်စိတ်ကို သူ လုံးဝအနားမပေးချင်…

ဖြစ်နိုင်လျှင် အလုပ်တွေနှင့် လူတွေနှင့်သာ အချိန်ပြည့် စကားတွေပြောချင်နေသည်။

စိတ်တွေမှာ လုံးဝတိုမငြိမ်သက်…

အကြောင်းအရာတွေကို သူ သိချင်သည်။ သိလည်း မသိချင်…

ဖုန်းလည်းဆက်ချင်သည် ဆက်လည်းမဆက်ချင်…

ဟင်း…

နောက်ဆုံး သက်မမောကို ချဖြစ်ရသည်။

ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ကြည့်တော့ ကိုယ် တကယ်ပင် ပန်းနေသည်။

ရုံးခန်းထဲဝင်ပြီး တစ်ကိုယ်တည်း ထိုင်လိုက်သည်နှင့်ပင် စိတ်အာရုံများသည် ဦးတည်မှုတစ်ခုဆီ ပြေးလွှားသွားတော့၏။

ငါ့မိတ်ဆွေ ရှိန် နှင့် သူရဲ့ကြင်ရာ သက်လျှာရှင်းတို့





နှစ်ယောက်ရဲ့ဘဝ အခုဆို သာယာအေးချမ်းမှုတွေနဲ့ ပျော်ရွှင်နေကြပြီပေါ့…

အင်း…တစ်ဦးနှင့်တစ်ဦး အကြောင်းရှိရင် နောက်ဆုံးတော့ ပြန်ဆုံဆည်းကြရတာပဲ မဟုတ်လား…

အခုအချိန်က မင်္ဂလာကိစ္စတွေနဲ့ အလုပ်တွေရှုပ်နေကြမှာ ဆိုတော့ ငါလည်း ဖုန်းမဆက်သင့်ပါဘူးလေ…

ပြီးတော့ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော် အလုပ်မျိုးလည်း ငါမဖြစ်လိုဘူး…

ငါ့ရဲ့ သူတို့အပေါ် ကူညီမှုက စင်းလုံးချောဖြစ်စေရမယ်..

ဟင်း..

အတွေးတွင် သက်မမောကို ချဖြစ်ရပြန်သည်။

ဘာကြောင့်မှန်းမသိ နေသာနေရသည် ရင်တစ်ခုလုံးသည် တင်းကြပ်ကြပ်ရှိနေရ၏။

အဖြေကို သူ မရှာချင်။

လူသည် မိမိကိုယ်မိမိ လိမ်ညာ၍ မရသည်က အမှန်…



www.burmeseclassic.com

www.burmeseclassic.com



•

သို့သော်..တန်ဖိုးရှိသောလူသည် လူ့စည်းကမ်းနှင့် စိတ်ကို ဥပေက္ခာပြု လျစ်လျူရှုပစ်နိုင်ရချေ၏။

သည့်အတွက် ရင်ဝယ်ဝေဒနာတစ်ရပ်အား ခံစားနေရသည့် တိုင် စိတ်သည် ကျေနပ်မှုအပြည့်အဝ ရှိ၏။

မှန်သည်။

ချုပ် ကုမ္ပဏီလီမိတက်ပိုင်ရှင်ကြီး ကိုနေမျိုးချုပ်ရယ် ပါတည်း...

စကာနဦးတည်းက သူ့ ရည်ရွယ်ချက်ကလည်း သည်သို့သာ ရှိထားပြီးဖြစ်သည်မို့ သူ မြေသာပါ၏။

မိတ်ဆွေကောင်းတစ်ဦးဘဝ စိုပြေသာယာမှု အတွက် သူ ဝမ်းမြောက်ရ၏။

သူ၏နှလုံးသားသည်းပွတ်သည် သွေးတို့ဖြင့်ယိုစိမ့်နေသည့် တိုင်ထိုသွေးများသည် သန့်စင် ခွန်အားရှိသော သွေးတွေပါ။

သူ မညာချင်ပါ။

အထူးသဖြင့် သူ့ ကိုယ်သူ မညာချင်။





သူ ဝန်ခံပါသည်။

သက်လျှာရှင်းကို သူ ချစ်မိသည်။

သက်လျှာရှင်းသည် သူတစ်ပါး၏ ချစ်ဇနီးလောင်း ဆိုသည် ကို သူသိသည်။

ထိုသို့ သိလျက်နှင့်ကို သူနှင့်စစဦး သက်လျှာရှင်းနှင့် တွေ့ဆုံ မိတ်ဆက်ပေးခဲ့သည့် အချိန်မှစ၍...

သက်လျှာရှင်း၏ ကျက်သရေနှင့် သိမ်မွေ့နုနယ် လှပမှု အဆင်းလေး၌ သူသည် မြှတ်မြတ်နိုးနိုး ရှိမိခဲ့ပါ၏။

သြော်..အချစ် ဖြစ်ပေါ်မှုသည် ထူးဆန်းအံ့သြစရာပေပဲဟု ထိုစဉ်က သူ ခံစားလက်ခံလိုက်ရ၏။

သက်လျှာရှင်းကို သူ ချစ်သည်။

သက်လျှာရှင်းကို သူ အလွန်တရာ မြတ်နိုးစွဲလမ်းပါသည်။

သို့သော်...

ဘဝတစ်ကွေ့ဝယ် ဆုံစည်းခဲ့ရလေသော သက်လျှာရှင်း အဖြစ်ဆိုးနှင့် သူ့လက်ထဲ ရောက်လာသော သက်လျှာရှင်းကိုမြင်...



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖြူစင်သော၊ ငြိမ်းချမ်းသော၊ ထက်သန်သော မေတ္တာစိတ်ဖြင့်သာ…

အများအယွင်း စိုးစဉ်းမျှမရှိစေဘဲ ကြည့်ရှုစောင့်ရှောက် ကူညီသမှု ပြုပေးခဲ့သည်ပါလေ။

အခါအခွင့်ရ၍ ရိုးတိုးရိပ်တိပ် ချစ်စကားကိုဖွင့်ဟရန် ဝေးလို့ သက်လျာရှင်းနှင့် သူသည် လူချင်းပင် ဘယ်အခါကမှအတွေ့ မခံပါ။

ချစ်သူငယ်ချင်း လက်ထဲ ပြန်အပ်သည့်အချိန်အထိ…

သက်လျာရှင်းနှင့်သူ လူချင်းမဆုံခဲ့…

စကားတစ်ခွန်း မဆိုခဲ့…။

□ဟင်း…"

အတွေးတို့နှင့် လှပလိုက်ဖက်သော သူငယ်ချင်းတို့ မောင်နှံစုံတွဲလေးကို မြင်ယောင်ကာ သူသည် ပီတိဖြစ်ရပါလေ၏။

သူသည် အဘဦးဖိုးရှမ်းနှင့် မတွေ့ဖြစ်သည်မှာ ဆယ်ရက်ခန့် ရှိပြီ…။

အိမ်ကိုလည်း သူ မပြန်။ ကုမ္ပဏီတွင်ပင် အလုပ်တွေလုပ်ရင်း





သူ နေနေခဲ့သည်။

ယခင်ဆို အလုပ်နားရက်များတိုင်း၌ သူ အိမ်တွင်ပင် နေတတ်ခဲ့သည်။

ယခုမူ သူသည် ကုမ္ပဏီရုံးခန်းအတွင်းတွင်သာ ရှိနေလေ၏။ သူသည် တည်ငြိမ်နေသော်ငြား စိတ်သည် မတည်ငြိမ်…၊ သို့သော် ဥပက္ခာပြု၍နေသည်။

□ကရင်း…ရင်း…ရင်း…"

ဥပက္ခာပြုသလို၊ ဘယ်လိုဖြစ်နေမှန်း မသိအောင်ဖြစ်ဆဲ စားပွဲထက်မှ ဖုန်းမြည်သံလေးက ထွက်ပေါ်လာ၏။

အမြန်ဆုံးပင် သူ ဖုန်းလေးကို လှမ်းယူနားထောင်လိုက်သည်။

□ဟယ်လို…ကျွန်တော် နေမျိုးချုပ်ပါ…"

□ချုပ်…ကိုယ်လေ၊ ရှိန်ပါ…"

□ဪ…ရှိန် ပြော၊ ဘာကိစ္စရှိလဲ သူငယ်ချင်း…"

□အင်း…ချုပ် ကိုယ်အချိန်မရဘူး…"

□အပျွန်း…အပျွန်း၊ သိပါတယ်ဗျာ၊ အလုပ်တွေများနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ…”

“မဟုတ်ဘူး ချုပ်၊ ကိုယ်အခုဖုန်းဆက်တာ လေဆိပ်ကနေ

ဆက်နေတာ…”

“ဟင်…ဘယ်လို၊ လေဆိပ်က…”

“အင်း…ကိုယ် တစ်နာရီဖလိုက်နဲ့ ထွက်တော့မယ်၊ အပြီး

ထွက်တော့မယ် ဆိုပါတော့…”

“ဩော်…ဟုတ်လား၊ အင်းပေါ့လေ မဝင်းလှဲ့ကိစ္စတွေက

ရှိတော့ ရှိန်တို့မီးမောင်နံ့အတွက် ပတ်ဝန်းကျင်ကဲ့ရဲ့စရာတွေဖြစ်…”

“မဟုတ်ဘူး ချုပ်၊ ချုပ်ပြောတာ တစ်ခုမှမဟုတ်ဘူး…”

တစ်ဖက်မှ သက်ဝင်းရှိန် စကားများအတွက် နေမျိုးချုပ်

မျက်မှောင်တွန့်သွားရသည်။

တွေးမရဖြစ်ဆဲ တစ်ဖက်က ရှိန်ထံမှ စကားတွေဆက်ကြားရ

၏။

“ချုပ်၊ မဝင်းလှဲ့အတွက် နှစ်နာကြေး တစ်ဝက်ကိုပေးခဲ့ပြီး

ကျန်တဲ့ကိုယ့်ရဲ့ကုမ္ပဏီကိစ္စလုပ်ငန်း အဝဝတွေကို ချုပ်ပဲ ဦးစီးလုပ်ကိုင်





သွားဖို့အတွက် ချုပ်အမည်နဲ့တရားဝင် ကိုယ်အားလုံး လွှဲအပ်ခဲ့ပါ

တယ်…”

“ဗျာ…ဟာ…ရှိန်…”

“နားထောင်ပါ ချုပ်၊ တစ်နည်းပြောရရင် ချုပ်နဲ့သက်လျှာရှင်း

တို့အတွက် ကိုယ့်ရဲ့လက်ဖွဲ့ပါပဲဗျာ…”

“ဟာ…ဟာ…ရှိန်…ရှိန်၊ ခင်ဗျား ခင်ဗျား ဘာတွေပြောနေ

တာလဲဗျာ…”

“ချုပ် ကိုယ့်ရဲ့ဆုံးဖြတ်မှုက အမှန်ကန်ဆုံးပါ…”

“မဟုတ်တာ၊ ကျွန်တော်နဲ့ သက်လျှာရှင်းက စကားတောင်

သုံးခွန်းပြည့်အောင် မပြောဖူးဘူး၊ ရှိန် ခုလိုလုပ်တာတော့…”

“တောင်းပန်ပါတယ် ချုပ်၊ ကျေးဇူးပြုပြီး ရှင်းကိုလက်ထပ်

ပါ၊ ချစ်ခွင့်တောင်းပြီးလက်ထပ်ပါ…”

“တကယ်တော့ ရှင်းနဲ့ ချုပ်ကမှ တကယ့်ကို အကြောင်းပါ

ပြီး ပေါင်းရမယ့်သူတွေပါ…”

“ကိုယ်က…ကိုယ်က…”



www.burmeseclassic.com

www.burmeseclassic.com



“အိုးဗျာ..ခင်ဗျား မဖြစ်နိုင်တာတွေ မပြောနဲ့ရှိန်၊ ခင်ဗျားနဲ့ သက်လျာရှင်းတို့က ချစ်ဦးသူတွေပါ...”

“ခင်ဗျား ဒီလိုလုပ်ဖို့တော့ မသင့်ဘူး...”

“ဘာလဲ..ခင်ဗျား ကျွန်တော်နဲ့ သက်လျာရှင်းကို သံသယဖြစ်သလား...”

“ဟား..ချပ်ရယ် ဒီလိုမမေးလိုက်ပါနဲ့၊ ချပ်ဟာ စီးပွားရေးပြိုင်လုပ်မှ သိရတဲ့မိတ်ဆွေတစ်ယောက်ဆိုပေမယ့်...”

“ချပ်ဟာ တကယ့်မိတ်ဆွေစစ် မိတ်ဆွေကောင်းတစ်ယောက်၊ ဒီလိုလူမျိုးကို ဘယ်တော့မှ ရှာမတွေ့တော့ဘူး၊ အဲဒီအတွက် ချပ်ကို ကိုယ်ဟာ ကိုယ့်ရဲ့ညီအစ်ကိုရင်းတမျှ ချစ်ခင်အားကိုးယုံကြည်သွားရတယ်...”

“အဲဒါကြောင့်လည်း တင့်တယ်လှန်းတဲ့ သက်လျာရှင်းကို ချပ်ရဲ့လက်တွင်း ပြန်အပ်ခဲ့တာပါ...”

“စဉ်းစားကြည့်ပါဦး ချပ်၊ ကိုယ့်ရဲ့လက်ဟာ နှစ်လည်းမနှစ်သက်ပါပဲနှင့် မခူးသင့်တဲ့ပန်းကို ခူးမိသွားရပြီ...”





“အဲဒီလက်နဲ့ ကိုယ်အင်မတန် နှစ်သက်လှန်းတဲ့ ပန်းကလေးကို ကိုယ်ပြန်မခူးရက်တော့ဘူး ချပ်...”

“တင့်တယ်တဲ့ သူ့ဘဝကို မစင်ကြယ်တဲ့ ကိုယ့်ဘဝနဲ့ မပေါင်းစပ်နိုင်တော့ဘူး၊ သူ့ကိုမနှစ်နာစေချင်ဘူး၊ သူ့ရဲ့မွန်မြတ်တဲ့ဘဝနဲ့ ထိုက်တန်တဲ့သူဟာ ချပ်ရဲ့မြင့်မြတ်တဲ့ ဘဝနဲ့သာပါပဲဗျာ...”

“ရှိန်...ခင်ဗျား...”

“မပြောပါနဲ့တော့ ချပ်၊ ကိုယ်အားလုံး စီစဉ်ခဲ့ပြီးပါပြီ၊ မကြာခင် ရှေ့နေတွေအားလုံး ချပ်ဆီကိုရော ရှင်းဆီကိုပါရောက်လာကြတော့မှာပါ...”

“ချပ်..ချပ်၊ ခင်ဗျားဟာ ကျွန်တော့်ရဲ့ အချစ်ဆုံးသူငယ်ချင်း၊ သစ္စာအရှိဆုံး မိတ်ဆွေကောင်းတစ်ယောက်၊ သက်လျာရှင်းဟာ ကျွန်တော့်ရဲ့ အသန့်ရှင်းဆုံးချစ်သူ၊ ကျွန်တော်အနှစ်သက်ဆုံးချစ်သူ...”

“ချပ်..ကျွန်တော်သွားတော့မယ်၊ ကျွန်တော့်ကိုကူညီတဲ့အနေနဲ့ နောက်ပိုင်းကိစ္စတွေကို...”

“ကျောက်...”



www.burmeseclassic.com

www.burmeseclassic.com



တဖက်မှ သက်ဝင်းရှိနံ့စကားမဆုံး။

မှန်သည်။

နေမျိုးချုပ်သည် ဖုန်းလေးအား ကျောက်ကနဲချကာ နေရာမှ ဝုန်းကနဲထ၍ လျှပ်ပြက်သလို အခန်းထဲမှထွက်ကာ…

ကိုမွကြီးရှေ့မှ ကားလေးအား လေအလျှင်ကဲ့သို့ မောင်းနှင်ထွက်သွားလိုက်ပါလေတော့ သတည်း။

× × × × ×

ကားလေးသည် လေးမှလွှတ်သည့်မြားတစ်ဆင်းနှယ် လေအလျှင်ကို ခွင်း၍နှင်သလိုရှိ၏။

မှန်သည်။

သက်လျာရှင်းမောင်းသော ကားလေးရယ်ပါတည်း။

သက်လျာရှင်းအဖို့ ငိုရမလား၊ ရယ်ရမလား၊ ရှက်ရမလား လန့်ရမလား မဆိုနိုင်…





လှပသော မျက်နှာလေးထက်တော့ မျက်ရည်စီးကြောင်း နှစ်သွယ်သည် ဖြစ်ထွန်းနေ၏။

သက်လျာရှင်း၏ နားထဲမတော့…

ရှင်းရေ ရှင်းအပေါ် မောင့်အချစ်တွေကို သံသယမြူမှုန် မထင်ပါစေနဲ့ကွယ်…

ရှင်းကို သိပ်ချစ်ရလွန်းလို့ မောင်အရူးလိုဆုံးဖြတ်ရတာပါ…

မြင့်မြတ်သန့်စင်လွန်းတဲ့ ရှင်းရဲ့ဘဝကို ညစ်နွမ်းတဲ့ မောင့်ဘဝထဲ မစွန်းပါရစေနဲ့တော့ အချစ်ရယ်…

ဒီတော့ မောင် အကြံပြုခဲ့ပါရစေ၊ မောင်တိုက်တွန်းခဲ့ပါရစေ၊ ရှင်းရဲ့ အထိုက်တန်ဆုံး ဘဝပိုင်ရှင်ဟာ မောင့်ရဲ့ သူငယ်ချင်း ကိုနေမျိုးချုပ်ပါပဲ ရှင်း…

သူဟာ ယောက်ျားကောင်းတစ်ယောက်၊ ယောက်ျားကောင်းဟာ မိန်းမကောင်းကို နှစ်သက်စမြဲပါပဲ…

သူဟာ ရှင်းကို နှစ်သက်မြတ်နိုးမယ်ဆိုတာ မောင် အကြွင်းမဲ့ယုံကြည်တယ် ရှင်း…



www.burmeseclassic.com

www.burmeseclassic.com



ရှင်း မောင် အချိန်မရတော့လို့ တိုတိုနဲ့လိုရင်းပြောရရင် ရှင်းနဲ့ကိုနေမျိုးချုပ်အတွက် မောင့်လုပ်ငန်းအားလုံးကို လက်ဖွဲ့ခဲ့ပါတယ်…

သူ့ဆီလည်း မောင်ဖုန်းဆက်ပြီးပါပြီ၊ မောင် အခု တစ်နာရီခွဲ ပလိုက်နဲ့ မြန်မာပြည်ကနေ အပြီးထွက်ခွာပါတော့မယ်…

ကျွန်တော့်ကို ခွင့်လွှတ်ပါ ရှင်း…

ရှင်းနဲ့ ချုပ်ကို အမြဲတမ်း ကျွန်တော် သတိရနေပါမယ်ဗျာ…

□အဟင့်··အဟင့်…"

စောစောကတင်မှ လေဆိပ်မှ ဖုန်းဆက်ပြောသည် ကိုသက်ဝင်းရှိန်စကားတွေက သက်လျာရှင်း နားထဲလျှံနေသည်ပါ။

ရင်ထဲမှလှိုက်ကာ မျက်ရည်တွေမှာ အလိုအလျောက်စီးကျနေရသည်။

□ဟင့်··ဟင့် မောင်ဘာလို့ ဒီလိုလုပ်တာလဲ၊ မောင်ဘာလို့ ဒီလိုဆုံးဖြတ်တာလဲ…"

ကိုနေမျိုးချုပ်နဲ့ ရှင်းက စကားသုံးခွန်းပြည့်အောင်တောင်





မပြောခဲ့ဖူးဘူး…

ခုတော့ မောင်က၊ အိုး··ကိုသက်ဝင်းရှိန်ရယ်၊ ရှင်းရဲ့ဘဝကို ရှင်ဘယ်လိုဖြစ်အောင်လုပ်ခဲ့တာလဲ…

ကိုနေမျိုးချုပ်နဲ့ ရှင်းက တစ်ခါမှအဆက်အစပ်မရှိခဲ့ဘာ…

ကိုသက်ဝင်းရှိန်ရယ် ဒီကိစ္စတွေအတွက် ရှင့်ဘဝတို့ အစတည်းက ဆွေးနွေးသင့်တယ်…

ခုတော့ အနိုးကပ် ရှင်စီစဉ်သွားတယ်၊ ရှင့်သဘောနဲ့ရှင် စီစဉ်သွားတယ်…

ရှင်က စီစဉ်သွားတယ်…

တဖက်ကလည်း ကျွန်မရဲ့ကျေးဇူးရှင်…

ပြီးတော့ သူ့ဖက်က ကျွန်မ အပေါ်၊ အိုး··တွေးရဖို့တောင် ကျွန်မ ရှက်ပါရဲ့ရှင်…

ရှိုက်သံပင် မထွက်နိုင်၊ မျက်ရည်များသာ တသွင်သွင်စီးဆင်းရင်း၊ ရှက်လန့်လှုပ်ရှားရမည့် အတွေးတို့ဖြင့်…

သက်လျာရှင်း ဆောင်းသော ကားလေးသည် လေဆိပ်သို့ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့လေပြီဖြစ်သတည်း။

ကားတစ်စီးနောက်နားတွင် သက်လျှာရှင်းသည် ကားလေးကို ထိုးရပ်လိုက်သည်။

ပြီးတော့ မျက်ရည်တွေကိုသုတ်ပစ်ပြီး ကားပေါ်မှဆင်းကာ လေဆိပ်အဆောက်အဦးအတွင်းသို့ သက်လျှာရှင်း ပြေးဝင်ခဲ့သည်။

လေဆိပ်ထဲတွင် လူတွေပင်ရှင်း၍နေလေပြီ။

မှန်သည်။

ပြည်ပထွက်သည့် လေယာဉ်သည်စောစောကပင် ထွက်သွားလေပြီ မဟုတ်ပါတကား…

သက်လျှာရှင်းသည် ဘယ်ကြည့်ရမှန်းမသိအောင် နေရာလေးတွင် ခြေစုံရက်၍ရှိနေရလေ၏။

မည်မျှကြာအောင် ရပ်နေမိသည်မသိ။ နေရာလေးတွင် ခြေစုံရပ်လျက် ရှိနေရလေ၏။

မည်မျှကြာအောင် ရပ်နေမိသည်မသိ။

မိမိ၏ လက်ဖဝါးလေးဆီ ဆွဲယူလာသည့် အတွေ့တစ်ခု





ကြောင့် သတိဝင်ကာ ကြည့်မိလေမှ…

“ဟင်…ကိုနေမျိုးချုပ်…”

“ဟုတ်ပါတယ်…ကိုယ်ပါ၊ ရှင်း…ကိုယ်လည်း နောက်ကျ

သွားတယ်၊ အမှီလာတာ သူ့ကို ကိုယ် မတွေ့လိုက်ရတော့ဘူး…”

“ရှင်း ဝင်လာတာကိုလည်း ကိုယ်တွေ့တယ်လေ…”

သူ့ စကားတွင် ရှင်း မျက်ရည်တွေဝဲလာသည်။

သူသည် ရှင်းထံ ငေး၍ကြည့်နေ၏။

ပြီးမှ သူ့လက်ထဲမှ ဆယ်လူလာဖုန်းလေးကိုဖွင့်ကား သူ

ဖုန်းဆက်သည်။

“မောင်ထွေးလား၊ အေး မင်းနဲ့ ဦးစိန် လေဆိပ်ကို ကုမ္ပဏီမှ

အားတဲ့ကားတစ်စီးနဲ့ အခုချက်ချင်းထွက်လာခဲ့ကွာ…”

“ပြည်ပထွက်တဲ့ အဆောက်အဦးရှေ့မှာ ကိုယ့်ရဲ့ကားရပ်

ထားတယ်…”

“ကားသော့ကို ဘယ်ဘက်ဘီးအောက်မှာ ထားခဲ့မယ်…”

“မောင်ထွေးက ကားကို ကုမ္ပဏီပြန်မောင်းယူသွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



"နော်.ဒါပဲကွာ..."

စကားအဆုံး သူ ဖုန်းလေးကို ပိတ်လိုက်သည်။

ပြီးတော့ သက်လျာရှင်းထံ ကြည့်သည်။

သက်လျာရှင်းသည် သူ့အား အံ့သြသော မျက်ဝန်းပြာပြာ လေးတွေနဲ့ ကြည့်နေဆဲပါ။

သည့်နောက် သူ စကားမဆို။

ရှင်း လက်ကလေးကိုဆွဲကာ ရှင်း ကားလေး ရပ်ထားရာ ဆီသို့ လှမ်းခဲ့လိုက်လေသည်။

သူက သူ့ကားရပ်ထားရာဆီသို့ တစ်ချက်သွားသည်။

မကြာလိုက်ပါ။ သူ ပြန်လာပြီး ရှင်း၏ ကားမောင်းမည့်နေရာ တွင် သူ ဝင်ထိုင်လိုက်၏။

သည့်နောက် နေရာမှ သူ ကားလေးကို မောင်းထွက်ခဲ့လိုက် သည်။

နေမျိုးချုပ်သည် ကားကို မနှေးမမြန်မောင်းနှင်ခဲ့သည်။

ငြိမ်သက်စွာရှိနေသည့် ရှင်း တစ်ယောက် ရင်ထဲ ဘာတွေဖြစ်





နေမည်ကို သူ သိသည်။

ကားကို မောင်းနေဆဲမှ တစ်နေရာတွင် ကားလေးကို မောင်းနှင်ခဲ့သည်။

ထိုအခါ ရှင်းသည် လှပစိုဝေသော မျက်ဝန်းပြာလေးတွေနှင့် သူ့ထံ ကြည့်လာသည်။

ရှင်းထံမှ စကားသံသည် တစ်ခွန်းမျှ ထွက်ပေါ်လာခြင်း မရှိသေးပါလေ။

ကိုနေမျိုးချုပ်သည်လည်း ရှင်း မျက်နှာလေးဆီ အလေးနက် ဆုံးကြည့်၏။

အတန်ကြာကြည့်နေပြီးမှ...

"ရှင်းကို သိပ်ချစ်တယ်ကွယ်..."

"ဒီနေ့ရဲ့ အခုအချိန်အစဉ်က ရှင်းနဲ့မောင် တရားရုံးသွားပြီး လက်ထပ်ဖို့ပဲ..."

ရှင်းထံ စေ့စေ့ကြည့်ကာ သူ ဆိုသည်။

သည့်နောက် သူသည် ရှင်းအား ရင်ခွင်ထဲ ထွေးထွေးစွာ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲသွင်းထွေးပွေ့ထားလိုက်သည်။

ရှင်း၏ မျက်ဝန်းမှ အရည်ကြည်တို့သည် ပြိုဆင်းလာ၏။

သို့သော် သူ့ရင်ခွင်ထဲတွင် ရှင်းသည် အလိုက်သင့်ရှိနေသည်ပါ။

သူတို့ကိုယ်စီ တိတ်ဆိတ်စွာ ရှိနေကြသည်။

သို့သော် သူတို့ကိုယ်စီ ရင်ထဲတွင်ကား…

မိမိတို့၏ ချစ်ခရီးလမ်းသည် ထူးခြားဆန်းပြားလေသော ချစ်ခရီးလမ်းပါပေဟု…တူညီသောအတွေး ခံယူချက်တွေနှင့်ရှိနေသည်က မုချပါပေတည်း။ ။

ပြီးပါပြီ

ဆောပြည့်ရတနာ

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | (၂၇၀/၂၀၀၂) (၃) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | (၃၂၀/၂၀၀၂) (၄) |
| ကွန်ပျူတာစာစီ | AYE |
| ဒီဇိုင်း | D'VALLEY |
| ထုတ်ဝေခြင်း : | ပထမအကြိမ်၊ |
| | ၂၀၀၂၊ ဧပြီလ |
| တန်ဖိုး | (၃၀)ကျပ် |
| စာအုပ်ရေ | (၅၀၀)အုပ် |

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ ဦးတင့်လွင် (သော်တာစာပေ)
အမှတ် (၆၀၅)၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ ဒေါ်ခင်ခင်ဝင်း
ကလျာပုံနှိပ်တိုက်
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး စောပြည့်ဝန်းစာပေ
အမှတ်(၁)၊ ၁၅၁လမ်း
ကျောက်မြောင်း၊ တာမွေ
ရန်ကုန်မြို့
၀၁-၅၄၉၂၇၀

www.burmeseclassic.com